


တက္ကသိုလ်

# ဝင်းကြွယ်

သိုင်းရေးခုနှစ်သွယ် ဓါးနတ်မယ်

၂+၃ ပေါင်းချုပ်

# တက္ကသိုလ် ဝင်းကြွယ်

## သိုင်းရေးခုနှစ်သွယ် ဘေးနုတ်မယ်

(ဒုတိယမိုင်းဓာတ်သိမ်း)

ရွှေဟင်္သာစာပေ

# အခန်း (၁)

"ကောင်းပြီ၊ ရှင်ဖိတ်ခေါ်တာကို လက်ခံတယ်"

ဝမ်မိန်ထန်က ဟန်ပါပါ ခေါင်းတစ်ချက်ဆတ်ကာ ပြောသည်။

"မိန်းကလေး ကြွပါ"

ခါးစကြာကြူးဟုန်သည် ညာလက်ကိုဆန့်တန်းကာလမ်းပြ ဖိတ်ခေါ်မှု လုပ်ပေးလိုက်ရသည်။ ဝမ်မိန်ထန်သည် လက်နှစ်ခု နောက်ပစ်ကာ ခေါင်းမော့ ရင်ကော့၍ အခန်းကြီးထဲသို့ လျှောက်လှမ်းဝင်သည်။

သူက ဖိတ်ခေါ်ခဲ့သူမို့ ကြူးဟုန်သည် ထုံးတမ်းစဉ်လာ အရ ဝမ်မိန်ထန်၏နောက်မှသာ လိုက်ပါလာခဲ့ရသည်။ စိတ်ထဲ တွင်တော့ အတော်ကို မခံချိမခံသာ ဖြစ်နေသည်။ အခွင့်ကြုံလျှင် သည်မိန်းကလေးကို အမှန့်ခြေပစ်ချင်သည်။

စောစောကနောက်ဆုတ်ကာ အခန်းထဲ ပြန်ဝင်သွားနှင့်ကြသော ဆင်ရိုင်းဟန်လိုကြွယ်နှင့် မြွေမင်းသားပိုင်မုစိမ်းတို့သည် ဝမ်မိန်ထန်ကို အကဲခတ်သလိုကြည့်နေကြလေသည်။ ကျောက်

ကျိုမောက်နှင့် ငါးမန်းနက်ကျောင်းအိမ်လီနှင့် မုကျင်းစန်လိန်တို့ကတော့ ထိုင်ခုံများတွင် ဣန္ဒြေရရထိုင်၍ နေကြသည်။

"မင်း ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ၊ အမှန်အတိုင်းပြောစမ်း"

အခန်းထဲသို့ရောက်သည်နှင့် ကြူးဟုန်က ခပ်ထန်ထန်မေးသည်။

"ဟွန့်....ရှင်မေးတိုင်း ဖြေရမှာလား"

ဝမ်မိန်ထန်က နှာခေါင်းလေးမသိမသာရှုံ့ကာ ရယ်ကျဲကျဲပြန်ပြောသည်။

ကြူးဟုန် ရှူးရှူးရှားရှားဖြစ်သွားလျှတ် ဓားရှည်ကြီးကို ရှမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်လေသည်။

"အလို....ဓားရှည်တွေ ဘာတွေတောင် ကိုင်လို့ပါလား၊ ကောင်းပါတယ် ကောင်းပါတယ်"

ဝမ်မိန်ထန်က ကြောက်ရွံ့ဟန်မပြ၊ ခေါင်းစာညိတ်ညိတ်နှင့် ခပ်အေးအေးပြောသည်၊

ကြူးဟုန်မှာတော့ သည်မိန်းကလေးကို ခေါင်းနှင့်ကိုယ် အိုးစားကွဲသွားအောင် ဓားရှည်ဖြင့် တစ်ခါတည်း ခုတ်ပိုင်းချလိုက်ချင်နေသည်။ သို့သော် ယက်နက်မဲ့နေသည့် ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ယောက်ကို အခြားသော သိုင်းအကျော်အမော်များမျက်စိရှေ့တွင် မီမီလို နာမည်ရ သိုင်းသမားကြီး တစ်ယောက်က ဓားရှည်နှင့် ခုတ်ပိုင်းတိုက်ခိုက်ရန်မှာ အလွန်ပင်မသင့်လျော်သောကြောင့် ဓားရှည်ကိုဆောင့်ကြီးအောင့်ကြီးပင် ပြန်သိမ်းလိုက်ရသည်။



"အင်း....ဒီလိုမှပေါ့ရှင်၊ ကဲ....ရှင်က အစွမ်းပြချင်နေတာဆိုတော့ ဘယ်လောက်အစွမ်းရှိတယ်ဆိုတာ စမ်းကြည့်ရအောင်လား"

ဝပ်မိန်ထန်က ပြောပြောဆိုဆို ထိုင်ခုံနှစ်ခုကိုဆွဲယူကာ တစ်ခုနှင့် တစ်ခု လက်တစ်ကမ်း ကျော်ကျော်လောက်ခွာ၍ နေရာချထားလိုက်သည်။

"ဟိတ်....မင်း ဘာလုပ်တာလဲ"

ကြူးဟုန်က ဝမ်မိန်ထန်ကို မျက်မှောင်ကုတ်ကာ ကြည့်၍မေးသည်။

"ရှင်နဲ့ အစွမ်းပြိုင်မလို့လေ၊ ကျွန်မတို့နှစ်ယောက် ဒီထိုင်ခုံတွေပေါ်တက်ပြီး အဝေးကနေပဲ သိုင်းဟန်ပြ တိုက်ခိုက်ကြတာပေါ့၊ ထိုင်ခုံပေါ်ကနေ အောက်ကိုကျတဲ့လူ အရှုံး ဟုတ်လား၊ အနီးကပ် တိုက်ခိုက်ကြမယ်ဆိုရင် မတော်တဆ ရှင့်ကို ထိခိုက်အနာတရ ဖြစ်သွားမှာစိုးရိမ်လို့ပါ"

ကြူးဟုန် ရှူးရှူးရှားရှား ဖြစ်သွားပြန်သည်။

"မင်းကလား ငါ့ကို ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်မှာ....တောက်"

"ဘယ်လိုလဲ....ကျွန်မပြောသလိုမျိုး မယှဉ်ပြိုင်ရဲဘူးလား"

"ဘာလို့ မပြိုင်ရဲရမှာလဲ"

ကြူးဟုန် ထိုင်ခုံတစ်ခုပေါ်သို့ လွှားခနဲ ခုန်တက်သည်။

"ထိုင်ခုံပေါ်က အောက်ကိုဆင်းမိရင် အရှုံးနော်"

ဝမ်မိန်ထန်က ထိုင်ခုံပေါ်မတက်သေးဘဲ ကြူးဟုန်ကို ပြောသည်။

"အေး"

"ကိုင်း....စကြရအောင်"

ထိုသို့ပြောရင်း ဝမ်မိန်ထန်သည်ကျန်ထိုင်ခုံပေါ် တက်သည်၊ ထိုင်ခုံပေါ်အတက်တွင် ဟန်ချက်ပျက်သလို ကိုယ်ဟန်ယိမ်းယိုင်ကာ လဲပြိုကျလာသည်။

"အောင်မယ်လေး....လုပ်ပါဦး"

ဝမ်မိန်ထန်က ပါးစပ်မှလည်း အလန့်တကြား အော်ဟစ်သည်။

ထိုအခါ ကြူးဟုန်မှာ အလိုအလျောက်ပင် ဝမ်မိန်ထန် အောက်သို့ သဲပြိုကျမသွားစေရန် ပြေး၍ဖေးမ ထိန်းလိုက်ရသည်။ ထိုင်ခုံများက လက်တစ်ကမ်းကျော်ကျော်လောက်ကွာလှမ်းလေရာ ကြူးဟုန်မှာ သည်အတိုင်းလှမ်း၍ မထိန်းပေးနိုင်၊ ထိုင်ခုံပေါ်မှ အလိုလိုပင် ခုန်လွှားဆင်းလာရသည်။

ဝမ်မိန်ထန်၏ ညာပခုံးကိုကိုင်ကာ ဖေးမ ထိန်းပေးလိုက်သည်။

"တောက် ထိုင်ခုံပေါ်ကိုတောင် အဖြစ်ရှိအောင်မတက်နိုင်ဘဲ လေလုံးက ထွားသေးတယ်"

ရှုတ်ချရေရွတ်ပြောဆိုပြီးနောက် ကြူးဟုန်သည် မိမိ၏ထိုင်ခုံပေါ်သို့ လွှားခနဲ ပြန်ခုန်တက်သည်။

"ရှင် ထိုင်ခုံပေါ်က အောက်ကို ဆင်းခဲ့ပြီးပြီဆိုတော့ ရှင်ရှုံးသွားပြီ၊ ဆက်ယှဉ်ပြိုင်စရာ မလိုတော့ဘူး"

ကြူးဟုန်မျက်နှာ ရှုံ့တွသွားသည်။ မလိမ့်တပတ်ဖြင့် လှည့်စားခြင်း ခံခဲ့ရကြောင်းလည်း နားလည်လိုက်သည်၊



သို့သော် ထိုင်ခုံပေါ်မှ အောက်သို့ ဆင်းခဲ့မိသည်ကတော့ အမှန်ဖြစ်ရာ သဘောတူညီခဲ့ကြသည့် စည်းကမ်းချက်အရ သူ ရှုံးခဲ့သည်ကိုတော့ ငြင်းလို့မရနိုင်။

"ကဲ....ကျွန်မ သွားတော့မယ်"

ဝမ်မိန်ထန်က အသံလွင်လွင်လေးနှင့် ပြောကာ ထိုင်ခုံပေါ်မှ ကြော့ကြော့မော့မော့လေး ဆင်းလိုက်သည်။

"နေပါဦးလေ"

ကျောက်ကျိမောက်က လေသံအေးအေးနှင့် ဟန့်တားသည်။

"ဘာများ ပြောချင်သေးလို့ပါလဲရှင့်"

ဝမ်မိန်ထန်က မိမိထက် အရွယ်အဝါကြီးမားသော သိုင်းသမားကြီးများကို ဂါရဝပြုသည့် အရိုအသေပေးမှုလုပ်ကာ ပြန်မေးသည်။

သည်လိုမျိုး လေးစားသမှုပြုလိုက်ခြင်းကြောင့် ကျောက်ကျိမောက်တို့ဘက်မှ အင်အားသုံးကာ အတင်းအကျပ် ဖိနှိပ်တိုက်ခိုက်မှုပြုဖို့ ခက်သွားစေပေသည်။

"မင်းရဲ့ သိုင်းပညာအစွမ်းအစကို စမ်းကြည့်ချင်သေးလို့ပါ"

"ကောင်းပါပြီ၊ ဘယ်လိုများ စမ်းသပ်ကြည့်ချင်တယ်ဆိုတာကို အမိန့်ရှိပါ"

ကျောက်ကျိမောက် မျက်မှောင်ကြုတ်ကာ စဉ်းစားသည်။ ဤမိန်းကလေး အတော် ဉာဏ်များကြောင်းကိုတော့ သူ ကောင်းကောင်း သိထားခဲ့လေပြီ။ မိမိကို အရွယ်အဝါကြီး

သည့် သိုင်းသမားကြီးတစ်ယောက်အဖြစ် သတ်မှတ် ဂါရဝပြုထားမှုကလည်း ရှိနေရာ ကျောက်ကျိုမောက်အနေဖြင့် ဝမ်မိန်ထန်ကို တန်းတူထားကာ ရင်ဆိုင် တိုက်ခိုက်လို့ကလည်း မဖြစ်။ ဦးစားပေးမှုတော့ လုပ်ပေးရန် လိုအပ်သည်။

“မင်းကို သိုင်းကွက်တစ်ရာ အကျော့ပေးမယ်၊ မင်းဘက်က သိုင်းကွက်တစ်ရာတိုက်ခိုက်ပြီးမှ ကျုပ် ပြန်တိုက်မယ်၊ သိုင်းကွက်ဆယ်ကွက်အတွင်း မင်းကို အနိုင်မယူနိုင်ရင် ကျုပ်အရှုံးပေးမယ်”

ကျောက်ကျိုမောက်က ပြောလိုက်သည်။

“ကျွန်မက သိုင်းကွက်တစ်ရာ တိုက်ခိုက်ရမယ်၊ အဲဒီသိုင်းကွက်တစ်ရာအတွင်း ရှင်က ကျွန်မကို လုံးဝ ပြန်မတိုက်ဘူး ဟုတ်လား”

“ဟုတ်တယ်”

“ကောင်းပြီ....စ ကြတာပေါ့၊ အကွက်ကြည့်ပါ”

ဝမ်မိန်ထန်က ပြောဆိုသတိပေးပြီးနောက် ‘တောင်ထိပ်တိမ်ဖြတ်’ သိုင်းကွက်ဖြင့် ကျောက်ကျိုမောက်ကို စတင်တိုက်ခိုက်သည်။ တောင်ထိပ်တိမ်ဖြတ် သိုင်းကွက်မှာ အခြေခံသိုင်းကွက် အမျိုးအစားဖြစ်ပေရာ ကျောက်ကျိုမောက်လို အဆင့်မြင့် သိုင်းအကျော်အမော်တစ်ယောက် မဆိုထားဘိ၊ သာမန်သိုင်းသမားတစ်ယောက်ပင် နားလည်တတ်သိ အလွယ်တကူ ရှောင်နိုင်တိမ်းနိုင်သည်။ သည်လို အခြေခံသိုင်းကွက်တစ်ခုဖြင့် တိုက်ခိုက်လာခြင်းမှာ မိမိကို နှိမ့်ချသည့် သဘောရှိကြောင်း



နားလည်သော်လည်း ကျောက်ကျိုမောက်က ဘာမျှမပြောဘဲ အလိုက်သင့် ရှောင်တိမ်းပေးလိုက်သည်။

ထို့နောက် ဝမ်မိန်ထန်က ‘နဂါးနှစ်ကောင်ပုလဲလု’ သိုင်းကွက်ဖြင့် ထပ်မံတိုက်ခိုက်၏။ ဤသိုင်းကွက်ကလည်း အခြေခံသိုင်းကွက်ပင်ဖြစ်ကာ ကျောက်ကျိုမောက်အနေဖြင့် ဘာမျှအင်အားမစိုက်ထုတ်ရဘဲ အလွယ်တကူပင် ရှောင်တိမ်းနိုင်၏။

ဝမ်မိန်ထန်က ဆက်လက်၍တိုက်ခိုက်ရာ အခြေခံသိုင်းကွက်တွေကိုသာ အသုံးချနေသည်။ အခြေခံသိုင်းကွက် ဆယ်ကွက်မျှ အသုံးချတိုက်ခိုက်ပြီးသောအခါတွင်တော့ ကျောက်ကျိုမောက်မှာ နှုတ်ဆိတ်မနေနိုင်တော့။

“ဟေ့....မင်းက အခြေခံသိုင်းကွက်လောက်နဲ့ ငါ့ကို အနိုင်တိုက်ဖို့ စိတ်ကူးနေတာလား၊ အဆင့်မြင့် သိုင်းကွက်တွေ ထုတ်သုံးပါတော့လား”

ထိုအခါ ဝမ်မိန်ထန်က တိုက်ခိုက်မှုများ ရပ်လိုက်ကာ....

“ဟင်....ကျွန်မ သုံးတာ အခြေခံ သိုင်းကွက်တွေလား၊ အဆင့်မြင့်သိုင်းကွက်တွေ သုံးရမှာလား”

“ဟုတ်တယ်”

“အင်း....ကျွန်မက အဆင့်မြင့်သိုင်းကွက်တွေ နည်းနည်းပါးပါးတော့ တတ်ထားပါတယ်၊ ဒါပေမယ့် ပိုင်နိုင်အောင် မလေ့ကျင့်ရသေးဘူး၊ အဲဒါ ပိုင်နိုင်အောင် လေ့ကျင့်ပြီးမှပဲ ရှင်နဲ့ ဆက်ယှဉ်ပြိုင်တော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ်”

“ဟိတ်....ဟိတ်....”

ဝမ်မိန်ထန်က ပြောပြောဆိုဆို လှည့်ထွက်သွားမည်ပြုရာ ကျောက်ကျိမောက်က ကမန်းကတန်း ပါးစပ်မှ အော်ဟစ်ရင်း လှမ်း၍ချုပ်ဖမ်းမည် ပြုသည်။

"ကျွန်မ သိုင်းကွက် ဆယ်ကွက်လောက်ပဲ တိုက်ရသေးတယ်နော်"

ဝမ်မိန်ထန်က ခပ်ပြုံးပြုံးလေး ပြောလိုက်ရာ ကျောက်ကျိမောက်၏ ချုပ်ဖမ်းမည်ပြုသောလက် ချက်ချင်း ရပ်တန့်၍သွားသည်။ သူပြောထားသောစကားနှင့်သူ ပြန်၍မိနေသည်၊ ဝမ်မိန်ထန်ကို သူ့အနေဖြင့် တိုက်ခိုက်၍ မဖြစ်ပါ။

"ကျွန်မတို့ယှဉ်ပြိုင်ပွဲကတော့ မပြီးသေးဘူးနော်၊ နောက်မှ ထပ်ဆုံကြတာပေါ့"

ဝမ်မိန်ထန်က ပြောပြောဆိုဆို တံခါးပေါက်ရှိရာသို့ လှစ်ခနဲ ပြေးသွားသည်။ သို့သော် သူမထက်မြန်သူက ရှိနေသည်၊ မည်သို့မည်ပုံ လှုပ်ရှားရွေ့လျားလိုက်သည်မသိ၊ ငါးမန်းနက် ကျောင်းအိမ်လီသည် တံခါးပေါက်တွင် မားမားကြီး ရပ်ကာ ဝမ်မိန်ထန်ထွက်မည့်လမ်းကို ပိတ်ဆို့ထားလေသည်။

* * *

အိမ်၏ မြောက်ဘက်ခြမ်းမှပတ်ကာ အခန်းကျယ်ကြီးထဲ ချောင်းကြည့်နေသော ရန်မိန်ကျုန်းသည် ဝမ်မိန်ထန်က ကြူးဟုန်နှင့် ကျောက်ကျိမောက်တို့ကို ပရိယာယ်ကွယ်ကွယ်ဖြင့် လှည့်ပတ်အနိုင်ယူလိုက်ပုံများကိုတွေ့ရသောအခါ ဝမ်မိန်



ထန်၏ ဉာဏ်ကောင်းကာ အကွက်ကျော်မြင်တတ်ပုံများကို ချီးမွမ်းနေမိသည်။

ထို့နောက် ငါးမန်းနက်ကျောင်းအိမ်လီက တံခါးဝတွင် ပိတ်ဆို့ရပ်လိုက်သည်ကို တွေ့ရလေသောအခါတွင်မူ သည်တစ်ခါတွင်တော့ ဝမ်မိန်ထန် ထိုးဖောက်ထွက်နိုင်ပါမည်လားဟု စိုးရိမ်ပူပန်မိသည်။

ကျောင်းအိမ်လီကို နောက်ကျောဘက်မှ အလစ်ဝင်တိုက်ခိုက်ကာ ဝမ်မိန်ထန်ထွက်လာနိုင်ရေးအတွက် ကူညီပေးရလျှင် ကောင်းမည်လားဟု စဉ်းစားမိသည်။ သို့သော် ဝမ်မိန်ထန်မှာ ကြားထားသည့်စကားများ ရှိနေသောကြောင့် ဘာမျှ မလှုပ်ရှားဘဲ ငြိမ်၍သာနေလေသည်။

"ဟာ....ဟိုမှာ ဘာဖြစ်နေတာလဲ"

ဝမ်မိန်ထန်သည် အလွန်ပင်အရေးကြီးသည့် အမူအရာဟန်ပန်မျိုးနှင့် အပြင်ဘက်တစ်နေရာကို လှမ်းကြည့်ကာ အလန့်တကြားပြောသည်။

ကျောင်းအိမ်လီလည်း ရုတ်တရက်တော့ ယောင်ပေါင်ကာ လှမ်းကြည့်မိသည်။ ထိုအခိုက်အတန့်လေးမှာပင် ဝမ်မိန်ထန်က အပြင်သို့အတင်းတိုးထွက်သည်။

ဝမ်မိန်ထန်၏ဆင်ကွက်ထဲ အလစ်မိကာ တိုးဝင်ခဲ့သော်လည်း ကျောင်းအိမ်လီသည် ချက်ချင်းပင် မိမိအလိမ်ညာခံရကြောင်း နားလည်ကာ ဝမ်မိန်ထန်တိုးမထွက်နိုင်အောင် ပြန်လည်ပိတ်ဆို့ထားနိုင်ခဲ့သည်။

ဝမ်မိန်ထန်၏ လှည့်စားကွက်မှာ အပြည့်အဝမအောင်မြင်။ ဝမ်မိန်ထန်အပြင်သို့ တိုးမထွက်နိုင်တော့ပါ။

"ဘယ်လိုလဲ၊ ရှင်က ကျွန်မကို အပြင်မထွက်နိုင်အောင် ပိတ်ဆို့ထားတဲ့သဘောလား"

ဝမ်မိန်ထန်က ဣန္ဒြေပြန်ဆည်ပြီး မေးသည်။

"ဟုတ်တယ်၊ မင်း အစွမ်းအစရှိတယ်ဆိုရင် အပြင်ကို ရအောင်ထွက်လေ"

"ကျွန်မ အပြင်ကိုရောက်သွားရင် ရှင် လိုက်ပြီးပြဿနာ မရှာရတော့ဘူးနော်"

"နေ့အေး....မင်း အပြင်ကိုရောက်အောင် တိုးထွက်နိုင်ရင် နိုင်ပြီလို့ သစ်မှတ်တယ်"

"အင်း....ခက်တာပဲ၊ ကျွန်မဆရာက အပြင်ကနေ အခန်းထဲကို အရတိုးဝင်တဲ့နည်းလမ်းသာ သင်ပေးထားတာ၊ အခန်းထဲကနေ အပြင်ကို တိုးထွက်တဲ့နည်းလမ်း သင်ပေးမထားဘူး၊ ရှင်က ကျွန်မကို အပြင်မထွက်နိုင်အောင်ပိတ်မထားဘဲ အခန်းထဲ မဝင်နိုင်အောင်သာ ပိတ်ထားမယ်ဆိုရင်တော့ ကျွန်မ ရှင်ပိတ်ဆို့ထားတာကို တိုးပြီး အခန်းထဲရောက်အောင် ဝင်နိုင်တယ် သိလား"

ဝမ်မိန်ထန်က မျက်မှောင်လေး မသိမသာ ကြုတ်ကာ စိတ်ပျက်ဟန်နှင့် ပြောသည်။

"ဒီတံခါးပေါက်ကနေ အပြင်ကို တိုးထွက်တာနဲ့ အထဲကို တိုးဝင်တာ ဘာယ်လိုများ ခြားနားလို့လဲ၊ အပြင်ကနေ အထဲ



ကို တိုးဝင်တတ်ရင် အထဲကနေလဲ အပြင်ကို တိုးထွက်တတ်ရမှာပေါ့"

"ဟာ....ခြားနားတာတွေ ရှိတာပေါ့၊ ရှင်က ပညာအဆင့်နိမ့်လို့ ဒီနှစ်ခုကို အတူတူလို့ပဲ မှတ်နေတာ၊ ဘာလဲ....ကျွန်မ အပြင်ကနေ အထဲကို တိုးမ င်နိုင်အောင် ရှင် ပိတ်ဆို့ထားဆီးမထားနိုင်ဘူး မဟုတ်လား"

ဤစကားကြောင့် ကျောင်းအိမ်လီ မခံမရပ်နိုင်ဖြစ်သွားသည်။

"ဘာလို့ မတားဆီးနိုင်ရမှာလဲ၊ လာ....စမ်းကြည့်မယ်၊ မင်း အခဲထဲကို ရအောင်သာတိုးဝင်၊ မရရင်တော့ မင်းအရှုံးပဲ"

"စိတ်ချ....စိတ်ချ၊ ကျွန်မတိုးဝင်လာတာကို ရှင် ဘယ်လိုမှ ပိတ်ဆို့တားဆီး မထားနိုင်ပါဘူး၊ ရှင် ရှုံးမှာ သေချာပါတယ်"

ကျောင်းအိမ်လီလည်း တံခါးပေါက်တွင် ပိတ်ဆို့ရပ်နေရာမှ အသာ ဘေးဖယ်ပေးသည်။ မ်မိန်ထန် အပြင်သို့ အသာ လျှောက်လှမ်းထွက်သွားသည်။

ဝမ်မိန်ထန် အပြင်ဘက်သို့ ရောက်သွားသည်နှင့် ကျောင်းအိမ်လီသည်း တံခါးပေါက်ဝတွင် အလျင်အမြန် ပိတ်ဆို့ကာ ရပ်လိုက်သည်။

"ကဲ....အထဲကို တိုးဝင်ပေတော့"

"အပြင်ကိုရောက်အောင် ထွက်နိုင်ရင် ကျွန်မ အနိုင်လို့ ရှင်ပြောခဲ့တာ မေ့နေပြီလား၊ အခု ကျွန်မ အပြင်ကို ထွက်လာနိုင်ပြီ၊ သွားတော့မယ်....နှုတ်ဆက်ခဲ့ပါတယ်"

ဝမ်မိန့်ထန် ရယ်ရယ်မောမောလေး ပြောကာ အသာပင် လျှောက်လှမ်းထွက်သွားသည်။

"ဪ…. ရှင်တို့ကို သတိပေးထားခဲ့ရဦးမယ်၊ ကျွန်မ အဖော်တစ်ယောက် ရှိသေးတယ်၊သူ့ကိုလဲ ရှင်တို့ တွေ့အောင် လိုက်ရှာကြည့်ကြဦး၊ သူ့ကို ရှာတွေ့ပြီးမှ ရှင်တို့ ပြောစရာ ဆိုစရာရှိတာတွေ ဆက်ပြောကြပေါ့"

လျှောက်လှမ်းထွက်သွားရင်း အော်ပြောသွား လေ သေးသည်။

ပရိယာယ်သုံးကာ လှည့်ကွက်ဆင်၍ ထွက်သွားခြင်းဖြစ်သော်လည်း မိမိ ပြောထားသော စကားက ရှိနေသည်မို့ ကျောင်းအိမ်လိမှာ အံ့တကြိတ်ကြိတ်နှင့် ကျန်နေခဲ့သည်။ ဝမ်မိန့်ထန်ကို လိုက်လံဟန့်တားခြင်းတော့ မပြုတော့ပါ။

ထိုနေရာတွင် ရှိနေကြသူ ခြောက်ယောက်လုံးမှာ နာမည်ရ သိုင်းအကျော်အမော်များ ဖြစ်ကြသည်။ မိမိတို့ဘက်က လူသုံးယောက်က ဟန့်တား ထိန်းချုပ်သည့်တိုင် မအောင်မြင်ဘဲ အလွတ်ရုန်းထွက်သွားနိုင်သော ငယ်ရွယ်နုပျိုသည့်မိန်းကလေး တစ်ယောက်ကို နောက်ထပ်တစ်ယောက်ပြီး တစ်ယောက် ဟန့်တားရမှာကလည်း ဘယ်လိုမျှ မသင့်လျော်သည့်အတွက် ကျန်လူများကလည်း သည်အတိုင်းပင် ကြည့်နေကြရလေတော့သည်။

ရန်မိန့်ကျန်းကတော့ ဝမ်မိန့်ထန်ပြောသွားသော နောက်ဆုံး စကားများသည် မိမိကိုဆက်လက်ချောင်းမြောင်း မကြည့်



တော့ဘဲ နောက်ဆုတ်ရှောင်ထွက်ရန် အချက်ပြသွားသည်ဟု သဘောပိုက်လျက် အမြန်ဆုံးထွက်ခွာလာခဲ့လေတော့သည်။

* * *

ရန်မိန့်ကျန်းသည် ရွာဟောင်းထဲမှ ထွက်လာခဲ့ပြီးနောက် ဝမ်မိန့်ထန်ကို ဘယ်နေရာတွင် လိုက်၍ရှာရမည်မှန်းမသိ ဖြစ်နေသည်။

ရွာဟောင်း၏ အနီးဝန်းကျင်တွင် ဟိုသွား သည်သွားနှင့် ဝမ်မိန့်ထန်ကို တွေ့လိုတွေ့ငြား လိုက်ရှာကြည့်သည်။

ရှာမတွေ့သည့်အခါ စိတ်ပျက်ချင်သလိုလိုဖြစ်လာသည်။

ဘယ်ကိုသွား၍ဘာလုပ်ရမည်ကို ကြံရာမရတော့သည့်အဆုံး အိမ်ပျက်ကြီးဆီသို့သာ ပြန်လာခဲ့လေသည်။

အိမ်ပျက်ကြီးတွင် ဝမ်မိန့်ထန် ရောက်နှင့်နေသည်။ စားသောက်ဖွယ်ရာများပင် စီမံချက်ပြုတ်၍ ပြီးစီးနေလေပြီ။

"ဟော…. ရှင်ပြန်လာပြီကိုး၊ ကဲ…. ပြောစမ်းပါဦး၊ ဘာတွေ ထပ်ကြားခဲ့သိခဲ့ရသေးလဲ"

ဝမ်မိန့်ထန်က ဆီးကြိုနှုတ်ဆက်ကာမေးသည်။

"ခင်ဗျားနဲ့ ကျွန်တော် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပြန်ထွက်လာခဲ့ကြတာပဲ၊ ကျွန်တော်က ခင်ဗျားထက်ပိုပြီး ဘာတွေ ထပ်ကြားရ သိရဦးမှာလဲ"

"တာ....ရှင်က ဆက်ပုန်းနေပြီး စောင့်မကြည့်ဘူးလား"

"ခင်ဗျားပဲ ကျွန်တော်ဆက်မနေဖို့ စကားရိပ်သန်း ပြောခဲ့တာ မဟုတ်လား၊ ဘယ်လိုလုပ်ပြီး ကျွန်တော်က ဆက်နေနိုင်မှာလဲ၊ တစ်ခါတည်း ပြန်ထွက်လာတာပေါ့"

"ရှင်ကလဲ တကယ်ပဲ၊ ရှင် ဆက်ပုန်းအောင်းချောင်းမြောင်းပြီး ဆက်ကြည့်၊ ဆက်နားထောင်ရအောင် ကျွန်မက လူတွေကို တမင်သက်သက်ပြောထားခဲ့တာ"

"မသိဘူးလေဗျာ၊ ကျွန်တော်က ထွက်သွားဖို့ တစ်ဖက်လှည့်နဲ့ ပြောတယ်မှတ်တာကိုး"

"ရှင် ဘယ်ကိုသွားမယ် စိတ်ကူးထားလဲ"

"ခင်ဗျားကောဗ"

ရန်မိန်ကျန်းအာနေဖြင့် ဘယ်ဒေသသို့ သွားရမည်ကို စဉ်းစားထားခြင်း မရှိသေး။ ထို့ကြောင့် ဝမ်မိန်ထန်ကို ပြန်မေးမိလေသည်။

ဝမ်မိန်ထန်က ခေတ္တစဉ်းစားလိုက်ပြီးနောက်....

"တောင်ပိုင်းဒေသက လုံစန်းတောင်ခြေကို သွားမယ်"

"ဒီလောက် ဝေးဝေးလံလံကြီး ဘာသွားလုပ်မှာလဲ"

"သိုင်းရေးခုနစ်သွယ်ကျမ်း သွားရှာမလို့ပေါ့"

"သိုင်းရေးခုနစ်သွယ်ကျမ်းက လုံစန်းတောင်ခြေမှာ ရှိလို့လား"

"တာ....ရှင်ကလဲ တကယ်ပဲ၊ မုကျင်းစန်လိန်က သိုင်းရေးခုနစ်သွယ်ကျမ်း သိမ်းဝှက်ထားတဲ့နေရာကို ပြောမယ့်ဆဲဆဲမှာ ကျွန်မ ချောင်းနားထောင်နေတာ သိသွားလို့ မပြောဖြစ်



တော့ဘူး မဟုတ်လား၊ ဒါပေမယ့် သူ့နောင်တော်ကြီးနဲ့ လုံစန်းတောင်ခြေမှာ သွားတွေ့ရတယ်ဆိုတာကိုတော့ ကျွန်မတို့ ကြားခဲ့ရတယ်လေ၊ ဒီတော့ လုံစန်းတောင်ခြေကိုသွားပြီး စုံစမ်းကြည့်ရင် သိုင်းရေးခုနစ်သွယ်ကျမ်းရှိတဲ့နေရာကို သိနိုင်မယ့် သဲလွန်စ သတင်းအစအနတွေ ရနိုင်တာပေါ့"

"ဪ....အင်း၊ ဟုတ်သားပဲ"

"ရှင်ကော ကျွန်မနဲ့အတူ လိုက်မလား"

"လိုက်မယ်၊ တာ ဒါပေမယ့် ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရတာလဲ"

"ခင်ဗျားက ကျွန်တော့်ကို ခေါ်ချင်ရဲ့လားမှ မသိတာ"

ဝမ်မိန်ထန်က ချစ်စရာမျက်စောင်းလေး ထိုးလိုက်ကာ....

"ကျွတ်....မခေါ်ချင်ရင် ရှင့်ကို အတူ လိုက်မလားလို့ မေးပါ့မလားရှင့်၊ တကယ်ပဲ"

★

## အခန်း ( ၂ )

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ နှစ်ယောက် တောင်ပိုင်းဒေသဘက်သို့ ခရီးနှင်ခဲ့ကြလေသည်။

ခရီးရှည်သွားရသည်မို့ အဆင်ပြေစေရန် ဝမ်မိန်ထန်က ယောကျ်ားလေးအသွင် ဝတ်စားဆင်ယင်လေသည်။

ရက်ရှည်ခရီးနှင်ကြရင်း တစ်ယောက်နှင့်တစ်ယောက် ပိုမိုရင်းနှီးကာ သံယောဇဉ်နှောင်ကြိုးများလည်း ရစ်ပတ်မိကြသည်။

ရန်မိန်ကျန်း၏ ရိုးသားဖြူစင်မှု၊ စိတ်သဘောထားဖြောင့်မှန်မှု၊ ကူညီရိုင်းပင်းညှာတာထောက်ထားမှုတို့အပေါ် ဝမ်မိန်ထန်က နှစ်ခြိုက်ရင်ခုန်ခဲ့သလို ဝမ်မိန်ထန်၏ ချစ်စရာအမူအရာလေးများ၊ ရွှန်းရွှန်းဝေသည့် အပြောချိုချိုများ၊ အကြင်နာများနှင့် သွက်လက်ဖျတ်လတ်မှုတို့ကို ရန်မိန်ကျန်းက မြတ်နိုးစုံမက်မိသည်။



တစ်ယောက်၏နှလုံးသားကို တစ်ယောက်ကနားလည်ကာ ချစ်ရည်တူမျှသော ချစ်သူများ ဖြစ်ခဲ့ကြသည်။

ချစ်သူဘဝရောက်ခဲ့ပြီးနောက် ခရီးသွားရတာ ပို၍ ပျော်စရာကောင်းလှသည်။ ရင်ခုန်ကြည်နူးဖွယ်ရာ ဖြစ်လာသည်။

သူတို့နှစ်ယောက်စလုံး တောင်ပိုင်းဒေသသို့ မရောက်ဖူးကြပါ။ သို့သော် ဝမ်မိန်ထန်၏ သွက်လက်ချက်ချာစွာ ခရီးလမ်းပန်း စုံစမ်းမေးမြန်းတတ်မှုနှင့် ရန်မိန်ကျန်း၏ သိုင်းတလေငါးဖော်တို့နှင့် ခရီးလှည့်လည် သွားလာခဲ့စဉ်က ရရှိခဲ့သော အတွေ့အကြုံတို့ကြောင့် အခက်အခဲမတွေ့လှဘဲ အဆင်ပြေပြေ ခရီးသွားနိုင်ခဲ့ကြသည်။

ထို့ပြင် ခရီးသွားဟန်လွှဲဆိုသလို ဒေသထွက်ကုန်ပစ္စည်းများကို ဝယ်ယူလာကာ တစ်ဆင့် ပြန်လည်ရောင်းချခြင်းဖြင့်လည်း ဝင်ငွေ အတန်အသင့်ရအောင် ရှာနိုင်ခဲ့ကြပြန်သည်။

ဤသို့ ခရီးနှင်လာခဲ့ရာ တောင်ပိုင်းဒေသသို့ အဝင်ဝဟုဆိုနိုင်သော မြစိမ်းတောင်ကြားသို့ ရောက်လာကြသည်။

မြစိမ်းတောင်ကြားသည် တောင်တန်းကြီးနှစ်ခုအကြားရှိ တောင်ကြားလွင်ပြင်ကျယ်တစ်ခုဖြစ်သည်။ မြက်ခင်းပြင်ကျယ်ကြီးများ ဖုံးလွှမ်းနေရာ အမည်နှင့်အထူးပင် လိုက်ဖက်သည်။

မြစိမ်းတောင်ကြားလွင်ပြင်တွင် လူနေရပ်ရွာ အတည်တကျတော့ မရှိပါ။ သို့သော် မြက်ခင်းပြင်များအတွင်း လှည့်လည်သွားလာနေကြသော မွေးမြူရေးသမား လူမျိုးစုများ၏ ယာယီစခန်းနေရာတွေကတော့ ရွာငယ်လေးများအသွင် ရှိနေကြသည်။

ထိုယာယီစခန်းနေရာလေးများမှာ ရွက်ဖျင်တဲများ၊ သိုးအုပ်၊ ဆိတ်အုပ်၊ မြင်းအုပ် စသည့်တိရစ္ဆာန်အုပ်များ၊ နယ်လှည့်ဈေးသည် မြင်းလှည်းအုပ်စုများနှင့် တစ်မျိုး အမြင်ဆန်းနေပေသည်။

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့သည် ပထမဆုံးတွေ့ရသည့် ယာယီ ရွက်ဖျင်တဲအုပ်စုနေရာထဲသို့ အသာ လျှောက်လှမ်းဝင်လာခဲ့ကြသည်။

"တစ်ခုခုစားရင်း ခဏတစ်ဖြုတ်လောက် နားကြရအောင်လား"

ဝမ်မိန်ထန်က ပြောရာ ရန်မိန်ကျန်းလည်း ခေါင်းညိတ်သဘောတူလိုက်သည်။

လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်သို့ နှစ် ယောက်သား လာခဲ့ကြသည်။ ထိုလက်ဖက်ရည်ဆိုင်သို့မရောက်မီ လမ်းတွင် လူတစ်စုကို မြင်မိကြသည်။ မုကျင်းစန်လိန် ဖိတ်ခေါ်ခဲ့သော သိုင်းအကျော်အမော် ငါးယောက်အနက်မှ မြွေမင်းသားပိုင်မုစီမ်း၊ ခားစကြာ ကြူးဟုန်နှင့် ငါးမန်းနက် ကျော်အိမ်လီတို့ ဖြစ်ကြသည်။

ထိုလူသုံးယောက်ကို မြင်လိုက်ရသောအခါ ရန်မိန်ကျန်းမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်လျက် ခြေလှမ်းပင်တုံ့သွားမိလေသည်။ သို့သော် ဝမ်မိန်ထန်က သူ၏လက်မောင်းကို အသာ ကိုင်ညှစ် သတိပေးလိုက်သည့်အတွက် ဟန်မပျက် ဆက်လက် လျှောက်လှမ်းလာခဲ့သည်။



ယခုအခါတွင် ဝမ်မိန်ထန်သည် ယောကျ်ားလေး တစ်ယောက်အသွင် ဝတ်စားထားပေရာ ခားစကြာကြူးဟုန်တို့က လုံးဝ မမှတ်မိဘဲ ရှိနေကြသည်။ မိမိတို့ သိုင်းရေးခုနစ်သွယ်ကျမ်းနှင့်ပတ်သက်၍ ပြောဆိုနေကြသည်ကို ချောင်းမြောင်းနားထောင်ခဲ့သော မိန်းကလေးသည် ဤမျှ ဝေးလံသော မြစိမ်းတောင်ကြား လွင်ပြင်ဒေသသို့ ရောက်နေလိမ့်မည်ဟုလည်း သူတို့ ထင်မထားကြပါ။

ထို့ကြောင့် ကြူးဟုန်တို့လူစုသည် ရန်မိန်ကျန်းတို့ဘက်သို့ လှမ်း၍ပင်မကြည့်ကြ။ သူတို့သွားစရာရှိသည့်လမ်းအတိုင်းသာ ဆက်၍ လျှောက်လှမ်းသွားကြလေသည်။

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့လည်း ဟန်မပျက်ဆက်လက် လျှောက်လှမ်းလျက် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာခဲ့ကြလေသည်။

"ဘယ်လိုလုပ်ပြီး ဒီလူတွေနဲ့ လာဆုံရတယ် မသိဘူး၊ ကံကောင်းလို့ သူတို့က မမှတ်မိဘဲဖြစ်နေတယ်"

လက်ဖက်ရည်နှင့် မုန့်များ မှာကြားပြီးသည့်နောက် ရန်မိန်ကျန်းက တိုးတိုးပြောသည်။

"ဟာ....အစ်ကိုကလဲ သူတို့တစ်တွေလဲ ဟိုကိစ္စအတွက် တောင်ပိုင်းဒေသဘက်ကို လာကြမှာပဲ၊ ခရီးလမ်းကြောင်း တစ်ခုတည်းဆိုတော့ တစ်နေရာမဟုတ် တစ်နေရာမှာ ဆုံမိတာပေါ့၊ ဒါများ ဘာဆန်းလို့လဲ၊ သူတို့မမှတ်မိအောင်ဘဲ ဆက်ပြီး လုပ်နေဖို့တော့ အရေးကြီးတယ်"

ဝမ်မိန်ထန်ကလည်း ခပ်တိုးတိုးပင် ပြန်ပြောသည်။

"ဟာ....ဟုတ်သားပဲ၊ တို့တစ်တွေ ဒီမှာကြာကြာဆက်နေလို့တော့ မဖြစ်ဘူးထင်တယ်၊ သုတ်သုတ်စားပြီး အမြန်ဆုံးထွက်သွားရအောင်"

"လုပ်ပြန်ပြီ အစ်ကိုကတော့၊ဟိုလူသုံးယောက်ကြည့်ရတာ ဒီယာယီစခန်းကနေ ခရီးဆက်ပြီး ထွက်သွားကြတော့မယ့်ပုံစံပဲဥစ္စာ၊ ဘာမှ ပူပန်နေစရာ မလိုဘူး၊ ဒီယာယီစခန်းမှာ အေးအေးဆေးဆေး နားနေလို့ရတယ်၊ ပြီးမှ သူတို့နောက်က ခြေရာကောက်ပြီး နောက်ယောင်ခံ လိုက်သွား၊ အဆင်ကို ပြေလို့"

ချစ်ရည်မျှခဲ့ကြပြီးနောက် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့သည် တစ်ယောက်ကိုတစ်ယောက် အခေါ်အဝေါ် အသုံးအနှုန်းများသည်လည်း ချစ်သူတို့သဘာဝအတိုင်း ပြောင်းလဲခဲ့လေပြီ။

ဝမ်မိန်ထန်က အကျိုးအကြောင်းမှန်ကန်စွာ ထောက်ပြပြောဆိုသောကြောင့် ရန်မိန်ကျန်းလည်း စိုးရိမ်ပူပန်စိတ်များလျော့ပါးသွားကာ အေးအေးဆေးဆေး စားသောက်လေတော့သည်။ အချိန်အတန်ကြာအောင် နားနေအပန်းဖြေစားသောက်ပြီးမှ နှစ်ယောက်သား ကျသင့်ငွေများ ပေးချေပြီးထွက်လာခဲ့သည်။

ယာယီ ရွက်ဖျင်တဲအုပ်စု၏ ယာယီ ဈေးခင်းလေးအတွင်း လျှောက်သွား ကြည့်ရှုနေကြခိုက် ကျားသရဲ တောင်ကြားတွင် ရန်မိန်ကျန်း အကူအညီပေးခဲ့ဖူးသည့် မိန်းကလေးနှင့် ဆုံမိကြလေသည်။



ထိုမိန်းကလေးနှင့်အတူ လင်ယန်ပင်းဆိုသူ လူရွယ်လည်းပါရှိလာသည်။

ဈေးခင်းလေး၏ အစွန်ဆုံးပိုင်းနားလောက်တွင် မျက်နှာချင်းဆိုင် ဆုံမိကြခြင်းဖြစ်သည်။

မိန်းကလေးက ရန်မိန်ကျန်းကို ချက်ချင်းပင် မှတ်မိသည်။

"ဟော....ရှင်ပါလား၊ ဟိုယာတဲကနေ ရှင် ဘာမပြောညာမပြော ထွက်သွားပြီးကတည်းက ပြန်မဆုံရတော့ဘူးထင်နေတာ အခု ပြန်တွေ့ကြရပြီ၊ ရှင်က ဘယ်သွားမှာလဲ"

မိန်းကလေးက စကား ရွှန်းရွှန်းဝေဖောင် ပြောဆိုလေသည်။

"ဟို....လုံစန်းတောင်ခြေကို သွားမလို့ပါ"

ရန်မိန်ကျန်းသည် စိတ်ထား ရိုးဖြောင့်သည်။ မလိမ်တတ်၊ မညာတတ်၊ မိမိတို့ သွားရမည့်နေရာကို လျှို့ဝှက်ထားသင့်ကြောင်း သိသော်လည်း မိန်းကလေးက ရုတ်တရက် မေးချလာရာ ရန်မိန်ကျန်းကလည်း လွတ်ခနဲပင် ပြန်ဖြေမိလိုက်လေသည်။

"အလည်သက်သက်လား အကြောင်းကိစ္စရှိလို့လား"

မိန်းကလေးက ထပ်ဆင့်အဲမေးစကားများဆက်သည်။

"ဟို....အဲ"

ရန်မိန်ကျန်းမှာ လိမ်လည်းမပြောတတ်၊အမှန်ကိုထုတ်ပြောရန်လည်း မသင့်ကြောင်း နားလည်ကာသတိရှိနေပြီမို့ အထစ်ထစ် အငေါ့ငေါ့ဖြစ်နေသည်။

"ကျွန်တော်တို့ညီနောင် ဒေသန္တရ ဗဟုသုတ ရှာဖွေရင်း တောင်ပိုင်းဒေသက ထင်ရှားတဲ့နေရာတွေကို လျှောက်သွားမလို့ပါ"

ရန်မိန်ကျွန်း၏အကြောင်းကို သိနေသော ဝမ်မိန်ထန်က ကြားဝင်ကာ ပြောလိုက်လေသည်။

"ဪ...ဒေသန္တရဗဟုသုတ အရှာထွက်လာကြတာကိုး၊ ကောင်းပါတယ်၊ ရပ်ဝေးဒေသမှာ မထင်မှတ်ဘဲ ကြုံကြိုက်တွေ့ဆုံရတုန်း ညှော်ဝတ်ပြုစုပါရစေ၊ ကျွန်မတို့နဲ့အတူတူ အသားကင် လိုက်စားပါလား"

"ကျေးဇူးဆောင်ပါတယ်၊ ကျွန်တော်တို့ အခုပဲ စားသောက်ပြီးခဲ့ပါပြီ၊ ခွင့်ပြုပါဦးနော်"

ဝမ်မိန်ထန်က နှုတ်ဆက်စကား ဆိုကာ ရန်မိန်ကျွန်းကို အသာဆွဲ၍ ထွက်လာခဲ့သည်။

*　　*　　*

"အဲဒီမိန်းမက အစ်ကိုနဲ့ ဘယ်လိုပတ်သက်နေလဲ"

ယာယီ ရွက်ဖျင်တဲစခန်းမှ ထွက်လာခဲ့ပြီးသည့်အခါ ဝမ်မိန်ထန်က မေး၏။

"ဘယ်လိုမှ မပတ်သက်ပါဘူး၊ သူ ရန်သူတွေနဲ့ တိုက်ခိုက်ရင်း အဆိပ်မိနေတာကို တို့က ကူညီပေးခဲ့ဖူးတယ်၊ ဒါပါပဲ"

"သူက အစ်ကို့မိတ်ဆွေ မဟုတ်ဘူးလား"



"မဟုတ်ပါဘူး၊ သူ့နာမည်တောင် မသိဘူး"

ရန်မိန်ကျွန်းက ထိုမိန်းမပျိုကို ကျားသရဲတောင်ကြားတွင် တွေ့ရှိကူညီပေးခဲ့ပုံအကြောင်းများကို ပြောပြလိုက်သည်။

"သူက ဘာကြောင့် ဒီတောင်ကြားဘက်ကို ရောက်လာရတာလဲ"

"အဲဒါတော့ တို့လဲ ဘယ်လိုလုပ် သိနိုင်မှာလဲ"

"သူက အစ်ကို့နောက် လိုက်လာတာတော့ မဟုတ်နိုင်ပါဘူးနော်"

"ဟာ...မဟုတ်ပါဘူး၊ သူနဲ့ တို့နဲ့က မိတ်ဆွေတောင် မဖြစ်ခဲ့ကြတာ၊ သူက ဘာကြောင့် တို့နောက်ကို လိုက်လာရမှာလဲ"

"ဒါဆို သူတို့လဲ ဟိုသိုင်းကျမ်းအတွက် လာကြတာဖြစ်ဖို့များတယ်"

"ဟုတ်ပါ့မလား ညီမရယ်"

"ဒါကတော့ ကျွန်မစိတ်ထင် ပြောတာပါ၊ သေချာအောင်တော့ စောင့်အကဲခတ်ကြည့်ရမှာပေါ့၊ လာ...သူတို့နှစ်ယောက်ဟာ သိုင်းကျမ်းကို လိုက်စုံစမ်းနေတာဆို ဒီလမ်းအတိုင်း လာကြမှာပဲ၊ ကျွန်မတို့ အသာ ပုန်းစောင့်နေပြီး သူတို့အရိပ်အခြည်ကို လိုက်ကြည့်မယ်"

"ဟိုလူတွေနောက် မလိုက်တော့ဘူးလား"

"ဟိုလူတွေက သိုင်းကျမ်းနဲ့ ပတ်သက်တယ်ဆိုတာ သေချာနေတယ်၊ သူတို့သွားမယ့်လမ်းကြောင်းကိုလဲ သိထားပြီးသား

မဟုတ်လား၊ အဲဒီအမျိုးသမီးအကြောင်းသာ အသေအချာ မသိရသေးတာ၊ ဒါကြောင့် သူ့ကို စောင့်ကြည့်ရမယ်''

ဝမ်မိုန်ထန်သည် လူသွားလမ်းကြောင်းလေး၏ဘေးနားရှိ မြက်ပင်ရှည်ကြီးများထဲသို့ ဝင်သွားရာ ရန်မိန်ကျန်းလည်း အတူလိုက်သွားရလေသည်။

ထိုမြက်ခင်းပြင်ကျယ်ကြီးထဲတွင် လမ်းဟူ၍တော့ မညီမညာ ရှိ မရှိပါ။ အသွားအလာ အတန်အသင့်များသည့်အတွက် မြက်ပင်များ ရှည်ရှည်မြင့်မြင့်မပေါက်ဘဲ လမ်းကြောင်းနေရာ လို ဖြစ်နေသည်မျှသာရှိသည်။

ယခု ရန်မိန်ကျန်းတို့ နှစ်ယောက်သည် ထိုလမ်းကြောင်း အုန်ဖုန်လေးတစ်ခု၏ ဘေးနားတွင် ပုန်းအောင်းကာ စောင့် ကြည့်နေကြခြင်း ဖြစ်သည်။

အချိန်များ တရွေ့ရွေ့ ကုန်သွားသည်။

မိန်းမပျိုလေးတို့ ပေါ်မလာ။ မိန်းမပျိုလေးတို့သာမက မည်သူတစ်ဦးတစ်ယောက်မျှပင် ထိုလမ်းကြောင်းလေးအတိုင်း လျှောက်မလာကြ။

ရန်မိန်ကျန်း စိတ်ပျက်စပြုသည်။

ထိုမိန်းကလေးသည် အခြားလမ်းကြောင်းတစ်ခုခုမှ သွား ချင်သွားနိုင်ကြောင်း တွေးမိသည်။ ဝမ်မိန်ထန်ကို ပြောမည် အပြု ဝမ်မိန်ထန်က ပါးစပ်ပေါ် လက်ညှိုးတေ့ကပ်ကာ တိတ်တိတ်နေရန် အချက်ပြသည့်အတွက် မပြောဖြစ်တော့၊

အာရုံစိုက်၍ နားထောင်ကြည့်ရာ တိုးညင်သော ခြေသံ ဖွဖွကို စတင်ကြားရသည်။ ခြေသံ တစစ နီးကပ်လာသည်၊



ထို့နောက် လမ်းကြောင်းလေးအတိုင်း လျှောက်လှမ်းလာ နေကြသော လူနှစ်ယောက်ကို တွေ့ရသည်။

မိန်းမပျိုလေးနှင့် လင်ယန်ပင်းတို့ပင်တည်း။

ရန်မိန်ကျန်းတို့ ပုန်းအောင်းနေသည့် နေရာအနားသို့ ရောက်သောအခါ လင်ယန်ပင်းနှင့်မိန်းမပျိုလေးတို့ရုတ်တရက် တုံ့ရပ်ကြသည်။ မိမိတို့ ပုန်းအောင်းနေသည်ကို ရိပ်မိသိရှိ သွားလေပြီလားဟု ရန်မိန်ကျန်း တွေးပူမိသည်။

အသက်ကိုပင် အောင့်ထားလိုက်သည်။ တုတ်တုတ်မလှုပ်။

လင်ယန်ပင်းသည် ဒူးတစ်ဖက်ထောက်ကာ ထိုင်ချလျက် မြေကြီးပေါ်တွင် တစ်စုံတစ်ရာ ရှာဖွေစူးစမ်းသလိုလုပ်သည်။ ထို့နောက် ထရပ်ကာ ဆက်လက်၍ လျှောက်လှမ်းသွား၏။

''သူတို့လဲ သိုင်းရေးခုနစ်သွယ်ကျမ်းနောက်ကို လိုက်နေ ကြတာဖြစ်ဖို့ ပိုသေချာလာပြီ''

လင်ယန်ပင်းနှင့် မိန်းမပျိုလေးတို့ ထွက်သွားကြပြီး ခဏ အကြာတွင် ဝမ်မိန်ထန်က ပြောသည်။ သူတို့နှစ်ယောက် ပုန်း အောင်းနေရာမှလည်း ထွက်လာခဲ့ကြသည်။

''ဒီလမ်းကြောင်းအတိုင်း လာတာနဲ့ သိုင်းကျမ်းနောက် ကို လိုက်နေတာလို့ ပြောနိုင်ပါ့မလား''

''သူတို့က ဟိုလူတွေရဲ့ ခြေရာကိုကောက်ပြီး လိုက်နေကြ တာလေ၊ ဒီတော့ သိုင်းကျမ်းအတွက်မဟုတ်ရင် ဘယ်အတွက် ကြောင့် ဖြစ်ရမှာလဲ၊ လာ...ကျွန်မတို့လဲ သူတို့လိုပဲ ခြေရာ ကောက်ပြီး နောက်ယောင်ခံ လိုက်သွားရအောင်''

* * *

ဝမ်မိန်ထန်သည် မြေကြီးပေါ် ဟိုကြည့် သည်ကြည့်လုပ်လိုက်၊ လျှောက်လှမ်းသွားလိုက် ပြုနေသည်။

ရန်မိန်ကျုန်းသည် သိုင်းတောလေများနှင့်အတူ ခရီးအတော်များများ သွားခဲ့ဖူးပြီး တောထဲတောင်ထဲတွင် သားကောင်များ ရှာဖွေပစ်ခတ်သည့် အမဲလိုက်မှုလည်း လုပ်ခဲ့ဖူးသောကြောင့် ခြေရာကောက်မှုတွင် အနည်းငယ် တတ်မြောက်ကျွမ်းကျင်သည်။

သို့သော် ဓားစကြာကြူးဟုန်တို့ လူစု၏ ခြေရာကိုတော့ မကောက်တတ်ပါ။ ဝမ်မိန်ထန် မည်သို့မည်ပုံ ခြေရာကောက်ကာ လမ်းကြောင်းရှာသည်ကိုလည်း မသိပေ။ ဝမ်မိန်ထန် လမ်းကြောင်းပြခေါ်ရာနောက်သို့သာ အသာလိုက်ပါနေခဲ့လေသည်။

အတန်ငယ် သွားမိကြပြီးသောအခါ တိုက်ခိုက်သံများ၊ လှုပ်ရှားသံများ၊ အော်ဟစ်သံများကို ကြားရလေတော့သည်၊

"ဟော...အစ်ကို့ရဲ့မိတ်ဆွေမလေးတော့ ရန်သူနဲ့ ရင်ဆိုင်တိုးနေပြီထင်တယ်"

ဝမ်မိန်ထန်က ပြောသည်။

"ဟာ...တို့မိတ်ဆွေ မဟုတ်ပါဘူးလို့ ပြောထားသားနဲ့ကွာ"

ဝမ်မိန်ထန်နှင့် ရန်မိန်ကျုန်းတို့နှစ်ယောက် မြက်ပင်ရှည်များအကြား တိုးကာ အသံများ ပေါ်ထွက်လာရာဆီသို့ ချဉ်းကပ်လာခဲ့ကြသည်၊



မကြာမီပင် တိုက်ခိုက်နေကြသည့်နေရာအနီးသို့ ရောက်လာကြသည်။ မြက်ပင်ရှည်များအကြား ပုန်းအောင်းလျက် တိုက်ခိုက်မှုအခြေအနေကို ကြည့်ရှုကြသည်။

တိုက်ခိုက်နေကြသည့်နေရာသည် မွေးမြူရေးစခန်းဟောင်းတစ်ခု ဖြစ်ဟန်တူသည်။ မြက်ပင်ရှည်များမရှိဘဲ တိုတိုပုပု မြက်ပင်အစုလေးတွေနှင့် တလင်းပြင်လို မြေပြောင်ပြောင်အနည်းအကျဉ်းရှိသည်။ စည်းရိုးတိုင်ဟောင်းလို ယိမ်းယိမ်းယိုင်ယိုင် ရှိနေသည်။

လင်ယန်ပင်းနှင့် မိန်းကလေးတို့နှစ်ယောက် ပူးပေါင်းကာ ကြူးဟုန်နှင့် ရင်ဆိုင်တိုက်ခိုက်နေကြသည်။

မြွေမင်းသားပိုင်မုစိမ်းနှင့် ငါးမန်းနက် ကျောင်းအိမ်လိတို့လည်း ရှိနေကာ ဘေးတွင် ခပ်အေးအေးရပ်လျက် တိုက်ပွဲကို ကြည့်နေကြသည်။

နှစ်ယောက်တစ်ယောက် တိုက်ခိုက်နေကြသည့်တိုင် လင်ယန်ပင်းနှင့် မိန်းကလေးတို့သည် အသာစီး ရမနေကြပါ။ ဓားစကြာကြူးဟုန်နှင့် သူတစ်ပြန် ကိုယ်တစ်လှည့် ဆိုသလို အပြန်အလှန် တိုက်ခိုက်နေကြလေသည်၊

မိန်းကလေးက ဓားသွားနှစ်ခုပါရှိသော 'နဂါးမာန်စွယ်ဓား'ကို ခပ်ကြမ်းကြမ်း ဝေ့ဝိုက် ထိုးပိုင်း တိုက်ခိုက်နေသလို လင်ယန်ပင်းကလည်း နှစ်ဖက်သွား ပုဆိန်ကြီး တဝင့်ဝင့်နှင့် မာန်တင်းတင်း တိုက်ပွဲဝင်နေသည်။

ကြူးဟုန်က ဓားရှည်တစ်လက်ဖြင့် တစ်ဖက်လူနှစ်ယောက်၏ တိုက်ချက်များကို သွက်လက်စွာ ရင်ဆိုင်တိုက်ခိုက်သည်။

ဓားတစ်ချက်ဝင့်လိုက်တိုင်း ဓားရိပ်ဓားရောင်တို့က အဆင့်ဆင့် အထပ်ထပ် ပေါ်ထွက်သည်။ ကြူးဟုန်၏ဓားသည် စကြာလိုပင် လည်ပတ်လှုပ်ရှားနေသည်။

မိန်းကလေး၏ နဂါးမာန်စွယ်ဓား အဝေ့အဝိုက် အထိုးအနက်များက ကြမ်းတမ်းရက်စက်ပြီး လင်ယန်ပင်း၏ နှစ်ဖက်သွားပုဆိန်တိုက်ချက်တွေက သွက်လက်အားပြင်းသော်လည်း ကြူးဟုန်၏ ဓားစကြာစက်ဝိုင်းကိုတော့ ထိုးဖောက်ကျော်ဖြတ်ခြင်း မပြုနိုင်။

ကြူးဟုန်၏ တန်ပြန်ဓားချက်များကတော့ မိန်းကလေးနှင့် လင်ယန်ပင်းတို့နှစ်ယောက် ပျာပျာသလဲ ဖြစ်ကုန်ကြရအောင် ခြိမ်းခြောက်နေသည်။

သည်အတိုင်းဆိုလျှင် မိန်းကလေးတို့ဘက်မှ မကြာမီအရေးနိမ့်ရတော့မည်မို့ ရန်မိန်ကျန်း အဖော်လေးပင် စိုးရိမ်ပူပန်လာမိသည်။ သည်မိန်းကလေး၏အမည်ကိုပင် မသိရသေးဘဲ ခင်မင်ရင်းနှီးမှုလည်း သိပ်မရှိခဲ့သော်လည်း ယခင်တစ်ကြိမ် မိမိ ကူညီကယ်တင်ပေးထားခဲ့သူမို့ ယခုအခါတွင်လည်း ထိခိုက် အနာတရ မဖြစ်စေချင်ပါ။ အရေးမနိမ့်စေလိုပါ။

ထို့ပြင် တစ်နယ်ရပ်ခြား တိုင်းတစ်ပါးသားဖြစ်သည့် စီးရှန့်ယ်စစ်မှူး မင်းသား မုကျင်းစန့်လိန်နှင့် ပူးပေါင်းခဲ့သော ဓားစကြာကြူးဟုန်တို့လူစုအပေါ် ရန်မိန်ကျန်းက မလိုလားသည့် စိတ်အခံလေးကလည်း ရှိနေသည်။

မိန်းကလေးတို့ အကျဉ်းအကျပ် အန္တရာယ်ကြုံတွေ့ရလျှင် ဝင်ရောက်ကူညီတိုက်ခိုက်ပေးရန် စိတ်ကူး၍ အသင့်ပြင်ထား



သည်။ ဝမ်မိန်ထန်သည် ရန်မိန်ကျန်း၏ စိတ်နေသဘောထားကို နားလည်သည့်အတိုင်း ရန်မိန်ကျန်း၏စိတ်ထဲတွင် မည်သို့တွေးတောကာ ဘယ်လိုဆုံးဖြတ်သည်ကို အတန်အသင့် ရိပ်စားမိသည်။

သူတစ်ပါး၏ပြဿနာတွင် စိတ်ဆန္ဒစောစောဖြင့်ဝင်ရောက်မစွက်ဖက်ရန် ရန်မိန်ကျန်း၏ ညာလက်မောင်းကို ခပ်တင်းတင်း ဖျစ်ညှစ်လိုက်သည်။

လင်ယန်ပင်းနှင့် မိန်းကလေးတို့၏အခြေအနေ ပိုဆိုးလာသည်။ ကြူးဟုန်၏ ဓားစကြာ ခုတ်ပိုင်း ထိုးနှက်ချက်များသည် သူတို့နှစ်ယောက်ကို လွှမ်းမိုး၍လာသည်။ တိုက်စစ်ပြုနေခဲ့သည့်အခြေအနေမှ ခံစစ်သာ ကြိုးစားလုပ်နေရသည့်အဖြစ်သို့ ရောက်လာသည်။

လင်ယန်ပင်းသည် အသေအလဲခုခံရင်း မီးကျည်တစ်ခုကို ထုတ်ယူကာ အမြန်လွှတ်တင်လိုက်သည်။ မီးကျည်သည် ရှူးခနဲမြည်ကာ ကောင်းကင်ထက်သို့ အတော်မြင့်မြင့် ထိုးတက်သည်။ ထိုမီးကျည် လွှတ်တင်လိုက်သည်ကို အတော်ဝေးဝေးကပင် မြင်နိုင်လောက်သည်။

"စစ်ကူခေါ်တာလား၊ ဟား ဟား ဟား၊စစ်ကူမရောက်ခင် မင်းတို့နှစ်ယောက် ငါ့ဓားအောက်မှာ အရှုံးပေးရမှာပါကွ"

ကြူးဟုန်က ရယ်မောပြောဆိုကာ ဓားချက်တွေကို ပိုမြန်စေလျက် ပိုအစွမ်းထက်ထက် အားပြင်းပြင်းနှင့် တိုက်ခိုက်သည်။ လင်ယန်ပင်းနှင့် မိန်းကလေးတို့ ဘယ်လိုမှ မခုခံနိုင်

ကြတော့။ ခေါ်ချက်များ အထိအရှခံကြရတော့မည့် အခြေသို့ ဆိုက်သည်။

ရန်မိန့်ကျန်း ပြေးဝင်ကူညီပေးရန် ဟန်ပြင်သည်။ ဝမ်မိန့် ထန်က လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ဟန့်တားပြန်သည်။

ထိုအချိန်မှာပင် ရိုးခနဲ ရိပ်ခနဲ လှုပ်ရှားမှုနှင့်အတူ အမျိုးသမီးကြီးတစ်ယောက် တိုက်ပွဲထဲသို့ ပြေးဝင်လာသည်။

အသက်(၄၀)ခန့် ရှိ၏။ အရပ်မြင့်ပြီး ကိုယ်ခန္ဓာက ပိန်ပိန်ပါးပါး၊ လှုပ်ရှားပုံ အတော်ပင် မြန်ဆန်သည်။ ရိုးခနဲ ရိပ်ခနဲ နှင့် ရောက်လာခြင်းဖြစ်သည်။ ညာလက်တွင် ကျားပွတ်ရှည် တစ်ခု ကိုင်ထားသည်။

ကျားပွတ်ကို သွက်လက်စွာ ဝှေ့ယမ်း ရိုက်နှက်လိုက်သောအခါ တရှီရှီအသံလေးများ ပေါ်ထွက်သည်။ ကျားပွတ်သည် ဝေ့ဝိုက်ပျံဝဲကာနေသည်။ ရန်မိန့်ကျန်း၏ စိတ်ထဲတွင် ထိုအမျိုးသမီးကြီး ကျားပွတ်လှုပ်ရှားရိုက်နှက်ဟန်များကို ရင်းနှီးသလိုလို ထင်မိသည်။

ခေါ်စကြာကြူးဟုန်သည် အသာကိုယ်ရှိန်သတ်ကာ နောက်သို့ဆုတ်သည်။ ခေါ်ရှည်ကို ဝှေ့ယမ်းလျက် ကျားပွတ်ရိုက်ချက်များကို ခုခံချေဖျက်သည်။ ကျားပွတ် အဝေ့အဝိုက် အဝှေ့အယမ်း လှုပ်ရှားရိုက်နှက်ချက်များကို လေ့လာစူးစမ်းသည့် အနေဖြင့် ခံစစ်ကိုသာ အဓိကလုပ်၍ နောက်သို့ တစ်ဆုတ်တည်း ဆုတ်ပေးနေသည်။



ရုတ်တရက်ကြည့်လျှင်တော့ ကြူးဟုန်၏ သိုင်းပညာစွမ်းသည် ထိုအမျိုးသမီးကို မယှဉ်နိုင်သလိုမျိုး ထင်ရက်စရာဖြစ်နေသည်။

ခဏအကြာတွင် ကြူးဟုန်သည် ကျားပွတ်ရိုက်ချက် လမ်းကြောင်းများနှင့် သိုင်းကွက်အပြောင်းအလဲတို့ကို အကဲခတ်မိသွားကာ တန်ပြန်တိုက်စစ်ဆင်လာသည်။ ကျားပွတ်ရိုက်ချက်များအကြားမှ ခေါ်ရိပ် ခေါ်ရောင်တွေ တိုးဝင်လာသည်။

အမျိုးသမီးကြီး၏ တိုက်စစ် တန့်သွားသည်။ နှစ်ယောက်သား တံတံခိုင်ခိုင်ပင် အပြန်အလှန် တိုက်ခိုက်၍နေကြ၏။

"ကျွန်မတို့ ဝင်ကူကြစို့"

မိန်းမပျိုလေးက ပြောပြောဆိုဆို ကြူးဟုန်ကို ပြေးဝင်တိုက်ခိုက်၏။ လင်ယန်ပင်းလည်း မိန်းမပျိုနှင့်အတူ ပူးပေါင်းတိုက်ပွဲဝင်လာသည်။

ကြူးဟုန်၏ သိုင်းပညာသည် ကျားပွတ်ကိုင် အမျိုးသမီးကြီးနှင့် ကောင်းကောင်း ယှဉ်နိုင်သည်။ အကြိတ်အနယ် တိုက်ခိုက်မည်ဆိုလျှင် ထိုအမျိုးသမီးကြီးကိုပင် အနိုင်ရနိုင်လောက်သည်။ လင်ယန်ပင်းနှင့် မိန်းကလေးတို့က အမျိုးသမီးကြီးနှင့်အတူပူးပေါင်းတိုက်ခိုက်လာသည့်အတွက် သုံးယောက်တစ်ယောက် ရင်ဆိုင်တိုက်ခိုက်နေရသလိုမျိုးဖြစ်ကာ ကြူးဟုန်၏ ခေါ်သိုင်းကွက်များ စိတ်ထင်တိုင်း မလှုပ်ရှားနိုင်တော့။ ခြေရှုပ်လက်ရှုပ် ဖြစ်လာသည်။

ငါးမန်းနက် ကျောင်းအိမ်လီသည် ငါးမန်းစွယ်လက်နက်ကို ထုတ်ယူကာ တိုက်ပွဲထဲသို့ ဝင်လာသည်။

ငါးမန်းစွယ် လက်နက်သည် ဓားလုံတစ်မျိုး ဖြစ်သည်။ လက်ကိုင်ရိုးက နှစ်ပေခန့်ရှည်ပြီး အသွားကတော့ သုံးပေသာသာခန့် အရှည်ရှိ၏။ အသွားသည် ဗျက် ခြောက်လက်မသာသာခန့်ကျယ်ကာ အသွား၏ ဘေးဘက်တို့တွင် ငါးမန်းစွယ်လို ဆူးချွန်များ ထိုးထိုးထောင်ထောင် ရှိနေ၏။ အသွားကလည်း ထက်မြ၏။ အသွားဖြင့် ခုတ်မိသည်ဖြစ်စေ၊ ဆူးချွန်များနှင့် ထိုးထိမိလျှင်ဖြစ်စေ သက်သာမည် မဟုတ်။ အသားတွေ ဆုတ်ပြတ် ပေါက်ပြဲကုန်နိုင်သည်။

ကျောင်းအိမ်လိသည် ကြူးဟုန်နှင့် နှစ်ယောက်အတူတွဲကာ ပူးပေါင်းတိုက်ခိုက်ခြင်းတော့ မလုပ်ပေ။ လင်ယန်ပင်နှင့် မိန်းကလေးတို့ကိုသာ ဘေးဘက်သို့ ဖယ်ရဲထွက်သွားအောင် ငါးမန်းစွယ်လက်နက်ဖြင့် ဝှေ့ယမ်းတိုက်ခိုက်ခြောက်လှန့်ထုတ်သည်။

အမျိုးသမီးကြီးကိုတော့ ကျောင်းအိမ်လိက မတိုက်ခိုက်၊ ကြူးဟုန်၏ဓားချက်များကိုသာ အမျိုးသမီးကြီး ရင်ဆိုင်နေရသည်။

ငါးမန်းစွယ်လက်နက်တိုက်ချက်ပြင်းပြင်းနှင့် ခြိမ်းခြောက်ထိုးနှက်လာမှုကြောင့် မိန်းကလေးနှင့် လင်ယန်ပင်းတို့ နှစ်ယောက် အမျိုးသမီးကြီးနှင့် ဝေးရာသို့ ဘေးဖယ်ရှောင်ထွက်သွားကြသည်။ အမျိုးသမီးကြီးနှင့်အတူ ပူးပေါင်းကာ ကြူးဟုန်ကို ဆက်လက်တိုက်ခိုက်ခြင်း မပြုနိုင်ကြတော့ပေ။

အမျိုးသမီးကြီးမှာလည်း ကြူးဟုန်နှင့် အကြိတ်အနယ်ပင် ရင်ဆိုင်တိုက်ခိုက်နေရပေရာ ကျောင်းအိမ်လိ၏ ငါးမန်း



စွယ်လက်နက်ကို ကြားဝင်ဟန့်တား ချေဖျက်ခြင်း မလုပ်နိုင်ပေ။

လင်ယန်ပင်နှင့် မိန်းကလေးတို့က အမျိုးသမီးကြီးနှင့်အတူ ပူးပေါင်းတိုက်ခိုက်နိုင်ရန် ကြိုးစားလေသည်။ သို့သော် ငါးမန်းစွယ်လက်နက်၏ဟန့်တားပိတ်ဆို့မှုကိုမကျော်လွှားနိုင်ကြပေ။ နောက်သို့သာ ဆုတ်နေကြရသည်။

ကြူးဟုန်နှင့် တစ်ယောက်ချင်းရင်ဆိုင်တိုက်ခိုက်နေရသော အမျိုးသမီးကြီး၏ အခြေအနေကလည်း သိပ်မဟန်လှပါ။ ကျောပွတ်ရှည်ကို ချားရဟတ်လို တရစပ်ဝှေ့ယမ်းရိုက်နှက် ခုခံကာကွယ်နေသည့်ကြားမှ ကြူးဟုန်၏ဓားချက်များက တိုး၍လာနေကြသည်။ ထိုဓားချက်များကို အမျိုးသမီးကြီးအတော်ပင် ကြိုးစားကာ နှိမ်ရှောင်တိမ်း၍ နေရလေသည်။

မိန်းကလေးနှင့် လင်ယန်ပင်းတို့၏ အနေအထားကတော့ ပို၍ဆိုးသည်။ ငါးမန်းစွယ်လက်နက်ကို အလူးအလဲပင် ခံနေကြရသည်။ အသားကို မထိမရှမိသေးသော်လည်း အင်္ကျီလက်မောင်းစများနှင့် အင်္ကျီပခုံးစများမှာတော့ ငါးမန်းစွယ်လက်နက်ဖြင့် ထိမိချိတ်မိကာ အစုတ်အပြဲတွေ ဖြစ်နေကြလေပြီ။

ကြာကြာ ဆက်လက်ခုခံရှောင်တိမ်းနိုင်ဖို့ မလွယ်တော့။ မကြာခင်ပင် ငါးမန်းစွယ်လက်နက် အထိခံရတော့မှာ သေချာနေသည်။

ရန်မိန်ကျန်း ကြည့်မနေသာတော့။ မိန်းကလေးဘက်မှဝင်ရောက်ကူညီရန် ကိုယ်ဟန်ပြင်သည်။ ဝမ်မိန်ထန်က လက်

မောင်းကို အသာဆုပ်ကိုင်ကာ ဟန့်တားပြန်သည်။ သည်တစ်ခါတွင်တော့ မိန်းကလေးအတွက်လည်း အလွန်ပင် အန္တရာယ်ကြီးနေပြီဖြစ်သောကြောင့် ရန်မိန့်ကျန်းက ဝမ်မိန်ထန် ဟန့်တားသည့်ကြားမှ အတင်းပင် ဇွတ်ထွက်မည် ပြုသည်။

ထိုအခိုက်မှာပင်....

* * *

ထိုအချိန်မှာပင် တိုက်ခိုက်နေသည့်နေရာသို့ လူငါးယောက် ပြေးလွှားရောက်ရှိလာကြသည်။

သိုင်းတေလေငါးဖော်တို့ပင် ဖြစ်သည်။

လိပ်ပြာမယ် ချန်ဖုန်းအင်းက ဓားစကြာကြူးဟုန်ကို ဝင်ရောက်တိုက်ခိုက်သည်၊ ကြူးဟုန်မှာ ချန်ဖုန်အင်း၏ ကျာပွတ်ရိုက်ချက်ကြောင့် တိုက်စစ် တုံ့ရပ်သွားရသည်။

ဘန့်လီခက်စမ်းက ငါးမန်းနက် ကျောင်းအိမ်လီထံသို့ ကြယ်ပျံလက်နက်ပုန်းနှစ်ခု ပစ်လွှတ်သည်။ ကျောင်းအိမ်လီလည်း မိန်းကလေးကို ဖိနှိပ်တိုက်ခိုက်နေရာမှ ငါးမန်းစွယ်လက်နက်ကို ရုပ်သိမ်းဝှေ့ယမ်းကာ သူ့ထံသို့ ဝင်လာသော ကြယ်ပျံလက်နက်ပုန်းများကို ဆီးကြို ရိုက်ထုတ်သည်။

မိမိအပေါ် ဖိနှိပ်ထားသော ငါးမန်းစွယ်လက်နက်၏ ခြိမ်းခြောက်မှု ဖယ်ဆုတ်သွားသည်နှင့် မိန်းကလေးက ကျောင်းအိမ်လီကို နဂါးမာန်စွယ်ဓားဖြင့် ဝှေ့ဝိုက် ထိုးခုတ်သည်။



ကြယ်ပျံလက်နက်ပုန်းများကို ရိုက်ထုတ်ဖယ်ရှားနေသည့်အချိန်မှာပင် မိန်းကလေး၏ နဂါးမာန်စွယ်ဓား အဝေ့အဝိုက်များ ဝင်လာလေရာ ကျောင်းအိမ်လီမှာ အကျဉ်းအကျပ် ကြုံသွားရသည်။

မိန်းကလေး၏ တန်ပြန်လှုပ်ရှားတိုက်ခိုက်မှု သည်မျှလောက် မြန်ဆန်လိမ့်မည်ဟုလည်း သူက ထင်မထားခဲ့ပါ။ အလစ်အငိုက်မိသလိုဖြစ်လျက် ကိုယ်ကို တိမ်း၍ ကမန်းကတန်း ရှောင်ပေးလိုက်သည်။

တစ်ဖက်တွင်လည်း ချန်ဖုန်းအင်း ဝင်တိုက်လာသောကြောင့် အခြေအနေ ချက်ချင်း ပြောင်းသွားသည်။ ခံစစ်ကို အသေအလဲပြုနေရသောအမျိုးသမီးကြီးသည် ဘစ်မှဟုတ်ချင်းပင် တိုက်စစ်အဖြစ် ပြောင်းလဲလာသည်။ ချန်ဖုန်းအင်းနှင့် အမျိုးသမီးကြီးတို့နှစ်ယောက် အတူပူးပေါင်းကာ တိုက်ခိုက်လာသော ကျာပွတ်ရိုက်ချက်များက ကြူးဟုန်ကို ကောင်းကောင်း ဒုက္ခပေးနိုင်သွားသည်။

နှစ်ယောက်ပူးပေါင်းတိုက်ခိုက်ကြသော ကျာပွတ်ရိုက်ချက်တို့သည် အပေးအယူမျှကာ အဆို့အပိတ်ကို ကိုက်ညီသည်။ စုပေါင်းတိုက်ကွက် အားအဟုန် ပေါ်ထွက်သည်။ ကြူးဟုန်ခြေရှုပ်လက်ရှုပ်ဖြစ်လျက် နောက်သို့ဆုတ်ပေးရသည်။ ကျာပွတ်ရှည်နှစ်ချောင်းသည် ကြူးဟုန်၏အနီးတစ်ဝိုက်တွင် မြွေပျံနှစ်ကောင်လို တရွှမ်းရွှမ်းမြည်လျက် မိုးအုပ် စီးထားသည်။

ကျောင်းအိမ်လီသည် မိန်းကလေး၏ဓားချက်များကို ပွတ်ကာသီကာ လွတ်အောင် ရှောင်ထွက်နိုင်သည်။ ထိုအခိုက်မှာ

ပင် လင်ယန်ပင်း၏ ဓားခုတ်ပိုင်းချက်များက ဝင်လာပြန်သည်။ မိန်းကလေးကလည်း အတင်းပုင် ဓား့တိုးကာ တရကြမ်း တိုက်စစ်ဆင်လာသည်။

ကျန်သိုင်းတေလေသုံးဖော်တို့ တိုက်ပွဲဝင်လာလျှင် ကြူးဟုန်နှင့် ကျောင်းအိလိမ်တို့နှစ်ယောက် မရှုမလှ အရေး ရှုံးနိမ့်ကြရမှာ သိသာထင်ရှားနေလေပြီ။

မြေမင်းသားပိုင်မုစိမ်းလည်း ကျန်လူသုံးယောက် တိုက်ပွဲဝင်လာလျှင် ကြူးဟုန်တို့ဘက်မှ ကူညီပေးရန် မြေနက်အဆိပ်အပ်တစ်ဆုပ်ထုတ်ကာ အသင့်ပြုလုပ်ထားသည်။

"ဝေး ဟေး ဟေး....ဝေး ဟေး ဟေး....ဝေး"

ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်ခါ၍ ဟိန်းထွက်သွားစေသည့် စူးရှကျယ်လောင် အားပြည့်သော မာန်သွင်း ဟစ်ကြွေးသံနှင့်အတူ အစိမ်းရောင် တံစုံ ဝတ်ဆင်ထားသော ယောကျ်ားကြီးတစ်ယောက် လေဟုန်စီးသကဲ့သို့သော ပေါ့ပါးလျင်မြန်မှုဖြင့် ခုန်လွှား ရောက်ရှိလာလေ၏။

"ဟာ....မိုးပျံနဂါး ရောက်လာပြီ၊ အမြန်ဆုတ်ကြတော့"

မြေမင်းသား ပိုင်မုစိမ်းက မိမိ၏ လူနှစ်ယောက်ကို အော်ဟစ် သတိပေးသည်။ အမျိုးသမီးကြီးနှင့် ချန်ဖုန်းအင်းတို့ရှိရာသို့ မြေနက်အဆိပ်အပ်အချို့၊ မိန်းကလေး၊ လင်ယန်ပင်းနှင့် ကြယ်ပျံကန်လီခက်စမ်းတို့ထံသို့ မြေနက်အဆိပ်အပ်အချို့နှင့် ရပ်ကြည့်နေကြသော ကျန်သိုင်းတေလေ သုံးဖော်တို့ထံသို့ မြေနက်အဆိပ်အပ်အချို့ သုံးနေရာခွဲကာ တရစပ်ပစ်လွှတ်သည်။



ထို့နောက် သူကိုယ်တိုင်လည်း တစ်ပတ်ကျွမ်းပစ်ကာ လျင်မြန်စွာ ပြေးလွှားထွက်ခွာသည်။

အမျိုးသမီးကြီးနှင့် ချန်ဖုန်းအင်းတို့ မြေနက်အဆိပ်အပ်များကို ကာကွယ်ရိုက်ထုတ် ရှောင်တိမ်းလိုက်စဉ် ကြူးဟုန်လည်း အမြန်ပင် နောက်ဆုတ် ရှောင်တိမ်းထွက်သွားသည်။

ရပ်ကြည့်နေကြသော သိုင်းတေလေ သုံးဖော်တို့ကလည်း သူတို့ထံ တန်းဝင်လာသော မြေနက်အဆိပ်အပ်များကို ဆီးကြိုရိုက်ထုတ်ပစ်လိုက်ကြသည်။

ကြယ်ပျံကန်လီခက်စမ်းက ကိုယ်ကို အဲသာယိမ်းကာ မြေနက်အဆိပ်အပ်များကို ရှောင်သည်။ လင်ယန်ပင်းက ဓားသည်ဖြင့် မြေနက် အဆိပ်အပ်များကို ရိုက်ထုတ် ဖယ်ရှားသည်။ ကျောင်းအိမ်လီလည်း နောက်သို့ ဆုတ်သည်။

မိန်းကလေးကမူ မြေနက်အဆိပ်အပ်များကိုအရေးမစိုက်။ နောက်ဆုတ် သွားသော ကျောင်းအိမ်လီ နောက်သို့သာ အတင်းလိုက်၍ နဂါးမာန်စွယ်ဓားဖြင့် ဝေ့ဝိုက်ထိုးခုတ်၏။

သည်လို မိုက်မိုက်ကန်းကန်း လုပ်လာလိမ့်မည် မထင်သော ကျောင်းအိမ်လီ အငိုက်မိသွားသည်။ နဂါးမာန်စွယ်ဓား၏ ဓားအစွယ်တစ်ခုဖြင့် ညာပခုံးကို ထိုးစိုက် ခုတ်ဖြတ်မိသည်။

မိုက်မိုက်ကန်းကန်း အတင်းဝင်တိုက်သော မိန်းကလေးမှာလည်း မြေနက်အဆိပ်အပ်သုံးချောင်း ထိမှန်ခံရသည်။

ပိုင်မုစိမ်းသည် မိမိ၏ လူနှစ်ယောက် နောက်ဆုတ် ရှောင်တိမ်းနိုင်ရန် လမ်းကြောင်း ဖွင့်ဟန့်တားသည့် အနေဖြင့်သာ မြေနက်အဆိပ်အပ်များ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်

အားလုံးလိုလိုကပင် ထိုမြွေနက်အဆိပ်အပ်များကို ရိုက်ထုတ်ရှောင်တိမ်းနိုင်ကြသည်။

မိန်းကလေးကတော့ ရှောင်တိမ်းခြင်း မရှိပါ။ အတင်းတိုးဝင်တိုက်စစ်ဆင်သောကြောင့် မြွေနက်အဆိပ်အပ် အထိခံလိုက်ရခြင်း ဖြစ်ပေသည်။

"ဟာ....မေလင်ကို ထိသွားပြီ"

လင်ယန်ပင်းက စိုးရိမ်တကြီးအော်ဟစ်ကာ မိန်းကလေးကိုပြေး၍ ဖေးမပွေ့ယူပေးသည်။

"ရတယ်၊ အရေးမကြီးဘူး၊ ဟိုလူကို ဆက်တိုက်"

မိန်းကလေးကပြောသည်။

"မရှိတော့ဘူး၊ ထွက်ပြေးသွားပြီ"

"တောက်...၊လွတ်ထွက်သွားတာ နာလိုက်တာ"

မိန်းကလေးက မကျေမချမ်းပြောသည်။ ပြောရင်း အသံတိမ်ဝင်သွားသည်။ မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

"အဆိပ်တက်လာပြီ၊ အမြန်အဆိပ်ဖြေကုပေးရမယ်"

အမျိုးသမီးကြီးကပြောပြောဆိုဆို မိန်းကလေးကို ပွေ့ယူသည်။လင်ယန်ပင်းလည်းအမျိုးသမီးကြီးကိုတစ်ချက်မော့ကြည့်ကာ မိန်းကလေးကို လက်လွှတ်ပေးလိုက်သည်။ အမျိုးသမီးကြီးကမိန်းကလေးကိုပွေ့ချီကာ မြက်ပင်ရှည်ကြီးများအကြားသို့ တိုးဝင်သွားသည်။ ချန်ဖုန်းအင်းလည်း နောက်မှအတူလိုက်သွားသည်။

"ကိုင်း....တူတော်မောင် ငါနဲ့လိုက်ခဲ့ပေတော့"



အစိမ်းရောင်ဝတ်စုံဝတ်လူကြီးက လင်ယန်ပင်းအား ပြောသည်။

ထိုယောကျ်ားကြီးမှာ ကျောက်စိမ်းနဂါးဂေဟာ၏ ဦးစီးခေါင်းဆောင် ပင်လယ်နဂါး လင်ကျင့်၏ အတိယညီတော် မိုးပျံနဂါး လင်ကွမ်းဟို ဖြစ်သည်။

အလုပ်တာဝန်ဖြင့် ခရီးထွက်ခဲ့ရာမှ အလုပ်တာဝန်ပြီးဆုံးသော်လည်း ကျောက်စိမ်းနဂါးဂေဟာသို့ ပြန်မလာသေးဘဲ သိုင်းလောကတွင် လည်ပတ်နေသူ လင်ယန်ပင်းအား ခြေရာခံလိုက်လံစုံစမ်းနေရာမှ လင်ယန်ပင်း လွှတ်တင်လိုက်သည့် အချက်ပေး မီးရောင်ကိုတွေ့မြင်ကာ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

လင်ယန်ပင်းက မိန်းကလေးရှိနေသည့် နေရာဘက်သို့ အသာလှမ်းမျှော်ကြည့်သည်။

"ဒီကောင်မလေးက အဆိပ်လက်နက်အထိခံရပြီး အဆိပ်မိသွားပေမယ့် အဆိပ်ပြန်ဖြေနိုင်တယ်ဆိုတာ မင်းသိပါတယ်၊ သူ့အတွက် ပူပန်မနေပါနဲ့"

မိုးပျံနဂါးလင်ကွမ်းဟို့က မပြုံးတပြုံးအမူအရာနှင့် ပြောသည်။

လင်ယန်ပင်းက သက်ပြင်းတစ်ချက်ချလိုက်ကာ....

"အင်း....ဦးရီတော်နဲ့ ဆုံရပြီဆိုတော့ ဦးရီးတော်နောက်ကို လိုက်ရမှာပေါ့၊ ကူညီပေးတာကို ကျေးဇူးတင်ပါတယ်"

လင်ယန်ပင်းသည် လင်ကွမ်းဟို့ကိုပြောနေရာမှ သိုင်းတောလေမျှားဘက်သို့လှည့်ကာ ကျေးဇူးတင်စကားပြောသည်။

"နှုတ်ဆက်ခဲ့ပါတယ်"

လင်ကွမ်းဟိုကလည်း သိုင်းတေလေများကို နှုတ်ဆက်သည်။ ထို့နောက် တူဖရီးနှစ်ယောက် ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

* * *

မိန်းမပျိုလေး အဆိပ်လက်နက်ပုန်း အထိခံရသည်တွင် ရုတ်တရက်တော့ ရန်မိန်ကျန်း စိုးရိမ်ပူပန်သွားမိသည်။

ထို့နောက် လင်ကွမ်းဟို့ပြောစကားကို ကြားရတော့မှ မိန်းမပျိုလေးနှင့် စတင်ဆုံခဲ့စဉ်ကလည်း အဆိပ်သင့်နေမှုကို မိန်းမပျိုလေးက ပြန်ဖြေကုသနိုင်ခဲ့ပုံကို သတိရကာ စိုးရိမ်ပူပန်စိတ်များပပျောက်သည်။ ထို့ပြင် မိန်းမပျိုလေး အဆိပ်ဖြေကုသနေစဉ် တွေ့မြင်ခဲ့ရသည့် အသွင်အပြင်ကို ပြန်မြင်ယောင်ကာ မျက်နှာပူထူ ဖိန်းရှိန်းသွားရလေသည်။

"တို့ ဆရာတွေကို ထွက်တွေ့လိုက်ဦးမယ်"

ရန်မိန်ကျန်းက ဝမ်မိန်ထန်ကို ပြောသည်။

"အစ်ကို့ဆရာတွေက ဘယ်သူလဲ"

"နောက်ပိုင်းမှာ ရောက်လာတဲ့ ငါးယောက်ပါ"

စကားအဆုံးတွင် ရန်မိန်ကျန်း ပုန်းအောင်းနေရာမှထွက်လာသည်။ ဝမ်မိန်ထန်လည်း နောက်မှအတူ လိုက်ပါလာသည်။



စကားပြောသံများ ကြားရသည့်အတွက် ရန်ကျောက်ယုတို့က လှမ်းကြည့်လိုက်ကြရာ မြက်ပင်ရှည်များအကြားမှ တိုးထွက်လာသော ရန်မိန်ကျန်းတို့ကို တွေ့သွားကြလေသည်။

"ဟာ....မိန်ကျန်းပါလား၊ မင်းကို ဒီမှာတွေ့ရမယ်မထင်ဘူး"

ရန်ကျောက်ယုက အားရဝမ်းသာ နှုတ်ဆက်သည်။ ဝမ်မိန်ထန်ကိုမူ အကဲခတ်သလို တစ်ချက်ကြည့်သည်။

"ဘိုးဘိုးတို့ကကော ဘယ်လိုလုပ်ပြီး ဒီတောင်ကြား လွင်ပြင်ကို ရောက်လာကြတာလဲ"

ရန်မိန်ကျန်းက ဦးညွှတ်အရိုအသေပေးရင်း ပြောသည်။

"ဟား ဟား ဟား၊ ငါတို့က နေရာအနှံ့လျှောက်သွားနေကြတဲ့လူတွေပဲ၊ ခရီးသွားရင်း ရောက်လာကြတာ၊ တိုက်သံခိုက်သံတွေ ကြားရလို့ လာအကြည့်မှာ ညီမငယ်ဖုန်းအင်းရဲ့ ဆွေမျိုးဖြစ်နေလို့ ဝင်ကူပေးကြတာပဲ"

"ဘယ်သူက ဒေါ်လေးဖုန်းအင်းရဲ့ ဆွေမျိုးလဲ"

"မင်း ဒေါ်လေးကို မင်းဘာသာ မေးကြည့်ပေတော့၊ သူ ခဏကြာရင် ထွက်လာမှာပါ"

ထိုအခိုက် ရွှေမင်းသမီး လုကျင်းက ကြားဝင်ကာ...

"ဒါနဲ့ အဲဒီမိန်းကလေးက ဘယ်သူလဲကွယ့်"

"သူက ကျွန်တော်ရဲ့ ထို...အဲ....ဝမ်မိန်ထန်ပါ ဒေါ်လေးကျင်း"

ရန်မိန်ကျန်းသည် မိမိနှင့် ဝမ်မိန်ထန်တို့ ချစ်သူတွေဟု ပြောဖို့လည်း နှုတ်မရဲ။ မိတ်ဆွေ သူငယ်ချင်းဟုလည်း မညာချင်သည့်အတွက် စကားအထစ်ထစ် အငေါ့ငေါ့ ဖြစ်သွား၏။

"ကျွန်မ ဝမ်မိန်ထန် ဒေါ်လေးကျင်းကို အရိုအသေပေးပါတယ်"

ဝမ်မိန်ထန်ကတော့ ဣန္ဒြေမပျက်ရည်ရည်မွန်မွန်ပင်ဂါရဝစကားဆိုသည်။

"ဩော်....အင်း၊ သူက တို့ရဲ့ဘိုးဘိုး ရန်ကျောက်ယု၊ သူက ဦးရီးတော် ထန်းမောက်စူး၊ ပြီးတော့ ဦးရီးတော် ကန်လိခက်စမ်း၊ တို့ကို သိုင်းပညာသင်ပေးတဲ့ ဆရာတွေ"

ရန်မိန်ကျန်းက ကျန်သိုင်းတေလေများနှင့် ဝမ်မိန်ထန်ကို မိတ်ဆက်ပေးသည်။ ဝမ်မိန်ထန်ကလည်း ရန်မိန်ကျန်း ခေါ်သလိုပင် ဘိုးဘိုး ဦးရီးတော် စသဖြင့်ခေါ်ကာ တစ်ယောက်ချင်းကို ဂါရဝပြုသည်။

ဝမ်မိန်ထန်၏ ရည်မွန်သွက်လက် ယဉ်ကျေးဖွယ်ရာရှိမှုကို သဘောကျကာ ရန်ကျောက်ယု၊ ထန်းမောက်စူးနှင့် ကန်လိခက်စမ်းတို့ ခေါင်းတညိတ်ညိတ် ဖြစ်ကြသည်။ လုကျင်းကသာ ပုံမှန်မျက်နှာထားဖြင့် ဝမ်မိန်ထန်ကို အကဲခတ်ကာ ကြည့်နေသည်။

ခဏအကြာတွင် မြက်ပင်ရှည်ကြီးများအကြားမှ ချန်ဖုန်းအင်း ပြန်ထွက်လာသည်။

"ညီမငယ်ရေ.... ဒီမှာ ဘယ်သူရောက်နေလဲ၊ ကြည့်စမ်းပါဦး"



ရန်ကျောက်ယုက ဆီးပြောသည်။ ရန်မိန်ကျန်းကို မြင်ရသောအခါ ချန်ဖုန်းအင်း၏မျက်နှာ ပြုံးရွှင်သွားသည်။

"ဟာ....ကြည့်စမ်း၊ မိန်ကျန်းပါလား၊အတော်ပဲ၊အားလုံးအဆင်ပြေတော့မယ်"

"ဝမ်မိန်ထန်နဲ့မင်းဒေါ်လေးကို မိတ်ဆက်ပေးလိုက်လေ"

လုကျင်းက ဝင်ပြောသည်။ ရန်မိန်ကျန်းလည်း ချန်ဖုန်းအင်းနှင့် ဝမ်မိန်ထန်တို့ကို မိတ်ဆက်ပေးလိုက်သည်။ ချန်ဖုန်းအင်းက ဝမ်မိန်ထန်ကို စူးစူးစိုက်စိုက်ပင် ကြည့်ရှုအကဲခတ်သည်။ စိတ်ရှုပ်ထွေးသည့်အသွင်ဖြင့် မျက်မှောင်လည်း အနည်းငယ် ကြုတ်သည်။

"ဘယ်သူက ဒေါ်လေး ဖုန်းအင်းနဲ့ အမျိုးတော်တာလဲဟင်"

မိတ်ဆက်စကားများ ဆိုပြီးသောအခါ ရန်မိန်ကျန်းက မေးလိုက်သည်။

"ကျာပွတ်ကိုင်တဲ့ အမျိုးသမီးကြီးက ငါ့ရဲ့ ဆယ့်လေးယောက်မြောက် အဒေါ် ဝမ်းကွဲပဲ၊ အဆိပ်အပ် အထိခံလိုက်ရတဲ့ မိန်းကလေးက အဒေါ် ဝမ်းကွဲရဲ့သမီး ငါ့ရဲ့ တူမဝမ်းကွဲဆိုပါတော့"

"ဒါဆို သူတို့က နဂါးဓားဂေဟာရဲ့ မျိုးဆက်တွေပေါ့၊ ဟုတ်လားဟင်"

ချန်ဖုန်းအင်းသည် နဂါးဓားဂေဟာ၏ မျိုးဆက် တစ်ယောက်ဖြစ်ကြောင်း သိထားသည့်အတွက် ရန်မိန်ကျန်းက မေးလိုက်လေသည်။

"ဟုတ်တယ်၊ သူတို့နှစ်ယောက်က နဂါးဓားဂေဟာရဲ့ သခင်မ ယိုလုဝမ်းနဲ့ သူ့သမီး ချန် မလင်တို့ပဲလေ"

ထိုစကားများကိုကြားရသောအခါ ရန်မိန်ကျွန်းမဖြစ်စဖူး အထူးပင် စိတ်လှုပ်ရှားသွားသည်။ ဝမ်မိန်ထန်ကိုလည်း မလုံမလဲပင် လှမ်းကြည့်လိုက်မိသည်။ မိမိခါးပတ်ကြားတွင် ထည့်သိမ်းထားသော ရွှေစင်ဓားပျံကိုလည်း လက်နှင့် မသိမသာ စမ်းလိုက်မိလေသည်။

ချန်မေလင်ဆိုသော အမည်ကို ရန်မိန်ကျွန်း ကောင်းစွာ သိရှိရင်းနှီးနေသော်လည်းလူကိုယ်တိုင်ကိုတော့ သည်တစ်သက်တွင် ဆုံတွေ့ရလိမ့်မည်ဟု ထင်မထားခဲ့ပေ။

ရန်မိန်ကျွန်း ဘာပြောရမည်ကို မသိတော့ပါ။

"ချန်မေလင်က အဆိပ်ဖြေ ကုသပြီး အနားယူရဦးမှာ ဆိုတော့ ဒီနေရာမှာ ယာယီစခန်းချနေကြရင် ကောင်းမယ် ထင်တယ်"

လုကျင်းက အကြံပေးသည်။

"အင်း....ကောင်းပါတယ်၊ နဂါးဓားဂေဟာ သခင်မနဲ့လဲ အေးအေးဆေးဆေး စကားပြောကြရတာပေါ့"

ရန်ကျောက်ယုက ခေါင်းညိတ်ကာ ပြောသည်။

သိုင်းတောလေ ငါးဖော်တို့ထံတွင် ယာယီ ရွက်ဖျင်တဲနှစ်ခု ပါရှိလာကြ၏။ သိုင်းတောလေတို့မှာ ခရီးလှည့်လည်သွားလာနေကြသူများ ဖြစ်ကြပေရာ ယာယီစခန်းချရန် ပြုလုပ်စီစဉ်မှုတွင် အထူးပင် ကျွမ်းကျင်ကြသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ယာယီရွက်ဖျင်တဲနှစ်ခု ထိုးပြီးသွားကာ မြက်ပင်ရှည်



များကို စုစပ်လျက် တစ်ခါသုံးအိပ်ရာနေရာများလည်းအတော်ပြည့်ပြည့်စုံစုံ ပြုလုပ်ပြီးသွားသည်။

ချန်မေလင်၏ ကိုယ်ပေါ်မှ အဆိပ်များကိုလည်း ပျောက်ပြယ်သွားအောင် လုပ်နိုင်ပြီးဖြစ်ရာ ယိုလုဝမ်က သမီးကို ဖေးမတွဲလျက် မြက်ပင်ရှည်များ ကြားထဲမှ ထွက်လာသည်။

"တူမလေး ကောင်းကောင်း နားနေနိုင်အောင် နေရာထိုင်ခင်း စီစဉ်ထားပါတယ် အစ်မတော်"

ချန်ဖုန်းအင်းက ဆီး၍ပြောကာ ရွက်ဖျင်တဲတစ်ခုထဲသို့ လမ်းပြခေါ်သွားသည်။ လုကျင်းလည်း ချန်ဖုန်းအင်းနှင့်အတူ လိုက်သွားလေသည်။

"ကျွန်မ သောက်ရေ သွားခပ်လိုက်ဦးမယ်"

ဝမ်မိန်ထန်က ရန်မိန်ကျွန်းကို ပြောဆိုကာ ရေဘူးနှစ်ခု ယူပြီး ထွက်သွားသည်။

ရန်မိန်ကျွန်း ယောင်လည်လည်နှင့် ကျန်နေခဲ့သည်။ ဟိုလျှောက် သည်လျှောက် လုပ်နေစဉ် ရွက်ဖျင်တဲထဲမှ ချန်ဖုန်းအင်း ထွက်ကာ သူ့ထံသို့ လျှောက်လာသည်၊

"မိန်ကျွန်း....လာ ဒေါ်လေးနဲ့လိုက်ခဲ့ပါဦး"

ချန်ဖုန်းအင်းကခေါ်ရာ ရန်မိန်ကျွန်းလည်း ချန်မေလင်တို့ရှိနေသည့် ရွက်ဖျင်တဲထဲသို့ လိုက်ပါသွားရလေသည်။

ရွက်ဖျင်တဲထဲတွင် ယာယီပြုလုပ်ထားသော မြက်မွေ့ရာထက်တွင် ချန်မေလင်က ပက်လက်ကလေး လဲလျောင်းနေသည်။ အိပ်ပျော်နေသည်လားတော့ မသေချာ။ မျက်စိအစုံကိုတော့မှိတ်၍ အသက်မှန်မှန်ရှူ၍နေလေသည်။ ချန်မေလင်၏

ဘေးနားတွင် ယိုလုဝမ်ထိုင်နေသည်။ ယိုလုဝမ်က ရွှက်ဖျင်တဲလေးထဲသို့ဝင်ရောက်လာသော ရန်မိန်ကျန်းကို စူးစမ်းဟန်ဖြင့် ခပ်စိန်းစိန်းကြည့်သည်။

ရန်မိန်ကျန်း၏စိတ်ထဲတွင် လှုပ်ရှားနေသည်။ မိမိအတွက် ထူးခြားသောအကြောင်းခြင်းရာတစ်ခု ကြုံတွေ့ရတော့မည်ကိုလည်း အလိုလိုပင်နားလည်သိရှိနေသည်။

"သူက ရန်ကျောက်ထိုင်းနဲ့ ထူးပိန်ကျင်းတို့ရဲ့သား ရန်မိန်ကျန်းပါ၊ အစ်မတော်တို့နဲ့ အကြောင်းက သိပ်ကိုတိုက်ဆိုင်လို့ မမျှော်လင့်ဘဲ ပြန်ဆုံတွေ့ရတာပါ"

ချန်ဖုန်းအင်းကဤစကားများထုတ်ဖော်ပြောချလိုက်သည်နှင့် ရွှက်ဖျက်တဲလေးထဲတွင် ထူးခြားသောတိတ်ဆိတ်ငြိမ်သက်မှုတစ်ခု ရုတ်ခြည်းလွှမ်းမိုးသည်။ ရွှက်ဖျင်တဲအတွင်းရှိ လေသည်ပင်လျှင် သေသွားသလိုဖြစ်သည်။

ရန်မိန်ကျန်းကို စူးစိုက်ကြည့်နေသော ယိုလုဝမ်၏ မျက်ဝန်းများထဲတွင် အရိပ်အယောင်မျိုးစုံတို့ ပြောင်းလဲထင်ဟပ်ပေါ်ပေါက်သည်။

"မင်းက တကယ်ပဲ ရန်ကျောက်ထိုင်းနဲ့ ထူးပိန်ကျင်တို့ရဲ့သားလား"

ခဏကြာမျှငြိမ်သက်တိတ်ဆိတ်နေပြီးနောက် ယိုလုဝမ်က မေးသည်။

"ဟုတ်ပါတယ်"

ရန်မိန်ကျန်းက ခပ်တိုးတိုးပြောသည်။

"ငါနဲ့ ငါ့သမီးတို့ကိုတော့ မင်းသိမှာပေါ့"



"ဟုတ်ကဲ့၊ ကျွန်တော့်မိဘတွေပြောပြထားလို့ သိနေပါတယ်"

"ခင်းဆီမှာ အထိမ်းအမှတ်ပစ္စည်း ရှိသေးလား"

ရန်မိန်ကျင်းက ချက်ချင်းပြန်မဖြေ။ အနည်းငယ်တုံ့ဆိုင်းနေသည်။ ဝမ်မိန်ထန်၏ရုပ်သွင်က သူ့စိတ်အာရုံတွင် ထင်ဟပ်လာသည်။ ယိုလုဝမ်ပြောသော အထိမ်းအမှတ်ပစ္စည်းဆိုသည်မှာ ရွှေစင်ဓားပျံ ဖြစ်ပေရာ ထိုပစ္စည်းရှိသေးကြောင်း ပြောလိုက်လျှင် ယိုလုဝမ်၏သမီး ချင်မေလန်နှင့်မိမိ စေ့စပ်ကြောင်းလမ်းထားမှုကို သိရှိလက်ခံထားကြောင်း ဝန်ခံသည့်သဘောဖြစ်မည်ကို ရန်မိန်ကျန်း သိသည်။

နဂါးဓားဂေဟာမိသားစုနှင့် လုံးဝအဆက်အသွယ် ပြတ်တောက်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်နေလေရာ စေ့စပ်ကြောင်းလမ်းမှု အထိမ်းအမှတ်ပစ္စည်း မိမိထံတွင်မရှိတော့ဟု ပြောလိုက်ပြီး ယခင်ကစေ့စပ်ကြောင်းလမ်းခဲ့မှုကိုမသိရှိ၊ အသိအမှတ်မပြုသည့်သဘော ငြင်းဆန်လျှင်ရနိုင်သည်ကိုလည်း ရန်မိန်ကျန်း စဉ်းစားမိသည်။

သို့သော် ရန်မိန်ကျန်းသည် ရိုးသားဖြောင့်မတ်လှသူ ဖြစ်ပေရာ သူ၏ခါးစည်းမြွေရေခွံ ခါးပတ်ထဲတွင် သေသေချာချာ ထည့်သိမ်းထားသည့် ရွှေစင်ဓားပျံကိုရှိလျက်နှင့် မရှိဟု ပြောပင်မပြောလို။

ထို့ပြင် မိဘကို ရိုသေလေးစားသော သားကောင်းယောက်ျားတစ်ယောက်လည်း ဖြစ်ပေရာ မိဘနှစ်ပါးပြောဆိုမှာကြားထားခဲ့ချက်ကိုလည်း မျက်ကွယ်မပြုနိုင်ပါ။

ဝမ်မိန်ထန်ကို အသည်းနှင့်အောင် ချစ်ခင်မြတ်နိုးလျက် တစ်သက်တာဘဝအဖော်မွန်အဖြစ် အခိုင်အမာဆုံးဖြတ် ရွေးချယ်ထားပြီးဖြစ်သော်လည်း အမှန်ကိုအမှားလုပ်ကာ လိမ်လည်လှည့်ဖြားပြောဖို့ အလွန်ပင် ဝန်လေးနေသည်။

"ဟုတ်ကဲ့ ရှိပါတယ်"

နောက်ဆုံးတွင်တော့ ရန်မိန်ကျန်းက အမှန်အတိုင်း အရှိအတိုင်း ရိုးသားစွာ ပြန်အဖြေပေးလိုက်သည်။

"ပြစမ်း"

ယီလုဝမ်ကပြောသည်။

ရန်မိန်ကျန်းလည်း မြွေသားရေခွံ ခါးပတ်၏ယျှို့ဝှက်အိတ်ကပ်လေးထဲမှ ရွှေစင်ခါးပျံကိုထုတ်ယူကာ ယီလုဝမ် ကြည့်ရှုနိုင်ရန် ပြလိုက်သည်။

"အေး...,အေး ကောင်းတယ်....ကောင်းတယ်၊ မင်းနဲ့ အခုလို မမျှော်လင့်ဘဲ ပြန်ဆုံတွေ့နိုင်ဘာ ငါ အများကြီး ဝမ်းသာတယ်၊ သမီးချန်မေလင်အတွက်လဲ အစစအရာရာ စိတ်အေးသွားရပြီပေါ့"

ရွှေစင်ခါးပျံကိုတွေ့မြင်ရသောအခါ ယီလုဝမ်က ခေါင်းတညိတ်ညိတ်နှင့်ပြောသည်။ အမျိုးသမီးကြီး၏ မျက်နှာသည် ဝမ်းသာကြည်လန်းနေသည်။ မျက်ဝန်းများတွင်တော့ မျက်ရည်တို့ ရစ်ဝဲ၍နေသည်။

ချန်ဖုန်းအင်းက ရန်မိန်ကျန်းနှင့် ချန်မေလင်တို့ကို စေ့စပ်ကြောင်းလမ်းပွဲပြုလုပ်ပေးရန် တိုက်တွန်းပြောကြားသည်။မိမိ



က အောင်သွယ်တော်အဖြစ် ဆောင်ရွက်ပေးမည်ဟုလည်း ကတိပြုသည်။

ရန်မိန်ကျန်းကတော့ စေ့စပ်ကြောင်းလမ်းပွဲ မလုပ်ရန် ငြင်းပယ်ဘားဆီးလိုသည်။ သို့ရာတွင် ဘယ်လိုသော စကားမျိုးဖြင့် မည်သို့မည်ပုံပြောဆိုငြင်းပယ်ရမည်ကို စဉ်းစား၍မရနိုင်သောကြောင့် အကျပ်ရိုက်ကာ အခက်တွေ့၍နေလေ၏။ ဘာမျှမပြောမဆိုဘဲ သည်အတိုင်း ငေးငေးငိုင်ငိုင်နှင့်သာ ရပ်၍ နေလေ၏။

ချန်ဖုန်းအင်းကတော့ စေ့စပ်ကြောင်းလမ်းမှုကိစ္စများကို တက်တက်ကြွကြွပင် ပြောဆိုနေလေသည်။

ရန်မိန်ကျန်း၏အမူအရာ ပုံမှန်မဟုတ်ဘဲ တစ်မျိုးကြီး ဖြစ်နေသည်ကို ယီလုဝမ်က သတိပြုမိသည်။ သို့သော် ချန်ဖုန်းအင်းပြောဆိုနေသော စေ့စပ်ကြောင်းလမ်းပွဲ အကြောင်းစကားများကြောင့် သည်ကောင်လေး မျက်နှာအထားရ ခက်ကာ အမူအရာပျက်နေခြင်း ဖြစ်မည်ဟုသာ တွေးမိလေသည်။

"သမီး မေလင်ဟာ အဆိပ်ပြေသွားပြီဆိုပေမယ့် အနားယူ အားမွေးဖို့တော့ လိုနေသေးတယ်၊ သူကောင်းကောင်းနေထိုင်ကောင်းလာတော့မှပဲ စေ့စပ်ကြောင်းလမ်းဖို့ ရက်ရွေးစီစဉ်ကြတာပေါ့"

ယီလုဝမ် က ချန်ဖုန်းအင်း၏စကားများ လက်စပြတ်သွားအောင် ဝင်ပြောလိုက်သည်။

ဤသို့ဖြင့် ချန်ဖုန်းအင်းနှင့် ရန်မိန်ကျန်းတို့သည် ယိလုဝမ်ကို နှုတ်ဆက်ကာ ယာယီ ရှက်ဖျင်တဲကလေးထဲမှ ထွက်လာခဲ့ကြလေသည်။

* * *

ဝမ်မိန်ထန်မှာ အကင်းပါးပြီး ဉာဏ်ရည် ထက်မြက်သူကလေးမို့ အခြေအနေ မည်သို့မည်ပုံရှိသည်ကို အကဲခတ်မိသည်။ မည်သို့ဖြစ်စေ ရန်မိန်ကျန်း၏ ချစ်မေတ္တာနှင့် သံယောဇဉ်တို့ကိုတော့ ဝမ်မိန်ထန် ယုံကြည်သည်။ စိတ်ချသည်။

ရန်မိန်ကျန်းသည် သစ္စာမပျက်ဘဲ မိမိအပေါ် ခိုင်ခိုင်မြဲမြဲ ချစ်ခင်မြတ်နိုးနေမည်ကိုလည်း သိသည်။

မထင်မှတ်ဘဲ ဖြစ်ပေါ်လာသော အခြေအနေပြောင်းလဲမှုများကို ရန်မိန်ကျန်း သိရှိနားလည် အထာကျသွားစေလိုသော ရည်ရွယ်ချက်ဖြင့် ရေသွားခပ်မည်ဟု အကြောင်းပြကာ တမင်ပင် ရှောင်ပေးသွားခဲ့ခြင်း ဖြစ်သည်။

ရေတစ်ခေါက်မျှသာ သွားခပ်ပြီးနောက် အသာပင်အခြေအနေကို စောင့်ကြည့်နေခဲ့ရာ ချန်ဖုန်းအင်းနှင့် ရန်မိန်ကျန်းတို့ ယိလုဝမ်တို့၏ ယာယီရှက်ဖျင်တဲလေးထဲမှ ထွက်လာကြသည်နှင့် ဝမ်မိန်ထန်လည်း သူတို့အနီးသို့ ရောက်လာခဲ့သည်။

ချန်ဖုန်းအင်းက ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့နှစ်ယောက် အကြောင်းကို သိသင့်သလောက် သိထားသည်။ ဝမ်မိန်ထန် အပေါ် မလိုမုန်းထား မရှိသော်လည်း ရှေးရိုးထုံးတမ်းစဉ် လာကိုလိုက်နာစောင့်ထိန်းတတ်သူမို့ နှစ်ဖက်လူကြီးမိဘများ



အတိအလင်း ပြောဆိုသဘောတူညီထားပြီးဖြစ်သည့် ရန်မိန်ကျန်းနှင့် ချန်မေလင်တို့၏ မင်္ဂလာကိစ္စကို ဝမ်မိန်ထန်ကြောင့် မပျက်ပြား၊ မထိခိုက်စေလိုပေ။

ထို့ကြောင့် ချန်ဖုန်းအင်းသည် ရန်မိန်ကျန်း၏ အနားမှ မခွာဘဲ ဟိုစကားပြော သည်စကားပြောလုပ်နေခဲ့သည်။

သို့ရာတွင် ဝမ်မိန်ထန်သည် နှုတ်သွက်ပြီး အပြောကောင်းသူကလေးလည်း ဖြစ်ပေရာ မိမိတို့အနီးမှ ချန်ဖုန်းအင်း ထွက်ခွာသွားစေရန်အတွက် ပရိယာယ်ကြွယ်ကြွယ် စကားလှလှလေးများဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဖန်တီးနိုင်ခဲ့သည်။

ချန်ဖုန်းအင်း မသွားချင်သွားချင်နှင့် ထွက်သွားခဲ့ရသည်။

"အစ်ကိုမှာ ဟို ငယ်ငယ်ကလေး ကတည်းက မိဘတွေ သဘောတူ ရည်စူးထားတဲ့ မိန်းကလေးတစ်ယောက် ရှိခဲ့တယ် မဟုတ်လား"

နှစ်ယောက်တည်းကျန်နေသောအခါ ဝမ်မိန်ထန်က မေးသည်။

ရန်မိန်ကျန်း၏ ရိုးဖြောင့်သော စိတ်နေစိတ်ထားကိုသိနေသောကြောင့် ရိုးရိုးရှင်းရှင်းနှင့် တဲ့တိုး ပွင့်ပွင့်လင်းလင်းမေးသည်။

"အင်း....ဟုတ်တယ်"

"အဲဒီမိန်းကလေးရဲ့ မိသားစုနဲ့ အစ်ကိုတို့ မိသားစုတွေ ဘယ်လိုမှ မဆုံဖြစ်ကြဘဲ အဆက်အသွယ် ပြတ်တောက်နေကြတာ အတော်ကြာပြီလား"

"ဟုတ်တယ်၊ ကြာပြီ"

"ဆယ်နှစ်ကျော်ကျော်လောက်ရှိမလား"

"မကဘူး၊ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်လောက်တောင် ရှိနေပြီ"

"ဟုတ်လား၊ ဒီလောက် အချိန်အကြာကြီး လုံးဝကို အဆက်အသွယ် ပြတ်တောက်နေခဲ့ကြတာ ဆိုတော့ ဟိုး... အရင့်အရင်တုန်းက ပြောဆို သဘောတူထား ကြတာလဲ ပျက်သလောက်တော့ ဖြစ်သွားရောပေါ့နော် ဟုတ်လား"

"ဟာ...အဲဒီလိုတော့ မဟုတ်သေးဘူး"

"ဘာကြောင့်မဟုတ်သေးရတာလဲ အစ်ကိုရဲ့၊ ဘာ့အဆက် အသွယ်မှ မရှိတော့တဲ့ဥစ္စာပဲ"

"ဟိုလေ... အင်း....အဲ.... အဲဒီလို သဘောထားတုန်းက အပြန်အလှန် လဲလှယ်ခဲ့ကြတဲ့ အထိမ်းအမှတ်ပစ္စည်းက တို့ဆီ မှာ ရှိနေတုန်းပဲလေ၊ ဒီတော့ ဟို...."

ဝမ်မိန်ထန်က ရုတ်တရက် ကြားဖြတ်ကာ....

"အဲဒီမိန်းကလေးနဲ့ ပြန်ဆုံရင် အစ်ကိုက သူနဲ့လက်ထပ် မှာလား"

"ဟင့်အင်း"

"ဒါဆို သူနဲ့ဆုံမိတဲ့အခါကျတော့ လက်မထပ်နိုင်တော့ ဘူးလို့ အပြတ်ပြောလိုက်မယ်ပေါ့ ဟုတ်လား"

"ဟာ. .မဟုတ်သေးဘူး၊ အဲဒီလိုကြီးပြောလို့ သင့်ပါ့ မလား"

"ဘာကြောင့် မသင့်လျော်တာလဲ၊ အစ်ကိုမှ လက်မထပ် ချင်တာ"



"တို့ကတော့ ညီမနဲ့ပဲလက်ထပ်မှာ၊ ဒါပေမယ့် ဒီကိစ္စက နှစ်ဖက်မိဘတွေ သဘောတူထားခဲ့တာ၊ တို့က တို့သဘောနဲ့ တို့ ငြင်းပယ်ပစ်လို့ ဘယ်ရနိုင်မှာလဲ"

ဝမ်မိန်ထန်က တစ်ချက်စဉ်းစားလိုက်ပြီး....

"ကျွန်မတို့ ဒီကနေ အမြန်ထွက်သွားကြရအောင်"

"ဘာလုပ်ဖို့လဲ၊ ဘယ်ကိုသွားမှာလဲ"

"ဘာမှ မေးမနေနဲ့၊ ကျွန်မကိုချစ်တယ်ဆိုရင် ကျွန်မနဲ့ လိုက်ခဲ့ ဒါပဲ"

သူတို့နှစ်ယောက် ခရီးဆောင်အိတ်များကို အမြန်သွားယူ ကာ ယာယီစခန်းချထားရာနေရာမှ ထွက်သွားကြတော့မည် အပြုတွင် ချန်ဖုန်းအင်းနှင့် ရင်ဆိုင်တိုးမိကြသည်။

ချန်ဖုန်းအင်းသည် ဝမ်မိန်ထန် စကားပရိယာယ် ကြွယ်မှု ကြောင့် ထွက်လာခဲ့ရသော်လည်း စိတ်ထဲတွင် မကျေမနပ် ရှိနေခဲ့သည်မို့ သူတို့နှစ်ယောက်နောက်သို့ တစ်ခေါက် ပြန် လိုက်လာခြင်းဖြစ်သည်။

"ဟိတ်....မိန်ကျန်း၊ ဒါက ဘယ်သွားမလို့လဲ"

ရန်မိန်ကျန်းမှာ မည်သူ့ကိုမျှပင် ပြောဆိုအသိပေးခြင်း မပြုဘဲ တိတ်တဆိတ် ထွက်ခွာရမှုကြောင့် စိတ်မလုံဘဲရှိနေရာ ဘာပြန်ပြောရမည်မသိ။

"ဪ....ကျွန်မတို့ ခရီး ဆက်သွားကြတော့မလို့ပါ၊ ဒေါ်လေးတို့ အလုပ်များနေတာမြင်လို့ လာမနှုတ်ဆက်တော့ တာပါ၊ ခွင့်ပြုပါဦး ဒေါ်လေး"

ဝမ်မိန်ထန်ကသာ ပြန်ပြောသည်။ ပြောပြောဆိုဆို ရန်မိန်ကျန်း၏လက်ကိုဆွဲကာ လျှောက်လှမ်းထွက်သွားမည် ပြုသည်။ အပြောအဆိုအမူအရာ ရည်မွန်သော်လည်း ကျဲနေရာမှ အမြန်ဆုံး ထွက်ခွာသွားလိုမှုကတော့ ဖုံးဖိလို့မရ။ သိသာပေါ်လွင်နေသည်။

ချန်ဖုန်းအင်းလည်း လူကဲခတ်ညံ့သူတစ်ယောက် မဟုတ်သည့်အတွက် ဝမ်မိန်ထန်က မည်သည့်ရည်ရွယ်ချက်စိတ်ကူးဖြင့် ရန်မိန်ကျန်းကိုခေါ်ကာ ထွက်ခွာရကြောင်းကို ရိပ်မိသည်။

"အို....မဟုတ်တာ၊ ဒီလိုကြီးထွက်သွားလို့ ဘယ်ကောင်းမှာလဲ၊ ပြီးတော့ မိန်ကျန်းအတွက် စေ့စပ်ကြောင်းလမ်းပွဲကလဲ လုပ်တော့မှာလေ"

ချန်ဖုန်းအင်းက တမင်ပင် စေ့စပ် ကြောင်း လမ်းမှုအကြောင်းကို ထည့်ပြောချလိုက်သည်။

ကျဲစကားသည် ဝမ်မိန်ထန်ကို ကောင်းကောင်း ထိသွားစေသည်။ မိန်းကလေး၏စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သည်။ ထိခိုက်နာကျင်သည်။ ခေတ္တမျှ စိတ်ကို မထိန်းနိုင်အောင်လည်း ဖြစ်သွားရသည်။

"ဘာစေ့စပ်ကြောင်းလမ်းပွဲလဲ၊ လုပ်ဖို့ စိတ်မကူးနဲ့"

စဉ်းစားဆင်ခြင်မှုနှင့် စိတ်ထိန်းချုပ်မှု ခေတ္တမျှ လွတ်သွားမှုနှင့်အတူ မခံချင်သည့်ဆန္ဒဖြင့် ဝမ်မိန်ထန်က ပက်ခနဲ ပြန်ပြောသည်။

ချန်ဖုန်းအင်းမှာလည်း ဝမ်မိန်ထန်၏ ကျဲအပြောကြောင့် ဒေါသထွက်လာရသည်။



"အမယ်....မင်းနဲ့ ဘာဆိုင်လို့လဲ"

ချန်ဖုန်းအင်းက ပြောပြောဆိုဆို ဝမ်မိန်ထန်ကို ညာလက်ဝါးဖြင့် လှမ်းရိုက်သည်။ ဘယ်လက်ကတော့ ရန်မိန်ကျန်းကို လှမ်း၍ဆွဲခေါ်သည်။

ဝမ်မိန်ထန်လည်း ချန်ဖုန်းအင်း၏ညာလက်ဝါးရိုက်ချက်ကို ခပ်ကြမ်းကြမ်း ပုတ်ထုတ်ဖယ်ရှားကာ ရန်မိန်ကျန်းကိုလည်း ချန်ဖုန်းအင်း ဆွဲမခေါ်နိုင်အောင် ဘေးသို့ တွန်းပို့သည်။

ထို့နောက် ထပ်ဆင့်လက်ဝါးရိုက်ချက်များနှင့် ချန်ဖုန်းအင်းကို တရစပ် ရိုက်နှက်တိုက်ခိုက်သည်။

စိတ်မထိန်းနိုင်ဘဲ ဒေါသလည်း အတော်ထွက်နေသည်မို့ ဝမ်မိန်ထန်က အစွမ်းအထက်ဆုံးသိုင်းကွက်များကို ထုတ်သုံးသည်။ လက်ဝါးရိုက်ချက်တို့က ကြမ်းတမ်း ခက်ထန်နေသည်။

ချန်ဖုန်းအင်း နောက်သို့ ကမန်းကတန်းဆုတ်ကာ ရှောင်တိမ်းလိုက်ရသည်။ လက်ဝါးရိုက်ချက် အထိမခံရသော်လည်း ပြင်းထန်သော လေလှိုင်းအားအဟုန် ရိုက်ခတ်မှုကိုတော့ ကောင်းကောင်းကြီး ထိတွေ့သိရှိရသည်။ ကြမ်းတမ်းခက်ထန်လှသည့် သိုင်းကွက်သိုင်းဟန်နှင့် အင်အားတို့ကြောင့် ချန်ဖုန်းအင်း၏မျက်နှာ ထက်ခနဲပင် ပျက်သည်။

"သွေးကြောဖြတ် လက်ဝါးသိုင်းပါလား၊မင်းက သွေးနီမောင်မယ်နဲ့ ဘာတော်သလဲ"

ချန်ဖုန်းအင်းက စိတ်လှုပ်ရှားခက်ထန်စွာ မေးသည်။

"ရှင် သိဖို့မလိုဘူး၊ တေးဖယ်ပါ....မရှုပ်နဲ့"

ဝမ်မိန့်ထန်က အသံခပ်စူးစူးဖြင့်ပြောကာ ချန်ဖုန်းအင်းကို သွေးကြောဖြတ်လက်ဝါးသိုင်းဖြင့်ပစ် နောက်ထပ် ရိုက်ချက် ဆင့်ကဲရိုက်နှက်သည်။ ချန်ဖုန်းအင်း ရင်ဆိုင်ခြင်းမပြုဝံ့၊ နောက်သို့သာ ဆက်၍ ခုန်လွှား ရှောင်တိမ်းပေးလိုက်ရပြန်သည်။

ချန်ဖုန်းအင်း ဆုတ်သွားသည်နှင့် ဝမ်မိန့်ထန်လည်း ရန်မိန်ကျန်းကို ဆွဲခေါ်ကာ လှစ်ခနဲ ပြေးထွက်သွားလေတော့သည်။

"အဲဒီကောင်မလေးနောက် လိုက်မသွားနဲ့၊ သူက သွေးနီ မောင်မယ်တို့ရဲ့သမီး၊ မကောင်းဆိုးဝါးမလေးပဲ"

ချန်ဖုန်းအင်းက ရန်မိန်ကျန်းကို လှမ်းအော် သတိပေးသည်။

ဤသို့ လှမ်းအော်ပြောဆို သတိပေးသံကို ရန်မိန်ကျန်း ကြားရသည်။ သွေးနီမောင်မယ်ဆိုသည့်အမည်ကို ရန်မိန်ကျန်း မကြားဖူးပါ။ ဘယ်လိုလူစားမျိုးတွေဟုလည်း မသိပေ။ ဝမ်မိန့်ထန်ကလည်း အတင်းဆွဲခေါ်၍ အမြန်ပြေးလွှားနေလေရာ ဘာလုပ်ရမည်မသိသော ရန်မိန်ကျန်းတစ်ယောက် ဝမ်မိန့်ထန် ဆွဲခေါ်ရာနောက်သို့သာ ပါသွားရလေတော့သည်။

* * *

ချန်ဖုန်းအင်း၏အနားသို့ သိုင်းတေလေတို့ အပြေးအလွှား ရောက်လာကြသည်။ ယိလုဝမ်လည်း ရောက်လာသည်။

"ဘာဖြစ်တာလဲ ညီမလေး"



ရန်ကျောက်ယုက မေးသည်။

"ဟို….ဟို….ရန်မိန်ကျန်းလေ ဒသွေးမိစ္ဆာမယ်လေးနောက် ပါသွားပြီ"

ချန်ဖုန်းအင်းက အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်ဖြေ၏။ သိုင်းတေလေတို့ မျက်နှာပျက်ကုန်ကြသည်။

"ဘာပြောတယ်….ဟိုကောင်မလေးက သွေးနီ မောင်မယ်တို့ရဲ့ သမီးလား"

ရန်ကျောက်ယုက မယုံနိုင်ဟန်ဖြင့် မေးသည်။

"ဟုတ်တယ်၊ အစကတော့ ကျွန်မလဲ မသိဘူး၊ သူက သွေးကြောဖြတ် လက်ဝါးသိုင်း ထုတ်သုံးတော့မှ သွေးနီမောင်မယ်တို့ရဲ့ သမီး သွေးမိစ္ဆာမယ်လေး ဖြစ်မယ်လို့ သိရတာ"

သွေးနီမောင်မယ်တို့သည် လူဆိုးလူမိုက်များမူ မဟုတ်ပါ။ သို့သော် သူတို့၏ သိုင်းပညာများသည် တစ်မူဆန်းကာ ကြမ်းတမ်း၍ ရက်စက်သည်။ ထို့ကြောင့် သိုင်းလောကတွင် သိုင်းမိစ္ဆာများဟု သတ်မှတ်ထားကြသည်။ လမ်းမှန် သိုင်းသမားအများစုသည် သွေးနီမောင်မယ်တို့နှင့် မပတ်သက်ဘဲ ခပ်ကင်းကင်း နေတတ်ကြသည်။ သွေးနီဂေဟာမှ သိုင်းသမားများကလည်း လက်လွန်ခြေလွန် တိုက်ခိုက်သတ်ဖြတ်မှု အတော်များများ လုပ်လေ့ရှိသည်။

"မိန်ကျန်းက သွေးမိစ္ဆာမယ်လေးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ယိလုဝမ်က မေးသည်။

ချွန်ဖုန်းအင်း အမြေရကျပ်သွားသည်။

"ဟို....အဲ....အတော်တော့ ခင်မင့်ကြပါတယ်"

ချွန်ဖုန်းအင်းက အတော်လေး ထိန်းသိမ်းကာ ပြန်ဖြေသည်။

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့နှစ်ယောက် မေတ္တာမျှနေနိုင်ကြောင်း ချွန်ဖုန်းအင်း အကဲခတ်မိထားသည်။ သိထားသည်။ ရန်မိန်ကျန်းနှင့် ချန်မေလင်တို့ နှစ်ယောက်အား စေ့စပ်ကြောင်းလမ်းပေးရေးကိစ္စကို မိမိကိုယ်တိုင် အောင်သွယ်လုပ်ပေးမည်ဟု ပြောဆိုကာ အတူးတလည် တိုက်တွန်းပြောဆိုထားခဲ့မိရာ ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့နှစ်ယောက် ချစ်ကြိုက်နေကြသည်ဟု ပြောရမှာ နှုတ်လေး၍နေသည်။ မျက်နှာလည်း ပူနေသည်။

"အဲဒီကောင်မလေးက ရန်မိန်ကျန်းကို သဘောကျနေတာပါ၊ အခု သူ့ဘက်ပါအောင် ဆွဲဆောင်နိုင်ဖို့ တစ်ဖက်လှည့်နဲ့ ခေါ်သွားတာ ဖြစ်လိမ့်မယ်၊ ရန်မိန်ကျန်းက ရိုးရိုးဖြောင့်ဖြောင့်ဆိုတော့ ဟိုကောင်မလေး လှည့်ပတ်ပြောဆိုတာကို အဟုတ်ထင်ပြီး ပါသွားတာနေမှာပဲ"

ရွှေမင်းသမီးလုကျင်းက ဝင်ပြောသည်။

ယိလုဝမ်က ဘာမျှမပြော။ သက်ပြင်းတစ်ချက်ချကာ မိမိ၏ ယာယီရွက်ဖျင်တဲဘက်သို့ ပြန်ထွက်သွားသည်။

သိုင်းတေလေ ငါးဖော်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကျန်နေခဲ့ကြလေသည်။

* * *



"အပြင်မှာ ဘာတွေဖြစ်နေတာလဲ"

ယာယီ ရွက်ဖျင်တဲလေးအတွင်းရှိ မြက်မွေ့ရာထက်တွင် ထိုင်လျက်ရှိနေသော ချန်မေလင်က တဲအတွင်း ပြန်ဝင်လာသည့် မိခင်ဖြစ်သူကို ဆီး၍မေးသည်။

"ဘာမှမဟုတ်ပါဘူး၊ ဟို သိုင်းတေလေတွေရဲ့ကိစ္စပါ"

ယိလုဝမ်က ခပ်တိုးတိုး ပြန်ဖြေသည်။

"ရန်မိန်ကျန်းဆိုတဲ့လူ ထွက်သွားပြီမဟုတ်လား"

ယိလုဝမ်မှာ ရုတ်တရက် ပြန်အဖြေရ ခက်သွားရသည်။

ချန်မေလင်သည် သူမထံတွင်ရှိနေသော 'အဆိပ်ဖြေမြစိမ်းကျောက်ဆွဲပြား' (စေ့စပ်ကြောင်းလမ်းရန် သဘောတူခဲ့ချိန်က ရန်မိန်ကျန်း၏ မိဘများက ပေးခဲ့သော အထိမ်းအမှတ်ပစ္စည်းဖြစ်သည်) ဖြင့် ကုသခဲ့၍ အဆိပ်များ ပြေပျောက်သွားပြီးနောက် အဘာမှိန်း၍နေခိုက် ချွန်ဖုန်းအင်းနှင့် ရန်မိန်ကျန်းတို့ ရောက်ရှိလာပြီး ပြောဆိုခဲ့ကြသည့်စကားများကို ကောင်းကောင်း ကြားသိခဲ့လေသည်။

အကြောင်းခြင်းရာမှန်များကို သိရှိလိုသောကြောင့် ဘာမျှမလုပ်ဘဲ အိပ်ပျော်နေသယောင်ပြုကာ ငြိမ်၍နားထောင်နေခဲ့သည်။

ရန်မိန်ကျန်းနှင့် စေ့စပ်ကြောင်းလမ်းပွဲ ပြုလုပ်ရန် ပြောဆိုနေကြသည့် စကားများကို ကြားရသောအခါတွင်မူ ချန်မေလင်မှာ ရယ်ချင်ချင်ပင် ဖြစ်ရလေသည်။

နဂါးခေါင်းဂေဟာ မျက်စီးပြိုကွဲခဲ့ချိန်က ယိလုဝမ်သည် ဒဏ်ရာ အပြင်းအထန်ရကာ တစ်နှစ်သမီးအရွယ်သာ ရှိသေး

သော ချန်မေလင်ကို ထွေးပိုက်လျက် ထွက်ပြေးခဲ့ရသည်။ ရရှိထားသော ဒဏ်ရာများကြောင့် လွတ်အောင် မပြေးနိုင်ဘဲ ရန်သူများ လိုက်မီလာကာ ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံခဲ့ရ၏။

ဒဏ်ရာအပြင်းအထန် ရရှိထားသည့်ကြားမှ အားတင်းကာ ခုခံတိုက်ခိုက်ရင်း ယိလုဝမ်မှာ မီးဇာကုန်ဆီခန်း ဖြစ်လုဆဲဆဲတွင် တစ်ကိုယ်မယ် မုယောင်ဝါး ရောက်လာကာ ကူညီကယ်တင်ခဲ့သည်။ မုယောင်ဝါးကြောင့် ယိလုဝမ်နှင့် သမီးငယ် ချန်မေလင်တို့ အသက်အန္တရာယ်မှ သီသီလေး လွတ်မြောက်ခဲ့ရသည်ဟု ဆိုရပေမည်။

အသက် မသေဆုံးခဲ့သော်လည်း ဒဏ်ရာတွေ ပြင်းထန်လှသောကြောင့်ယိလုဝမ်သည်သုံးနှစ်ကြာမျှအိပ်ရာထဲတွင် လဲနေခဲ့ကာ ဒဏ်ရာများ အတန်အသင့် သက်သာ၍ လဲရာမှထနိုင်ခဲ့သည့်နောက်တွင်လည်း ငါးနှစ်ခန့် အနားယူ အားမွေးခဲ့ရလေသည်။

ယိလုဝမ် ဒဏ်ရာများ လုံးဝပျောက်ကင်း၍ ကျန်းမာရေးကောင်းလာအောင် ကုသ အနားယူနေရသည့် ရှစ်နှစ်တာအချိန်ကာလအတွင်းတွင် ချန်မေလင်ကို မုယောင်ဝါးကသာ ကြည့်ရှုစောင့်ရှောက်ထားခဲ့ရလေ၏။ ချန်မေလင်တစ်ယောက် တစ်ကိုယ်မယ် မုယောင်ဝါး၏ လက်ပေါ်တွင် ကြီးပြင်းလာခဲ့ရပေသည်။

တစ်ကိုယ်မယ် မုယောင်ဝါးသည် ချန်မေလင်ကို အလွန်ချစ်သည်။ ယိလုဝမ်နှင့် ချန်မေလင်တို့ကို အထူး ဂရုစိုက်ကာ ကာကွယ် စောင့်ရှောက် ကြည့်ရှုခဲ့သည်။ ချန်မေလင်တို့၏ ကျေးဇူးရှင်ဟုပင် ဆိုနိုင်သည်။



ဤသို့ ကယ်တင်စောင့်ရှောက်ထားခဲ့မှုကြောင့် တစ်ကိုယ်မယ် မုယောင်ဝါးကို ယိလုဝမ်က တကယ်ပင် ကျေးဇူးတင်သည်။

သို့သော် တစ်ကိုယ်မယ် မုယောင်ဝါး၏ ထုံးတမ်းဓလေ့နှင့် လူမှုရေးရာ ကိစ္စများကို အရေးမစိုက်ဘဲ စိတ်ထင်ရာကို တစ်ဇွတ်ထိုးလုပ်ကိုင်တတ်သည့်အကျင့်စရိုက်များသည် သူမ၏ လက်ပေါ်တွင်သာ ကြီးပြင်းလာခဲ့ရသော ချန်မေလင်ထံသို့ ကူးစက်ရောက်ရှိလာခြင်းအတွက်တော့ ယိလုဝမ် စိတ်ညစ်နေရသည်။ စိတ်ကသိကအောက် ဖြစ်နေရသည်။ အခက်ပင်တွေ့နေရသည်။

ချန်မေလင်မှာ စိတ်နေစိတ်ထား၊ လုပ်ပုံကိုင်ပုံတို့တွင် တစ်ကိုယ်မယ် မုယောင်ဝါးနှင့် များစွာတူနေသည်။ တစ်ကိုယ်မယ် မုယောင်ဝါးအသေးစားလေးဟုပင်ဆိုရလောက်အောင် ဖြစ်သည်။

ဤသို့ဖြစ်လာရမှုအတွက် မည်သူ့ကို အပြစ်တင်ရမည်ကို ယိလုဝမ် မသိပါ။ ကံကြမ္မာ၏ဖန်တီးချက်ဟုသာ သဘောထားနေရလေသည်။ တစ်ကိုယ်မယ်မုယောင်ဝါးလို ဘာကိုမျှ ဂရုမစိုက်၊ လုပ်ချင်ရာကိုတစ်ဇွတ်ထိုးလုပ်နေတတ်သူချန်မေလင်၏ ဘဝရေးရေးအတွက် ရင်ကမအေးနိုင်အောင် ရှိနေချိန်တွင် ငယ်စဉ်က စေ့စပ်ကြောင်းလမ်းရန် နှစ်ဖက်မိဘသဘောတူပြောဆိုထားခဲ့သော ရန်မိန်ကျန်းနှင့်ပြန်ဆုံရပြီး ရန်မိန်ကျန်း

မှာလည်း ရိုးသားကာ သစ္စာရှိ တည်ကြည်ဖြောင့်မတ်သူဟု အကဲဖြတ်မိသောကြောင့် ချန်မေလင်အတွက် ဘဝအဖော်မွန် ကောင်းတွေ့ရပြီဟု ကျေနပ်ပီတိ ဖြစ်မည်ကြံကာရှိသေးသည်၊ ကံကြမ္မာက တစ်မျိုးတစ်ဖုံပြောင်းလဲလာရပြန်သည်။

"ပြောစမ်းပါမေမေရဲ့၊ ရန်မိန်ကျန်းဆိုတဲ့လူ ထွက်သွားပြီ မဟုတ်လား"

ချန်မေလင်က ထပ်၍မေးသည်။

ယိလုဝမ်လည်း မတတ်သာတော့ဘဲ ပြန်အဖြေပေးလိုက်ရလေသည်။

"အင်း....ဟုတ်တယ်"

"ကောင်းပါတယ် ရှင်းသွားတာပေါ့၊ ကျွန်မလဲ သွားတော့မယ်"

ယိလုဝမ် မျက်လုံးပြူးသွားကာ....

"ဟာ....အဆိပ်ပြယ်ပြီးကာစ ရှိသေးတာ၊ ဘယ်သွားဦးမလို့လဲ"

"ကျွန်မမှာ အရေးကြီးတဲ့ကိစ္စကြီးတစ်ခု လုပ်စရာရှိနေတယ် မေမေရဲ့၊ အချိန်နှောင့်နှေးနေလို့ မဖြစ်ဘူး၊ အဆိပ်သင့်ခဲ့တာက ဘာမှအရေးမကြီးပါဘူး၊ အဆိပ်တွေက ကျွန်မကို ဘယ်လိုမှဒုက္ခမပေးနိုင်တာ မေမေလဲအသိသားပဲ"

ချန်မေလင်အကြောင်း ယိလုဝမ်ကောင်းကောင်းသိသည်၊ တစ်ခုခုလုပ်တော့မည်ကိုလျှင် ဘယ်လိုမှ တားဆီး၍ ရမည်မဟုတ်ပေ။



"သမီးတစ်ယောက်တည်းထထွက်သွားတာ သူများအမြင်မကောင်းဘူးဖြစ်လိမ့်မယ်၊ ဒီတော့ ဒီကအထွက်မှာ မေမေလဲ သမီးနဲ့တူတူလိုက်ခဲ့မယ်၊ ပြီးမှ သမီးသွားချင်တဲ့ဆီ ကိုယ့်ဘာသာဆက်သွားပေါ့"

ချန်မေလင်ကို တား၍မရမှန်းသိသောကြောင့် အကယ်၍ အရေးအကြောင်းကြုံလျှင် ဝင်ရောက်ကူညီကယ်တင်ကာကွယ်ပေးနိုင်ရန် ယိလုဝမ်က နောက်ယောင်ခံ၍ လိုက်သွားဖို့ရှိသည်။ မိမိ၏မိခင် ဘယ်လိုစိတ်ကူးရှိသည်ကိုလည်း ချန်မေလင်က သိပြီးဖြစ်သည်။ သို့သော် မသိဟန်ဆောင်ကာ နေလိုက်သည်။

ဤသို့ဖြင့်ယိလုဝမ်နှင့် ချန်မေလင်တို့သည် သိုင်းတေလေတို့အား နှုတ်ဆက်ကာ ထွက်ခွာလာခဲ့ကြလေသည်။

* * *

ချန်မေလင်သည် မိခင်နှင့်လမ်းခွဲကာ ထွက်ခဲ့ပြီးနောက် လင်ယန်ပင်းချန်ထားသည့် အချက်ပြ အမှတ်အသားများကို ရှာဖွေကြည့်ရှုပြီး ခြေရာခံလိုက်လာခဲ့ရာ တစ်ရက်အကြာတွင် လင်ယန်ပင်းတို့လူစု ယာယီစခန်းချထားရာသို့ ရောက်လာခဲ့လေသည်။

ထိုယာယီစခန်းတွင် မိုးပျံနဂါးလင်ကွမ်းဟို့နှင့် ကျောက်စိမ်းနဂါးဂေဟာ၏ သိုင်းသမားကြီးအချို့လည်း ရှိနေကြသည်။

ယာယီစခန်း၏အပြင်ဘက်နားတွင် နှစ်ယောက်သား ဆုံမိကြလေသည်။

"ဟော....မေလင်ပါလား၊ ရောက်လာတာ အတော်ပဲ"

ချန်မေလင်ကို မြင်ရသည်နှင့် လင်ယန်ပင်းက ဝမ်းသာအားရ ပြောသည်။

"ဟွန့်....ရှင့်ကြည့်ရတာ အတော်ကို ဝမ်းသာနေပုံပဲ ဘာတွေများ ဖြစ်နေလို့လဲ"

လင်ယန်ပင်းက အသံကိုနှိမ့်ချလျက်....

"သိုင်းရေးခုနစ်သွယ်ကျမ်းကို ရနိုင်မယ့် လမ်းစကောင်း တွေ့ပြီလေ"

"ဟုတ်လား....ဘယ်မှာလဲ"

ချန်မေလင်ကလည်း အားတက်သရောပင် မေးလိုက်မိလေသည်။

လင်ယန်ပင်းနှင့် ချန်မေလင်တို့သည် သိုင်းရေးခုနစ်သွယ် ကျမ်း၏ သတင်းအစအနကို ရသောကြောင့် ပိုမိုသိနိုင် အောင် ကြိုးစားစုံစမ်းကြရာမှ မြေမြင်းသား ပိုင်မုစီမ်းတို့ လူစုနှင့် တိုက်ခိုက်ကြသည့် အခြေအထိ ဆိုက်ခဲ့ကြလေသည်။

"ဟိုလူစုက သိုင်းကျမ်းရှိနေတဲ့နေရာကို အတိအကျ သိ ထားကြတယ်၊ အဲဒါ သွားပြီးယူကြဖို့ပဲ၊ ရှိနေတဲ့နေရာမှာ တိုတစ်တွေက လိုက်ပြီးနှောင့်ယှက်လို့ အတိမ်းအစောင်းဖြစ် သွားမှာကို မလိုလားကြဘူး၊ ရှင်းရှင်းပြောရင် မင်းရယ် တို့ရယ် နှစ်ယောက်တည်းဆိုရင်တော့ သူတို့က အရေးထား



မှာမဟုတ်ပါဘူး၊ အခုတော့ ဦးရိုးတော်တို့တစ်တွေပါ ရောက် လာကြတော့ သူတို့ နည်းနည်းရိုန်ကုန်ကြတာ"

"ဟုတ်ပြီ....အဲဒီတော့ ဘယ်လိုဖြစ်ကုန်လဲ၊ ဆက်ပြော ပါဦး"

"တစ်ဖက်နဲ့တစ်ဖက် လိုက်နှောင့်ယှက် တိုက်ခိုက်နေကြရင် ဘယ်သူမှ အကျိုး မရှိနိုင်ဘူး၊ အဲဒါအပြင် ဒီကိစ္စတွေ အကြောင်း သတင်းပျံ့နှံ့သွားရင်လဲ အခြားသိုင်းသမားတွေ အုံနဲ့ကျင်းနဲ့ရောက်လာပြီး တိုက်ခိုက်ရှုပ်ထွေးကုန်ကြမှာကိုလဲ သူတို့က စိုးရိမ်နေကြတယ်လေ၊ ဒါကြောင့် သိုင်းရေးခုနစ် သွယ်ကျမ်းကို အရယူနိုင်ပြီးရင် ဖတ်ရှုလေ့လာခွင့်ပေးမယ်၊ သိုင်းကျမ်းသတင်းကို လျှို့ဝှက်ထားပြီး သူတို့နဲ့ ပူးပေါင်း လုပ်ဆောင်ဖို့ ဦးရိုးတော်ကို လာ စကားကမ်းလှမ်းတယ်"

"ရှင့်ဦးရိုးတော်က လက်ခံလိုက်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ လက်ခံလိုက်တယ်၊ သိုင်းကျမ်းကို သွားယူတဲ့ အခါ ဟိုလူတွေနဲ့အတူတူ တို့ကလိုက်သွားမယ်၊ တို့နဲ့ အတူ အဖော်အဖြစ်လိုက်ဖို့လူကိုရှာနေတာ၊ မေလင်ရောက်လာတော့ ဟန်ကျသွားတာပေါ့၊ တို့နဲ့ မေလင် အတူလိုက်သွားကြမယ် လေ"

"အင်း....အင်း ကောင်းတယ် သိပ်ကောင်းတယ်၊ ဒါနဲ့ ရှင့်ကို ပြောရဦးမယ်၊ ရှင် ချစ်ခွင့် ပန်ထားတာကို ကျွန်မ လက်ခံပြီ"

လင်ယန်ပင်း အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရလေသည်။

ချန်မေလင်ကို လင်ယန်ပင်းက နှစ်သက်မြတ်နိုး၍ မေတ္တာကမ်းလှမ်းထားခဲ့သည်မှာ အချိန်အတန်ကြာခဲ့ပေပြီ၊ မေတ္တာတုံ့ပြန်ရန်လည်း မကြာခဏပင် ပြောဆိုနေသည်။ သို့သော် ချန်မေလင်က လင်ယန်ပင်းအပေါ် ခင်မင်မှု ရှိသော်လည်း ချစ်သူအဖြစ် ရွေးချယ်ရန်တော့ မဆုံးဖြတ်ရသေး။ အပြတ်ငြင်းပယ်ခြင်းလည်း မပြုဘဲ နေခဲ့သည်။

ချန်မေလင်သည် သိုင်းရေးခုနစ်သွယ် ကျမ်းအကြောင်းသတင်းအစရခဲ့ပြီးသည်မှစ၍ အထူးပင် စိတ်ဝင်စားခဲ့သည်၊ ထိုသိုင်းကျမ်းအကြောင်း ပိုသိရရေးနှင့် ရယူနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သည်။

အကယ်၍ သိုင်းရေးခုနစ်သွယ်သိုင်းကျမ်း ရယူရေးအတွက် လင်ယန်ပင်း ထိထိရောက်ရောက် ကူညီပေးနိုင်လျှင် လင်ယန်ပင်း၏ မေတ္တာကမ်းလှမ်းချက်ကို တုံ့ပြန်ရန် စိတ်ကူးမှု ရှိခဲ့သည်။

သည်ကြားထဲတွင် ရန်မိန်ကျန်းနှင့် စေ့စပ်ကြောင်းလမ်းရန် ဖိုးယခင်က သဘောတူထားခဲ့သည့်ကိစ္စ ပြန်ပေါ်လာရာ (ရှေးရိုး အစဉ်အလာ လုပ်ဆောင်ချက်များကို မနှစ်သက်ဘဲ ချစ်သူအိမ်ထောင်ဖက် ရွေးရာတွင် မိမိစိတ်ကြိုက်သာ ရွေးလိုသည့် ဆန္ဒရှိသူဖြစ်သည့်အတိုင်း) သဘောကျသည့် ဘဝရှေး



ဖော်ကို ရွေးလိုက်တော့ရန် စိတ်ကူးပေါ်လာသည်တွင် လင်ယန်ပင်းကို ရှေ့ဆုံးမှသတိရလာခဲ့သည်။

ဘာအကြောင်းအချက်ကိုမှ မထောက်ထား စိတ်ထဲရှိသည့်အတိုင်း ပြောဆို လုပ်ကိုင်တတ်သည့် စရိုက်အတိုင်း မိမိ၏ စိတ်ဆုံးဖြတ်ချက်ကို ဘာမျှ လျှို့ဝှက်ဖုံးကွယ်မထားဘဲ တစ်ခါတည်း ပြောချလိုက်ခြင်းဖြစ်ပေသည်။

* * *

## အခန်း ( ၃ )

ရန်မိန်ကျုန်းနှင့် ဝမ်မိန်ထန်တို့သည် ဓားစကြာ ကြူးဟုန်တို့လူစုကို ခြေရာခံစုံစမ်းကြသည်။ သို့သော် ဘယ်လိုမှခြေရာခံ၍ မရ။ ကြူးဟုန်တို့လူစုနှင့်ပတ်သက်၍ ဘာသတင်းမျှလည်း စုံစမ်း၍မရ။

ထိုသို့ စုံစမ်းခြေရာခံရင်း တောင်ပိုင်းဒေသဘက်သို့ ဆက်လာခဲ့ကြရာ နောက်ဆုံးတွင် လုံစန်းတောင်ခြေသို့ ရောက်လာခဲ့ကြလေတော့သည်။

လုံစန်းတောင်ခြေဝန်းကျင်တွင် လူနေရပ်ရွာဟူ၍ မည်မည်ရရမရှိ။ တဲစုရွာငယ်ကလေး အနည်းအကျဉ်းသာ ရှိသည်။ ထိုရွာသိမ်ရွာငယ်လေးများတစ်လျှောက် လှည့်ပတ်ကာ စုံစမ်းကြသည်။ သို့သော် ဓားစကြာကြူးဟုန်တို့ လူစုအကြောင်းကိုတော့ ဘာမျှမသိရ။

ထိုလူစုသည် ရွာသိမ်ရွာငယ်လေးများသို့ မဝင်ဘဲ လုံစန်းတောင်ခြေရှိ တောနယ်တစ်နေရာရာတွင် လျှို့ဝှက်စွာ စခန်းချ



နေနိုင်ကောင်း နေလိမ့်မည်ဟု တွေးမိသောကြောင့် ရန်မိန်ကျုန်းတို့က တောထဲတောင်ထဲ လှည့်ပတ်ကာ ရှာဖွေစုံစမ်းကြပြန်သည်။

ဤသို့ လိုက်လံစုံစမ်းရှာဖွေကြရင်း တစ်နေ့တွင် ထူးခြားသော နေရာတစ်ခုသို့ ရောက်ရှိသွားကြလေသည်။

ထိုနေရာမှာ အဆောက်အအုံပျက်တစ်ခု ဖြစ်သည်။

ပျက်စီးယိုယွင်းနေသော အဆောက်အအုံပျက် တစ်ခုကို တွေ့ရသည်က ဘာမျှတော့ မဆန်းပါ။ သို့သော် ထိုအဆောက်အအုံပျက်ကြီးသည် ထုထည်ကြီးမားကာ ဆောက်လုပ်ထားသည့် လက်ရာကလည်း အဆင့်မြင့်ကာ ကောင်းမွန်တင့်တယ်သည်။

အတော်များများ ပြိုပျက်နေသည့်တိုင် အဆောက်အအုံ၏ အပြောက်အမွန်း အလှအပတို့က ကျန်သင့်သလောက် ကျန်နေသေးသည်။ အကောင်းပကတိရှိစဉ်က ဘုရင့်နန်းဆောင်တစ်ခုတမျှပင် ခမ်းနားထည်ဝါသော အထက်တန်းစား အဆောက်အအုံကြီးဖြစ်ခဲ့မည်မှာ သေချာသည်။

အနီးဝန်းကျင်တစ်ဝိုက်တွင် လူနေရပ်ရွာ ဖြစ်တည်ခဲ့မှု၏ အကြွင်းအကျန် လက္ခဏာတွေ ဘာမျှမရှိဘဲ သည့်အဆောက်အအုံပျက်ကြီးတစ်ခုသာ ထီးထီးမားမားတည်ရှိနေမှုကတော့ စိတ်ဝင်စားဖွယ်ရာပင်။

အဆောက်အအုံကြီး၏ အဆောင်ဆောင် အခန်းခန်း အားလုံးနီးပါးမှာ ပျက်စီးယိုယွင်းနေသည်။ အခန်းတစ်ခုတည်းသာလျှင် အမိုးအကာအချို့ရှိလျက် ကျန်နေသည်။

နေလည်းဝင်စပြုပြီမို့ ရန်မိန်ကျုန်းတို့က အဆောက်အအုံကြီး၏အပျက်အစီးပုံကြားဝယ် တစ်ပိုင်းတစ်စသာပြိုပျက်ကျန်နေသော ထိုအခန်းနေရာတွင် တစ်ညတာ နားနေစခန်းချရန် ရွေးချယ်လိုက်ကြသည်။

အခန်းထဲရှိ အမှိုက်သရိုက်များ၊ အုတ်ကျိုးအုတ်ပဲ့များကို အတန်အသင့် ရှင်းလင်းသွားအောင် လုပ်ကြသည်။ ထိုအခါ အိုးခွက်ပန်းကန် အတော်များများကို တွေ့ကြရသည်။

ဤအခန်းသည် အဆောက်အအုံကြီး၏ စားဖိုဆောင်သို့မဟုတ် စားသောက်ဆောင်တစ်ခုခု ဖြစ်ခဲ့ပုံရ၏။ အိုးခွက်ပန်းကန်များသည် အခန်းနံရံတွင် စင်များနှင့်သေသေသပ်သပ်ထားခဲ့ပုံလည်းရသည်။

ယခုတော့ ထိုစင်တွေ ပြိုသည့်စင်ကပြို၊ ပျက်သည့်စင်ကပျက်၊ ယိုင်သည့်စင်က ယိုင်ဖြစ်ကာ အိုးခွက် ပန်းကန်တွေကပရမ်းပတာ ပြန့်ကျဲလို့နေသည်။ ကွဲကြေပျက်စီးနေကြသည်။

သို့သော် အကွဲအပျက်များအကြားမှပန်းကန်ပြားသုံးချပ်၊ ကြွေပန်းကန်လုံးတစ်လုံးနှင့် ကြွေအိုးတစ်ခုတို့ကိုတော့ မပျက်မစီး တွေ့ရသည်။ ချေးညှော်တွေတော့ တက်နေ၏။ လက်ရာကောင်းသည့် ပထမတန်းစားတွေ ဖြစ်သည်။

ဝမ်မိန်ထန်က အထူးစိတ်ဝင်စားလာပြီး ဆက်လက်ရှာဖွေရာ မပျက်မစီးဘဲ ရှိနေသေးသော ပန်းကန်စင်လေးတစ်ခုကိုတွေ့ရသည်။ စင်ပေါ်တွင် ရှိနေသော ပန်းကန်အားလုံးကတော့ ကွဲပျက်နေကြပြီ။



ပန်းကန် အကွဲအပျက်များကို ဖယ်ချပစ်လိုက်သောအခါတွင် ပန်းကန်ပြားတစ်ချပ် အကောင်းပကတိအတိုင်း ရှိနေသေးသည်ကို ထူးခြားစွာ တွေ့ရလေသည်။ ပန်းကန်မှာ ကြွေပန်းကန်မဟုတ်။ ကြေးပန်းကန်လည်း မဟုတ်။ အမျိုးအမည်ခွဲခြားမပြောတတ်သော သတ္တုစပ်တစ်မျိုးဖြင့် လုပ်ထား၏။

"ဟောဒီမှာ ပန်းကန်ပြား အကောင်းတစ်လုံး တွေ့ရပြီ"

ဝမ်မိန်ထန်က အသံလွင်လွင်လေးနှင့် ပြောကာ ပန်းကန်ပြားကို လှမ်းယူသည်။ ယူ၍မရ။ ထိုပန်းကန် ကွဲပျက်သွားမည်စိုး၍ အားသိပ်မထည့်ဘဲ ဆွဲယူကြည့်နေရာမှ ဆွဲ၍မရသောကြောင့် ဝမ်မိန်ထန်က အနည်းငယ် အားစိုက်ကာ မ,ယူသည်။ မရပါ။

"ဒီပန်းကန်က ဘယ်လိုလဲ၊ မ,လို့ မရပါလား"

ဝမ်မိန်ထန်၏ပါးစပ်မှ မကျေမနပ် ရေရွတ်ကာ နှစ်ပေါင်းများစွာကြာ၍ ပန်းကန်အောက်ခြေနှင့် ပန်းကန်စင်တို့ ထပ်မိနေလေသည်လားဟု စဉ်းစားမိကာ အသာဆွဲလှည့်ကြည့်၏။ ပန်းကန်များသည် ညာဘက်သို့ လည်၍သွားသည်။

ထိုအချိန်မှာပင်....

"ဂျိန်း ဂျိန်း ဂျိန်း...."

အတန်ကျယ်လောင်သော အသံမြည်ဟိန်းလျက် အခန်းကြမ်းပြင်တစ်နေရာရှိ ကြမ်းခင်းကျောက်ပြားချပ် ရွေ့လျားကာ လူတစ်ယောက် ဆင်းနိုင်ရုံကျယ်သော အပေါက်တစ်ခု ပေါ်လာသည်။ ရန်မိန်ကျုန်းနှင့် ဝမ်မိန်ထန်တို့နှစ်ယောက်

ထိုအပေါက်နားသို့ အမြန်သွား၍ ငုံ့ကြည့်လိုက်သောအခါ အောက်သို့ဆင်းသော လှေကားထစ်များကို တွေ့ကြရသည်။

"အောက်ကို ဆင်းကြည့်ရအောင်"

ဝမ်မိန်ထန်က ပြောလိုက်ရာ ရန်မိန်ကျန်းလည်း ခေါင်းညိတ်ပြလျက် ရှေ့မှဦးဆောင်ကာ ဆင်းသည်။ ဝမ်မိန်ထန်က နောက်မှ ကပ်လိုက်လာသည်။

မြေအောက်ခန်းထဲသို့ဆင်းလာခြင်းဖြစ်သော်လည်း မှောင်နှင့်မည်းမည်းတော့ ဖြစ်မနေပါ။ မြင်သာနိုင်သော အလင်းရောင် ရှိနေသည်။ အလင်းရောင် ဘယ်လိုရှိနေသနည်းဟု စူးစမ်းလိုက်ကြရာ အောက်သို့ဆင်းသည့် လှေကား၏ ထိပ်ဘက်ပိုင်းလောက်တွင် ညလင်း မီးစုန်းပုလဲတစ်လုံး မြှုပ်နှံထားသည်ကို တွေ့ရသည်။

ထိုညလင်းမီးစုန်းပုလဲမှ ထွက်သော အလင်းရောင် ရှိနေခြင်းပင်။

လှေကားဆုံးသောအခါ မြေအောက်စင်္ကြံလမ်းလေးတစ်ခုကို ရောက်သည်။ ထိုစင်္ကြံလမ်းလေးအတိုင်း လိုက်လာရာ အတန် ကျယ်ဝန်းသောအခန်းတစ်ခုထဲသို့ ရောက်သည်။ ထိုအခန်း၏မျက်နှာကြက်ပေါ်တွင် ညလင်း မီးစုန်းပုလဲအကြီးစားသုံးခု သုံးပွင့်ဆိုင် တပ်ဆင်ထားသည်။ ပို၍အလင်းရောင်အားကောင်းသည်။

အခန်းထဲတွင် ဖုန်မှုန့်နှင့် အမှိုက်သရိုက်တွေတော့ ရှိနေသည်။ အခြား ဘာပစ္စည်းမျှမရှိ။ အနည်းအကျဉ်း ပျက်စီးယိုယွင်းနေသည်ကလွဲ၍ အဆောင်ကြီးကို ကောင်းမွန်နေသေး



သည်။ မြေအောက်လျှို့ဝှက်ခန်းတစ်ခု ဖြစ်ပုံရသည်။ မြေအောက်တွင် ရှိနေသော်လည်း လေဝင် လေထွက် ကတော့ ကောင်းသည်။ လှောင်ပိတ်မနေပါ။

လျှို့ဝှက်ခန်းလေးကို ကြည့်ရှုပြီးနောက် ရန်မိန်ကျန်းတို့ အပေါ်သို့ ပြန်တက်လာခဲ့ကြသည်။ ထူးခြားသော ပန်းကန်ပြားကို လှည့်၍ ကြမ်းပြင်ပေါ်ရှိ လျှို့ဝှက်အပေါက်ကို ပြန်ပိတ်သည်။

အသင့်ပါလာသော ရိက္ခာခြောက်များဖြင့် ညစာ စားသောက်ပြီးနောက် အနားယူ အိပ်စက်ကြသည်။

ဤအဆောက်အအုံ ပျက်ကြီးကို ယာယီ အခြေစိုက်စခန်းအဖြစ် သတ်မှတ်ကာ လုံစန်းတောင်ခြေအနီး ပိုက်စိပ်တိုက်၍ လိုက်လံစုံစမ်းရန် နှစ်ယောက်သား တိုင်ပင်ဆုံးဖြတ်ကြသည်။

အချိန်ယူကာ လုပ်ဆောင်ရမည်မို့ လိုအပ်မည့် စားနပ်ရိက္ခာပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရန်အတွက် ပစ္စည်းပစ္စယ စုံစုံလင်လင် ဝယ်ယူရရှိနိုင်မည့် ရွာကြီးတစ်ရွာသို့ သူတို့နှစ်ယောက် ထွက်လာခဲ့ကြသည်။

* * *

လုံစန်းတောင်ခြေမှ တစ်ရက်ခရီးခန့် အကွာတွင်ရှိသော ရေတံခွန်ရွာသို့ ရန်မိန်ကျန်းတို့ ရောက်လာကြသည်။ထိုရွာမှာ အိမ်ခြေငါးရာကျော်ရှိကာ အတန်ပင် စည်ကားသည်။ ဈေးဆိုင်များ စုံစုံလင်လင် ရှိသည်။

သည်ရွာတွင် ညအိပ်ရမည်မို့ တည်းခိုခန်း အရင်ငှား၍ လိုအပ်သည့်ရိက္ခာပစ္စည်းများ မဝယ်မီ ညနေစာကို စားသောက်ဆိုင်တစ်ခုတွင် ဝင်၍စားသောက်သည်။ ထိုစားသောက်ဆိုင်တွင် သီးသန့်စားသောက်ခန်းများလည်းရှိရာ ရန်မိန်ကျန်းတို့က လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး စားသောက်လိုသောကြောင့် စားသောက်ခန်းငယ်တစ်ခုတွင် ဝင်၍ စားသောက်ကြသည်။

စားသောက်နေကြခိုက် ကပ်လျက်ရှိသော အခန်းထဲမှ စကားပြောသံ ဆိုသံများကို ကြားကြရလေသည်။ ပထမတွင်တော့ အမှုမဲ့အမှတ်မဲ့။ သို့သော် ကြားဖူးသလိုလို ရှိသောအသံများဟုထင်သောကြောင့် နားစွင့်နေကြသည်။

ဤအခါတွင်မှ ခါးစကြာကြူးဟုန်တို့လူစု၏အသံများဖြစ်နေကြောင်း မှတ်မိသိရှိကြလေသည်။ တကူးတက လိုက်လံစုံစမ်းရှာဖွေခဲ့စဉ်က မတွေ့ဘဲ ယခုမှ မမျှော်လင့်ဘဲ စားသောက်ဆိုင်ထဲတွင် အခန်းချင်းကပ်လျက် လာဆုံနေသောကြောင့် ဝမ်မိန်ထန်တို့မှာ အတော်ပင် အားတက်သွားသည်။

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့သည် အချင်းချင်း စကားမပြောကြဘဲ တစ်ဖက်ခန်းမှ ကြူးဟုန်တို့လူစု၏စကားများကိုသာ နားစွင့်၍နေကြသည်။ ပြောနေကြသည်က ထွေရာလေးပါး ဘာမျှ အရေးမကြီးသောစကားတွေ ဖြစ်သည်။

သို့သော် ကြူးဟုန်တို့၏အသံများအကြားတွင် ချန်မေလင်၏အသံလိုလိုလည်း ကြားညှပ်ကာ ကြားနေရသောကြောင့် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ တစ်ယောက်မျက်နှာတစ်ယောက်



ကြည့်မိကြသည်။ ချန်မေလင်တစ်ယောက် ကြူးဟုန်တို့လူစုနှင့်အတူ ရှိနေလိမ့်မည်ဟု သူတို့ မထင်မိပါ။ ကြားရသည့်အသံမှာ ချန်မေလင်၏အသံဟုတ်မှဟုတ်ပါလေစဟုပင် သံသယဝင်မိကြသေးသည်။

ချန်မိန်းကလေးဟု ခေါ်ဝေါ်ပြောဆိုသံများ ကြားရတော့မှ တကယ်ပင် ချန်မေလင်ဖြစ်မည်ကို သေချာရတော့သည်။ ကြူးဟုန်တို့နှင့်အတူ ချန်မေလင် လာရောက် ရောနှောပါရှိနေသည်ကိုတော့ သူတို့ မတွေးတတ်ကြပေ။

တစ်ဖက်ခန်းမှလူများသည် အေးအေးဆေးဆေးပင် စားသောက်ကာ စကားတွေ ပြောဆိုနေကြသည်။ ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ကလည်း စိတ်ရှည်လက်ရှည်ပင် ဆက်၍ နားထောင်နေကြသည်။

အချိန်ကတော့ အတော်ကိုကုန်သည်။

စိတ်ရှည်ရှည်နှင့် အချိန်ကုန်ခံကာ စောင့်ရကျိုးနပ်သည်ဟုတော့ ဆိုရမည်။

ဟိုရောက်သည်ရောက် ထွေရာလေးပါး ပြောဆိုနေကြသည့်စကားများအကြားမှ တာ့လီမြို့စား စံနန်းဆောင်ထဲသို့ လာမည့်လကွယ်နေ့ညတွင် ဝင်ရောက်မည့်အကြောင်း စကားတစ်စွန်းတစ်စ ကြားခဲ့ကြရလေသည်။

* * *

လကယ်ည။

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့နှစ်ယောက် တာ့လီမြို့စားကြီး၏စံနန်းဆောင်အတွင်းသို့ တိတ်တဆိတ် ဝင်ရောက်ခဲ့ကြသည်။

တာ့လီမြို့စားကြီး ကွမ့်ယီကျောင်းသည် မြို့စားကြီး ဆိုသော်လည်း မင်းမျိုးမင်းနွယ်ဖြစ်ကာ တောင်ပိုင်းဒေသတစ်ခုလုံးကို ဩဇာသက်ရောက် လွှမ်းမိုးနိုင်စွမ်းရှိသည်။ စိတ်ထားဖြောင့်မှန်ကာ အေးအေးချမ်းချမ်းနေတတ်ပြီး အမှန်တကယ်မှ ပြတ်ပြတ်သားသား ရပ်တည်တတ်သည်။ ပြည်သူအများ လေးစားကြည်ညိုမှုခံရသည်။

ကောရာဇ်မင်းကိုယ်တိုင်ကလည်း အထူးလေးစားကာ အခွင့်အရေးများ ပေးထားသည်။

ထို့ကြောင့် ကွမ့်ယီကျောင်း၏စံနန်းဆောင်သည် မြို့စားနယ်စားတစ်ယောက်၏စံအိမ်တော်ထက် များစွာပိုမိုသားနားခန့်ထည်သည်။ ဘုရင့်နန်းတော်အလား ထည်ဝါသည်။

အစောင့်အကြပ်၊ ကင်းလှည့်ကင်းစောင့်များလည်း စနစ်တကျရှိသည်။ ရန်မိန်ကျန်းတို့နှစ်ယောက်သည် အစောင့်အကြပ်များ မရိပ်မိအောင် မှောင်ရိပ်ခို ကိုယ်ယောင်ဖျောက်လျက် စံနန်းဆောင်ထဲတွင် ဟိုသွားသည်လာလှုပ်ရှားကာ ခေါင်းကြီးဟုန်တို့လူစုကို လိုက်ရှာကြလေသည်။

စံနန်းဆောင် ပရဝုဏ်က ကျယ်ဝန်းသည်။ အဆောင်ဆောင် အခန်းခန်းရှိသည်။ စံနန်းဆောင် ပရဝုဏ်ထဲတွင်ဝင်



ဥယျာဉ်၊ ရေကန်များ၊ တောင်အတုများ၊ ရေတံခွန်အတုများပါရှိနေရာ ရှာရဖွေရတာတော့ အတော်ကိုခက်သည်။

မြီမိတို့ကိုယ်တိုင် မျက်စိလည်မနေရအောင်ပင် အတော်းဂရုစိုက်နေရလေသည်။

ထိုသို့လိုက်ရှာနေကြရင်း အသက်ပြင်းပြင်း ရှူသံများကို ရုတ်တရက်ကြားလိုက်ကြရသည်။ အသက်ရှူသံတို့သည် ရုတ်တရက် ခပ်ပြင်းပြင်းတစ်ချက်ဖြစ်လာပြီးနောက် ပြန်၍ ပုံမှန်ဖြစ်သွားသည်။

အမူမဲ့ အမှတ်မဲ့ နေမည်ဆိုလျှင်တော့ ဘာမျှထူးခြားမည်မဟုတ်။

သို့သော် သိုင်းလောက အတွေ့အကြုံ အတော်ရှိနေသူ ဝမ်မိန်ထန်ကမူ ဘာကြောင့် သည်လိုဖြစ်သည်ကို ဒက်ခနဲ သိသည်။ အကြောထိုးပိတ်ခံလိုက်၍ အသက်ရှူသံတစ်ချက် မြင်းသွားရကြောင်း နားလည်သည်။ ထို့ကြောင့် ရန်မိန်ကျန်းတို့သာ လက်တို့ကာ အသက်ရှူသံများပေါ်ထွက်လာရာ နေရာတက်သို့ တိတ်တဆိတ်ချဉ်းကပ်သွားရန် အချက်ပြသည်။

ရန်မိန်ကျန်းမှာမူ နားပါးသော်လည်း ဝမ်မိန်ထန်လောက် သိုင်းလောကအတွေ့အကြုံမရှိသည့်အတွက် အသက်ရှူသံများ၏ ထူးခြားချက်ကိုမသိ။ ဝမ်မိန်ထန် အချက်ပြသည့်အတိုင်းတော့ လိုက်နာလုပ်ဆောင်သည်။

နှစ်ယောက်သား အသံမထွက်စေဘဲ အသာလှုပ်ရှား ချဉ်းကပ်လာကြသည်။

ထိုအခါ နန်းဆောင်တစ်ခု၏ဘေးနား အမှောင်ရိပ်ထဲတွင် ရှိနေကြသော လူတစ်စုကို တွေ့ကြရလေတော့သည်။

မုကျောင်းစန်လိန်နှင့် သူ ဖိတ်ခေါ်ထားသော ခားစကြာကြူးဟုန်အမှူးပြုသော သိုင်းအကျော်အမော်များပင်တည်း။ ထိုလူစုထဲတွင် လင်ယန်ပင်းနှင့်ချန်မေလင်တို့နှစ်ယောက်လည်း အတူပါရှိနေသည်။

"ဒီလေညင်းခံဆောင်ရဲ့မြောက်ဘက် ခြေလှမ်းသုံးဆယ်အကွာက လိုဏ်ဂူထဲမှာ သိုင်းကျမ်းကို သိမ်းဝှက်ထားခဲ့တယ်ဆိုပဲ၊ အခုတော့ မြောက်ဘက်မှာ ဘာလိုဏ်ဂူမှမရှိပါလား၊ ဒီညမွှေးပန်းချုံကြီးတွေပဲ ရှိနေတယ်၊ လိုဏ်ဂူဘယ်ပျောက်သွားသဲ၊ ရှာကြည့်ကြပါဦး"

မုကျောင်းစန်လိန်၏ တီးတိုးပြောသံပေါ်လာသည်။

သူ့လူများကြားရုံ အသံနှိမ့်၍ပြောခြင်းဖြစ်သည်။ ရန်မိန်ကျန်းတို့ အထူးပင်အာရုံစိုက်ကာ နားထောင်နေကြ၍ ခပ်သဲ့သဲ့ ကြားကြရသည်။

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့လည်း လေညင်းခံဆောင်၏ မြောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်ကြသည်။ ထိုနေရာတစ်ဝိုက်တွင် ညမွှေးပန်းချုံကြီး သုံးလေးခုအုပ်အုပ်ဆိုင်းဆိုင်း ရှိနေကြသည်ကို မြင်ကြရသည်။

အလင်းရောင် မရှိသည့်အတွက် ကောင်းကောင်းတော့ မမြင်ရပါ။ ခပ်စူးစူးပေါ်ထွက်လာသော ပန်းရနံ့များကို ရှူရသောကြောင့်သာညမွှေးပန်းချုံကြီးများဖြစ်သည်ဟု သိကြရခြင်း ဖြစ်ပေသည်။



ဝမ်မိန်ထန်သည် ရန်မိန်ကျန်းကို အသာလက်ဟန်ပြကာ ညမွှေးပန်းချုံကြီးများဆီသို့ လှစ်ခနဲထွက်သွားလေသည်။

"အဲဒီ ပန်းချုံကြီးတွေမှာ ထူးခြားချက်ရှိနိုင်တယ်၊ ကျုပ်တိုးဝင်ပြီး စုံစမ်းကြည့်မယ်"

မြေမင်းသား ပိုင်မုစိမ်းက ပြောပြောဆိုဆို ညမွှေးပန်းပန်းချုံကြီးများရှိရာသို့ ထွက်သွားသည်။ အလယ်လောက်တွင်ရှိသောပန်းချုံကြီးထဲသို့တိုးဝင်သည်။ ခဏအကြာတွင် ပန်းချုံကြီးထဲမှထွက်ကာ မုကျောင်းစန်လိန်တို့ထံသို့ ပြန်လာသည်။

"အဲဒီပန်းချုံကြီးတွေကလိုဏ်ဂူကိုအုပ်ဖြီးစိုက်ပျိုးထားကြတာပဲ၊ အလယ်ကောင် ပန်းချုံကြီးရဲ့အနောက်မှာ လိုဏ်ဂူဝင်ပေါက်ရှိတယ်"

ပိုင်မုစိမ်းက ပြောသည်။ ကြားရသူအပေါင်း ဝမ်းသာအားတက်သွားကြသည်။

"သိုင်းကျမ်းကို လိုဏ်ဂူအဝင်က ခြေလှမ်းငါးလှမ်းအကွာ လိုဏ်ဂူဘယ်ဘက်ခြမ်း လက်ခုပ်တစ်ဖောင်အမြင့်မှာရှိတဲ့ အက်ကြောင်းနေရာထဲမှာ သိမ်းဝှက်ထားတယ်၊ အဲဒါကို ဝင်အရယူဖို့ ဆရာပိုင်မုစိမ်းနဲ့ ဆရာကြူးဟုန်တို့ကိုပဲ အားကိုးရလိမ့်မယ် ထင်တယ်"

မုကျောင်းစန်လိန်က ပြောလိုက်သည်။

စကားအလှဖြင့် ရည်မွန်စွာပြောသော်လည်း တကယ်တော့ မြေမင်းသား ပိုင်မုစိမ်းနှင့် ခားစကြာကြူးဟုန်တို့အား သိုင်းကျမ်း သွားအယူခိုင်းခြင်းသာ ဖြစ်သည်။ အရေးပေါ်လျှင် အမြန်အလှန်ကူညီနိုင်ရန် နှစ်ယောက်တွဲစေလွှတ်လျက် ကျန်လူ

များက အပြင်မှစောင့်ကြပ်ကြည့်ရှုထားမည့် သဘောလည်း ဖြစ်သည်။

ပိုင်မုစိမ်းနှင့် ကြူးဟုန်နှစ်ယောက် တပြိုင်တည်းပင် ထွက်သွားကြသည်။ ကျန်လူများကမူ မှောင်ရိပ်တွင် ရပ်မြဲရပ်၍ ကျန်နေခဲ့သည်။

ယခုထက်ထိ အနှောင့်အယှက်အဟန့်အတား တစ်စုံတစ်ရာ မတွေ့ရသေးတဲ့ သိုင်းရေးခုနစ်သွယ်ကျမ်း ဝှက်သိမ်းထားရာ နေရာကို အရရှာဖွေရောက်ရှိလာသည်မို့ သိုင်းကျမ်းရယူရေးတွင် အဆင်ပြေ ချောမောလိမ့်မည်ဟု သူတို့လူစုက စိတ်ချလက်ချ ယုံကြည်နေကြသည်။

ရန်မိန်ကျန်းနှင့်ဝမ်မိန်ထန်တို့ရောက်နေကြသည့်အကြောင်းကိုတော့ မသိကြသေးပါ။

ပိုင်မုစိမ်းနှင့် ကြူးဟုန်တို့ လိုဏ်ဂူထဲဝင်၍ သိုင်းကျမ်းကို အရယူထုတ် လာနိုင်ကြမည်ဟု စိတ်ချ ယုံကြည် နေကြသည်။ သို့သော် ဝါရင့် သိုင်းသမားကြီးတွေမို့ အရေးပေါ်လျှင် လှုပ်ရှားခုခံရန်တော့ အသင့်ရှိနေကြလေသည်။

*　*　*

ပိုင်မုစိမ်းက လိုဏ်ဂူအဝင်ဝရှိသည့်ပန်းချီကြီးထဲသို့ အရင်ဆုံး ရှေ့မှတိုးဝင်သည်။ ကြူးဟုန်က သူ့နောက်မှ ကပ်၍လိုက်ပါသွားသည်။ ဂူဝတည်ရှိရာကို သိနေပြီးပြီမို့ ပိုင်မုစိမ်းသည် တစ်ခါတည်း လိုဏ်ဂူထဲသို့ တန်း၍ဝင်သွားသည်။



လိုဏ်ဂူထဲသို့ဝင်ကာဝှက်ထားသောသိုင်းကျမ်းကို ယူရသည့်ကိစ္စမှာ အလွန်လွယ်ကူလှပေရာ မိမိနှင့်အတူ ကြူးဟုန်ကိုပါ အဖော်ထည့်ပေးလိုက်မှုကို ပိုင်မုစိမ်း အနည်းငယ်အောင့်သက်သက် ဖြစ်၍နေသည်။ အစစစိတ်ချနိုင်ရန် မုကျုင်းစန်လိန်က စီစဉ်လိုက်ခြင်းဖြစ်သည်ကို နားလည်သည့်တိုင် စိတ်ထဲက သိပ်တော့ မကြည်လင်။

ထို့ကြောင့် သိုင်းကျမ်းကို မိမိကအမြန်ယူကာ အမြန်ပြန်ထွက်သွားရန် စိတ်ဘူးထားသည်။ ကြူးဟုန် အတူပါလာသည့်တိုင် ဘာအကူအညီမျှမလိုကြောင်း သွယ်ဝိုက်၍ပြသလိုက်မည့် သဘောပင်။

သို့ရာတွင်....

လိုဏ်ဂူထဲသို့ဝင်ရောက်မိသည်နှင့် ဘယ်လိုမျှမျှော်လင့်မထားသော အန္တရာယ်ကို ပိုင်မုစိမ်း ရင်ဆိုင်တိုးရလေတော့သည်။

"ဖုန်း"

လိုဏ်ဂူအတွင်းမှ တစ်စုံတစ်ယောက် လက်ဝါးဖြင့် ဆီး၍ ရိုက်သည်။ ပိုင်မုစိမ်းမှာ အငိုက်မိသွားသည်။ သည်လို တိုက်ခိုက်မှုမျိုးရှိလိမ့်မည်ဟု သူ ထင်မထားသည့်အတွက် ဘယ်လိုမှ ရင်ဆိုင်ခုခံခြင်း မပြုနိုင်။

ရင်ဘတ်ပေါ်သို့ လက်ဝါးရိုက်ချက် ကျကျနန အရိုက်ခံရသည်။ နာမည်ရ သိုင်းအကျော်အမော် တစ်ယောက်ဖြစ်သည့်အတိုင်း လက်ဝါးရိုက်ချက် အထိခံရသည်နှင့် သူ၏ အတွင်းအားများက အလိုအလျောက် တုံ့ပြန်တောင့်ခံရကာ လူမှာလည်း နောက်သို့ ချက်ချင်းပြန်ခုန်ဆုတ်သည်။

ထိုသို့အဆုတ်နှင့် နောက်မှကပ်ကာ ဝင်လိုက်လာသော ကြူးဟုန်နှင့် ဝင်တိုက်မိသည်။

ကြူးဟုန်မှာလည်း ရုတ်တရက် လန့်ဖျပ်သွားကာ ကမန်းကတန်းပင် ကိုယ်ဟန်ထိန်းကာ ရှောင်သည်။ လုံးလုံးမလွတ်။ နောက်ခုန်ဆုတ်လာသော ပိုင်မုစီမ်း၏ ကိုယ်လုံးကြီးက ကြူးဟုန်၏ ဘယ်ဘက်ပခုံးကို ကပ်၍ထိမိသည်။ ထိုသို့ထိမိမှုကြောင့် ကြူးဟုန်ဟန်ချက်ပျက်ကာ ယိမ်းယိမ်းယိုင်ယိုင်ဖြစ်သွားသည်။ ထိုအချိန်မှာပင် ကြူးဟုန်လည်း လိုဏ်ဂူထဲမှ တိုက်ခိုက်မှုကို ရင်ဆိုင်ရပြန်သည်။

"အား"

ကြူးဟုန်မှာ ဓားရေးထက်ကာ သတ္တိကောင်း၍ စွန့်စားရဲသူလည်း ဖြစ်သည်။ သို့သော် ကြူးဟုန်တွင် ပျော့ကွက်တစ်ခုတော့ ရှိသည်။ ထိုပျော့ကွက်မှာ မကောင်းဆိုးဝါး၊ သရဲတစ္ဆေများကို ကြောက်တတ်မှုဖြစ်သည်။

မိမိကို မကောင်းဆိုးဝါးများက ရန်ပြုတိုက်ခိုက်လေသည်ဟု ထင်မှတ်ကာ ကြူးဟုန်က အလန့်တကြား အော်ကာ နောက်သို့ အမြန်ခုန်ဆုတ်သွားသည်။ တစ်ဖက်လူ၏ တိုက်ချက် အထိခံရသော်လည်းနောက်ပြန်ဆုတ်မှုမြန်သောကြောင့် ထိချက်က သိပ်မပြင်း။

မကောင်းဆိုးဝါးနှင့် ရင်ဆိုင်တွေ့ရပြီအထင်ဖြင့် အလန့်တကြား အော်ဟစ်လိုက်သည့် ကြူးဟုန်၏ အော်သံတွင်တော့ ကြောက်လန့်တုန်လှုပ်မှုတွေက အပြည့်အဝ ပါရှိနေသည်။



အကြီးအကျယ် အထိနာသောကြောင့် အော်ဟစ်လိုက်မှုမျိုး ဖြစ်နေသည်။

ကြူးဟုန်၏ ကြောက်လန့်တကြား အော်ဟစ်သံကြောင့် အန္တရာယ်အကြီးအကျယ်ရင်ဆိုင်နေရလေပြီဟု ကျန်လူများက ထင်သွားကြကာ ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြသည်။ ကျောက်ကျိမောက်နှင့် ဆင်ရှိုင်းဟန်လီကြွယ်တို့နှစ်ယောက်ရှေ့သို့ လှစ်ခနဲ ပြေးထွက်လာသည်။ ချန်မေလင်လည်း သူတို့၏ နောက်မှ ပါလာသည်။

"မိလင်....အရမ်းမလုပ်နဲ့"

လင်ယန်ပင်းကသတိပေးရင်း ချန်မေလင်၏နောက်မှ ပြေးလိုက်လာသည်။ ဝါးမန်းနက်ကျောင်းအိမ်လိကဘော့ မုကျင်းစန်လိန်၏ဘေးနားတွင်ရပ်လျက် ကျန်နေသည်။

ပန်းချုံကြီးထဲမှ မြွေမင်းသား ပိုင်မုစီမ်းနှင့် ဓားစကြာ ကြူးဟုန်တို့ ခုန်လွှားထွက်လာကြသည်။ မကောင်းဆိုးဝါးနှင့် တွေ့ရသည်ဟု အကြီးအကျယ် တုန်လှုပ်ချောက်ချားနေသော ကြူးဟုန်သည် မုကျင်းစန်လိန်တို့ရှိရာသို့ ကြောက်လန့်တကြား ခပြေးသွားသည်။

ပိုင်မုစီမ်းကတော့ အလစ်ခံလိုက်ရမှုကြောင့် ခံပြင်းဒေါသထွက်ကာ နောက်သို့ခုန်ဆုတ်မှ အရှိန်သတ်မိသည်နှင့် ပန်းချုံကြီးထဲ ပြန်ပြေးဝင်သည်။ လိုဏ်ဂူထဲမှ တိုက်ခိုက်လာလျှင် ခုခံရန်လည်းအသင့်။ မြွေနက်အဆိပ်အပ်ငါးချောင်းကိုလည်း မှမ်းကြောင်းငါးခုခွဲကာ လိုဏ်ဂူထဲသို့ပစ်သွင်းသည်။

လိုက်ဂူအဝသို့အဝင်တွင် ဘယ်ညာ လက်ဝါးရိုက်ချက်များကိုလည်း တရကြမ်းရိုက်ထုတ်လိုက်လေသေးသည်။

ကျောက်ကျိုမောက်နှင့် ဟန်လိကြွယ်တို့က ပိုင်မုစိမ်း၏လှုပ်ရှားဟန်တို့ကို ကောင်းကောင်းမြင်ရသည်။ မြွေနက်အပ်များပစ်လွှတ်လိုက်သံ၊ လက်ဝါးရိုက်ချက်များ ရိုက်ထုတ်လိုက်သံတို့ကိုလည်း အတိုင်းသားကြားကြသည်။

ပိုင်မုစိမ်း၏ တိုက်ခိုက်လှုပ်ရှားလုပ်ဆောင်ချက်တို့မှာ တကယ့်အစွမ်းအစထက်မြက်သော ရန်သူကြီးတစ်ယောက်ယောက်နှင့်ရင်ဆိုင်ရချိန် အစွမ်းကုန် အကြမ်းပတမ်းတိုက်ခိုက်ပုံမျိုးဖြစ်လေရာ အခြေအနေဘယ်လိုမှန်း သေသေချာချာ မသိသေးသည့်တိုင် ကျောက်ကျိုမောက်နှင့်ဟန်လိကြွယ်တို့၏စိတ်ထဲတွင် အလိုလို စိုးထိတ်မှုများ ဖြစ်ပေါ်၍လာကြရလေသည်။

ထို့ကြောင့် သူတို့နှစ်ယောက်သည်း အစွမ်းကုန် အသင့်ပြင်ဆင်ထားကြသည်။

ထိုအခိုက် လိုဏ်ဂူဝင်ပေါက်၏ညာဘက်ရှိ ပန်းချုံထဲတွင် မသိမသာ လှုပ်ရှားမှုလေးဖြစ်သွားသည်ကို ဆင်ရိုင်း ဟန်လိကြွယ် မြင်လိုက်သည်။

"ဟိတ်"

ဟန်လိကြွယ်က မဲ့န်သွင်းဟစ်ကြွေးကာ ညာလက်ဝါးတစ်ချက် ထိုနေရာကို လှမ်းရိုက်ထုတ်သည်။ ဟန်လိကြွယ်သည် အင်အားပြင်းထန်ကြမ်းတမ်းသော တိုက်ချက် တိုက်ကွက်များကြောင့် ဤနာမည်ရထားခြင်းဖြစ်သည်၊ ယခုရိုက်



ထုတ်လိုက်သော လက်ဝါးရိုက်ချက်သည် မိုးပြို့မြေလန်သွားသောက်အောင်ပင် ပြင်းထန်သည်။

ထိုအချိန်မှာပင် အချက်ပေးစည်တီးသံများ၊ ဗြောသံပေးသံများ၊ အော်ဟစ်သံများ နန်းဆောင်တစ်ခုလုံး သောသောညံ၍သွားသည်။

ကြူးဟုန်၏ အလန့်တကြား အသံကုန်အော်ဟစ်လိုက်သံကြောင့် နန်းဆောင်၏အစောင့်အကြပ်များကို ဆပ်လှန့်လိုက်သလိုဖြစ်သွားသည်။ အစောင့်အကြပ်အပေါင်းတို့သည် လက်နက်ကိုယ်စီကိုင်ကာ လေညင်းခံဆောင်ရှိရာသို့ ဝန်းရံရောက်ရှိလာကြလေပြီ။

လိုဏ်ဂူထဲ ပြေးဝင်သွားသော ပိုင်မုစိမ်း ခုန်လွှား ပြန်ထွက်လာသည်။ သူ၏လက်ထဲတွင် အထုပ်တစ်ထုပ ကိုင်ထားသည်။

"ရပြီ....သိုင်းကျမ်းရလာပြီ"

ပိုင်မုစိမ်းက အထုပ်ကို ဝှေ့ယမ်းပြကာပြောသည်။

"အမြန်နောက်ဆုတ်ကြ၊ အပြင်ကိုထွက်မယ်"

မုကျင်းစန်လိန်က ပြောလိုက်သည်။

ဓားစကြာကြူးဟုန်တို့လူစုမှာ ပထမတန်း သိုင်းအကျော်အမော်များဖြစ်ကြပေရာ နန်းဆောင်အစောင့်တပ်သားများဝန်းရံရောက်လာသည်ကို ထိထိမိမိ တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိကြသည်။

သို့သော် မိမိလိုချင်သော သိုင်းရေးခုနစ်သွယ်ကျမ်း ကိုအရယူနိုင်ပြီးပြီမို့ ရှုပ်ထွေးတိုက်ခိုက်မှုတွေ ဆက်မလုပ်လို

တော့သောကြောင့် မုကျင်းစန်လိန်က နောက်ဆုတ်ထွက်ခွာရန် အမိန့်ပေးလိုက်ခြင်းဖြစ်သည်။

* * *

ညမှေးပန်းချုံကြီး တစ်ခုထဲတွင်တော့ ဝမ်မိန်ထန်သည် ရန်မိန်ကျန်းကို ပွေ့ဖက်လျက် ထိတ်ထိတ်ပျာပျာဖြစ်၍ နေသည်။

သူတို့နှစ်ယောက်သည် လိုဏ်ဂူထဲသို့ တိတ်တဆိတ် ဝင်ရောက်ကြကာ ပိုင်မုစိမ်းနှင့် ကြူးဟုန်တို့ကို ဆီးကြိုတိုက်ခိုက်ခဲ့ကြသည်။ ဟန်လူမျိုးတို့၏ အထွတ်အထိပ် သိုင်းပညာ အဆုံးအနှစ်များ စုစည်းရေးသားထားသော သိုင်းကျမ်း တိုင်းတစ်ပါးသား ကျူးကျော်သူများလက် ရောက်မသွားစေရေးအတွက် မိမိတို့ တတ်စွမ်းသမျှ တန့်တားခံခဲ့ကြသည်။

ထိုသို့ခုခံခဲ့ရင်းမှ ဆင်ရိုင်း ဟန်လိကြွယ် ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက် ရန်မိန်ကျန်းကို ထိသွားသည်၊ ရန်မိန်ကျန်း အတွင်းဒဏ် ရသွားသည်။

"တိုက်ကိုထားခဲ့၊ လွတ်အောင် ထွက်သွားတော့"

နန်းဆောင်အစောင့်များ သောသောရုတ်ရုတ် ဖြစ်ကုန်ကြသည့် အသံဗလံများ ကြားရသောအခါ ရန်မိန်ကျန်းက ပြောသည်။

"အို....မဟုတ်တာ၊ အစ်ကို့ကို ကျွန်မ တွဲခေါ်သွားမယ်"

"တို့ကြောင့် အနှောင့်အယှက် ဖြစ်နေဦးမယ်"

"ရတယ်၊ လာ သွားကြမယ်"



ဝမ်မိန်ထန်သည် ရန်မိန်ကျန်းကို ဖက်ဆွဲခေါ်ကာ ထိုနေရာမှ ခွာခဲ့သည်။

အတန်ပြေးမိသောအခါ နန်းဆောင်စောင့် ရဲမက်တစ်သိုက်နှင့် ရင်ဆိုင်တိုးမိသည်။ အလွန် အရေးကြီးနေသော အချိန်အခါဖြစ်သည့်အလျောက် ဝမ်မိန်ထန်က သွေးကြောဖြတ်လက်ဝါးသိုင်းကိုသုံးကာ ခပ်ကြမ်းကြမ်း တိုက်ခိုက်ပစ်လိုက်သည်။

ရန်မိန်ကျန်းလည်း ဝင်ရောက်တိုက်ခိုက်ပေးသည်။ နန်းဆောင်စောင့်ရဲမက်များ အတောင်ပင် အထိနာကုန်ကြသည်။ လဲကျသူလဲကျ၊ နောက်ဆုတ်ထွက်ပြေးသူ ထွက်ပြေးနှင့် လမ်းကြောင်း ရှင်းသွားသည်။

ရန်မိန်ကျန်းမှာမူ ဒဏ်ရာအပြင်းအထန်ရနေသည့်ကြားမှ အားအင်များ ညှစ်ထုတ်သုံးကာ တိုက်ခိုက်ရသည့် အတွက် သတိလစ်ကာ လဲကျသွားရာ ဝမ်မိန်ထန်က ကျောပိုးကာ သယ်ယူခဲ့ရသည်။

မုကျင်းစန်လိန်တို့ကို ဟန့်တားရန်ကြိုးစားခဲ့ကြသည့် နန်းဆောင်စောင့်ရဲမက်များလည်း အထိနာကုန်ကြသည်။ ထိုသို့ အထိနာမှုကြောင့် ကျန်လူများက သိပ် အရဲမကိုးဝံ့ကြတော့၊ ဟန်ရေးပြကာ အော်ဟစ် ကြေးကြော်မှုသာလုပ်၍ ထိတ်ရောက်ရောက် လိုက်လံဟန့်တား တိုက်ခိုက်ခြင်းတော့ မလုပ်ဝံ့ကြ။

ထို့ကြောင့် မုကျင်းစန်လိန်တို့လူစုရော ဝမ်မိန်ထန်တို့ပါ တာ့လီမြို့စားမင်း၏ နန်းဆောင်ပရဝုဏ်ထဲမှ ထွက်ခွာလာနိုင်ခဲ့ကြလေသည်။

နန်းဆောင်ထဲမှ ထွက်လာနိုင်ခဲ့သော်လည်း ဝမ်မိန်ထန် အဖို့တော့ ရဲဘက်မအေးနိုင်သေးပေ။ အတွင်းဒဏ် အပြင်းအထန်ရနေသော ရန်မိန်ကျန်းကို အချိန်မီ ကုသပေးဖို့က အရေးကြီးသည် မဟုတ်ပါလား။

အတွင်းဒဏ်ကုသရာတွင် အချိန်ယူရမည်ဖြစ်ပြီး အနှောင့်အယှက် ကင်းကင်းနှင့် စိတ်အေးအေး ကုသနိုင်သည့်နေရာကောင်းလည်း လိုသည်။

မိမိတို့ စတည်းချနေထိုင်ရန် ရွေး ချယ် ထား ခဲ့ သော အဆောက်အအုံ ပျက်ကြီးကို ဝမ်မိန်ထန် သတိရလာသည်။ ထိုအဆောက်အအုံ ပျက်ကြီးတည်ရှိရာနေရာ ကိုယ်၌က လူသူကင်းဝေးရာဖြစ်နေသည်။ ပြီးတော့ မြေအောက်လျှို့ဝှက်ခန်းလည်း ရှိနေသေးသည်။

ဝမ်မိန်ထသန်သည် သတိလစ်နေသော ရန်မိန်ကျန်းကို ကျောပိုးကာ အဆောက်အအုံ ပျက်ကြီးရှိရာသို့အရောက် မနားတမ်းပင် အမြန်လာခဲ့သည်။

အဆောက်အအုံ ပျက်ကြီးသို့ရောက်တော့ ဝမ်မိန်ထန် မောဟိုက်၍နေလေပြီ။ အတွင်းအား အခြေခံကောင်း၍သာ သည်မျှ မောပန်းမှုဒဏ်ကို ခံနိုင်ခြင်းဖြစ်သည်။

ခေတ္တအမောဖြေကာ ရန်မိန်ကျန်းကို မြေအောက်လျှို့ဝှက်အခန်းထဲအရောက် တစ်ခါတည်း ခေါ်သွားမည် ပြုပြီး၊



သတိလစ်နေသည့်အခြေအနေနှင့် မြေအောက်ခန်းထဲ ပို့ပေးဖို့ သိပ်မသင့်လျော်ဟု စဉ်းစားမိကာ ရန်မိန်ကျန်းကို သတိပြန်ရလာအောင် ပြုစုသည်။

အချိန်အနည်းငယ်အကြာတွင် ရန်မိန်ကျန်း ပြန်၍သတိရလာသည်။

"သိုင်းရေးခုနစ်သွယ်ကျမ်း ဟိုလူတွေရယူသွားပြီ။ တိုင်းတစ်ပါးသား ကျူးကျော်သူတွေလက် ရောက်တော့မှာပါ"

သတိပြန်ရလာသည်နှင့် ရန်မိန်ကျန်းက ညည်းညူပြောဆိုသည်။ သူသည် အသက်ငယ်ကာ အတွေ့အကြုံနုနယ်သေးသော်လည်း မျိုးချစ်စိတ်ကတော့ အပြည့်ရှိသည်။ မုကျင်းစန်လိန်တယ်လိုလူစားဆိုတာသိသည်။

"ဒီအတွက် ပူပင်မနေနဲ့အစ်ကို၊ သိုင်းကျမ်းကို သူတို့ ရမသွားပါဘူး၊ အစ်ကိုရထားတဲ့ အတွင်းဒဏ်ရာကိုသာ စိတ်အေးအေးထားပြီး ကုသပါ၊ ကျွန်မလဲ ဝိုင်းကူပေးမယ်"

ဝမ်မိန်ထန်က ရန်မိန်ကျန်းကို ဖြေသိမ့်စကားပြောသည်။ တင်ပျဉ်ခွေထိုင်နိုင်အောင် ဖေးမပြုလုပ်ပေးသည်။ ရန်မိန်ကျန်း စိတ်အာရုံစုစည်းကာ ချက်စိုံမှိတ်လျက်အတွင်းအားလည်ပတ်မှုဖြင့် အတွင်းဒဏ်ကိုကုသသည်။ ဝမ်မိန်ထန်က ဘေးမှနေ၍ လိုအပ်သော သွေးကြောကွက်များကို ထိုးထောက်ကူညီပေးသည်။

ထိုသို့ အတန်ကြာလုပ်လိုက်ရာ ရန်မိန်ကျန်း အနည်းငယ်နေသာထိုင်သာရှိလာသည်။

ဤအခါတွင်မှ ဝမ်မိန်ထန်က ရန်မိန်ကျန်းကို ဖေးမကာ မြေအောက် လျှိုက်ဝှက်ခန်းထဲသို့ ခေါ်သွားသည်။ ကျန်နေသေးလမျှသော စားနပ်ရိက္ခာများနှင့် သောက်ရေတို့ကိုလည်း (လိုရမည်ရသဘောဖြင့်) မြေအောက်ခန်းထဲသို့ သယ်ယူသည်။

"ဒီမြေအောက်ခန်းက သိပ်ကို လုံခြုံ စိတ်ချရတယ်၊ ဒီကို ဘယ်သူမှရောက်မလာနိုင်ဘူး၊ ကျွန်မတို့ စိတ်ချလက်ချ အတွင်းဒဏ်ကုလို့ရတယ်၊ စားစရာသောက်စရာတွေလဲရှိတယ်၊ ချွေချွေတာတာတော့ စားသောက်ရမှာပဲ"

အခန်းထဲသို့ လိုအပ်သည်များ သယ်ပို့ပြီးနောက် ဝင်ပေါက်တံခါးကိုပါ ပိတ်ဆို့ကာ ဝမ်မိန်ထန်က ပြောသည်၊

"အင်း...အခုလိုအခြေအနေမှာ ဒီလိုနေရာမျိုးလေးရှိနေတာ ကံကောင်းတာပဲနော်"

"ကျွန်မတို့က စိတ်စေတနာ ကောင်းကောင်းနဲ့ ကိုယ့်တိုင်းပြည်က အဖိုးတန် သိုင်းကျမ်း လူမသမာတွေလက်မရောက်ရအောင် ကြိုးစားပမ်းစားလုပ်ခဲ့တာပဲ၊ သူတော်ကောင်း နတ်ကောင်းမတာပေါ့၊ ကဲ...အစ်ကို စိတ်အေးအေးထားပြီးတော့သာ အတွင်းဒဏ်ကိုကုပေတော့၊ ကျွန်မ ဘေးကနေ အစောင့်ပြုစောင့်ရှောက်မယ်၊ လိုအပ်တာတွေလဲ ကူလုပ်ပေးမယ် ဟုတ်လား"

* * *

မုကျင်းစန့်လိန့်တို့လူစုမှာ နန်းဆောင်ပရိဝုဏ်ထဲမှ ထွက်လာနိုင်ကြသော်လည်း တာ့လီမြို့ထဲတွင် တဝဲဝဲလည်လည်ဖြစ်၍



နေကြသည်။ စစ်သည်ရဲမက်များသည် တာ့လီမြို့အနှံ့ ပျားပန်းခပ်မျှ လှုပ်ရှားနေကြကာ ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုများကို တင်းတင်းကျပ်ကျပ် ပြုလုပ်နေကြသည်။

သူတို့လူစုတွင် လူများနေသည့်အတွက် ဝမ်မိန်ထန်တို့လို အရောင်ဖျောက် လှုပ်ရှားဖို့လည်းမလွယ်လှပေ။ မြို့လုံးပတ်လည် လှည့်ကာ စစ်သည်ရဲမက်များနှင့် မဆုံမိ မတွေ့မိရလေအောင် မနည်းကြီး ကြိုးစားကာ ရှောင်ရှားနေကြရ၏။ တစ်နေကုန်သွားပြီး ညအကျ် မှောင်ရိပ်သမ်းလာတော့မှပင် အမှောင်၏ အကာအကွယ်ကို အသုံးချကာ တာ့လီမြို့ပြင်သို့ အရောက် ထွက်လာနိုင်ခဲ့ကြသည်။

မြို့ပြင်သို့ ရောက်သည့်တိုင် စိတ်မအေးကြရသေးပါ။

စစ်သည်ရဲမက်တို့က မြို့ပြင်ဘက်တွင်လည်း လှုပ်ရှားကာ ရှာဖွေစစ်ဆေးနေကြသည်။ ထို့ကြောင့် လူအများသွားလာကြသည့် လမ်းများမှပင် မသွားနိုင်ဘဲ ရှောင်ရှားကာ လမ်းမဟုတ်သည့် နေရာများမှ ပုန်းလျှိုးကွယ်လျှိုးသွားနေကြရ၏။

ယခုအခြေအနေတွင် မိမိတို့အနေဖြင့် သည်လို သွားလာနေခြင်းထက် နေရာကောင်းတစ်ခုခုတွင် အသာဝင်ကာပ ပုန်းအောင်း၍ ငြိမ်နေလိုက်ကြခြင်းက အကောင်းဆုံးဖြစ်မည်ကို မုကျင်းစန့်လိန့် စဉ်းစားမိသည်။

မုကျင်းစန့်လိန့်တို့သည် တာ့လီမြို့သို့အလာ ထုံစန်းဘောင်ခြေကို ဖြတ်သွားခဲ့ကြရာတွင် တောင်ခြေတောနက်တစ်နေရာတွင် အုဆောက်အအုံ ပျက်ကြီး တစ်ခုကို တွေ့ခဲ့ကြရသည်။

သူတို့ ထိုအဆောက်အအုံ ပျက်ကြီးထဲသို့ပင် မဝင်၊ ဘေးမှသာ ဖြတ်သွားခဲ့သည်။

ယခု ပုန်းခိုနေနိုင်ဖို့ နေရာကောင်းကို စဉ်းစားရာ ထို အဆောက်အအုံ ပျက်ကြီးကို မုကျင်းစန်လိန် သွားသတိရ သည်။ ထိုအဆောက်အအုံ ပျက်ကြီးထဲတွင် ဝင်၍ ပုန်းခိုနေ ပါက တာ့လီမြို့စားကြီး၏ ရဲမက် စစ်သည်များ သူတို့ကို ရှာတွေ့နိုင်တော့မည် မဟုတ်။

ထို့ကြောင့် မိမိ၏လူများကို ထိုအဆောက်အအုံ ပျက်ကြီး ရှိရာသို့ ဦးဆောင်လမ်းပြကာ ခေါ်လာခဲ့သည်။ ဖြန့်ကြက် ကင်းလှည့်နေကြသော ရဲမက် စစ်သည်များကို သတိထား ရှောင်တိမ်းပြီး သွားရသောကြောင့် ခရီးကမူ သိပ်မတွင်ပေ။ သို့သော် နောက်တစ်နေ့ ညနေစောင်းတွင်တော့ အဆောက် အအုံ ပျက်ကြီးရှိရာသို့ ရောက်ရှိသွားကြလေသည်။

ထိုအဆောက်အအုံ ပျက်ကြီးမှာ ရန်မိန်ကျန်းနှင့် ဝမ်မိန် ထန်တို့ ပုန်းအောင်းကာ အတွင်းဒဏ် ကုသနေသောနေရာ ပင်ဖြစ်သည်။

မုကျင်းစန်လိန်တို့လူစု ရောက်လာသည်ကို မြေအောက် လျှို့ဝှက်ခန်းအတွင်းမှ ရန်မိန်ကျန်းတို့က မသိကြပေ။ ထို့နည်းတူ မုကျင်းစန်လိန်တို့ကလည်း ထိုအဆောက်အအုံ ပျက်ကြီးထဲ တွင် မြေအောက် လျှို့ဝှက်ခန်း ရှိသည်ကိုပင် မသိကြပေရာ ရန်မိန်ကျန်းတို့ ရောက်နေကြောင်းကိုလည်း လုံးဝမသိကြပါ။

လုံခြုံစိတ်ချရသောနေရာကို ရောက်လာပြီမို့ ခေတ္တနားနေ ကြပြီးနောက် ညနေစာ ချက်ပြုတ်ကာ စားသောက်ကြသည်။



"ကောင်း....အရေးကိစ္စအောင်မြင်ပြီး အားလုံးလဲအေးအေး ချမ်းချမ်းဖြစ်သွားပြီ၊ ကျုပ်တို့လက် ရလာတဲ့ သိုင်းကျမ်းကို ကြည့်ကြရအောင်လား"

ညစာ စားသောက်ပြီးနောက် လူများလည်း အနားရ၊ ဗိုက်လည်း ပြည့်ကာ ရွှင်ရွှင်လန်းလန်း ရှိသွားကြချိန်တွင် မုကျင်းစန်လိန်က ပြောသည်။

လိုဏ်ဂူထဲမှ ရယူလာခဲ့သော အထုပ်မှာ မြွေမင်းသား ပိုင်မုစိမ်းထံတွင်သာ ရှိနေသေးသည်။ ပြေးပြေးလွှားလွှား လှုပ်ရှားရှောင်တိမ်းနေရသောကြောင့် ထိုအထုပ်ကိုဖွင့်မကြည့် ရသေးပါ။

မုကျင်းစန်လိန်က စကားစ ပေးလိုက်သောအခါ ပိုင်မု စိမ်းလည်း အပေါ်ဝတ်အင်္ကျီ ရင်ဘတ်ကြားတွင် ထည့်သိမ်း ထားသော အထုပ်ကို အသာပင် ဆွဲထုတ်သည်။ လူအားလုံး သည် ပိုင်မုစိမ်းထံတွင် အာရုံရောက်နေကြသည်။ တစ်ချိန်က သိုင်းလောကတစ်ခုလုံး ဗြောင်းဆန်လှုပ်ရှားစေခဲ့သော 'သိုင်း ရေးခုနစ်သွယ်ကျမ်း'ကို ကြည့်လို မြင်လိုကြသည်။ ဖတ်ရှု လေ့လာလိုကြသည်။

ပိုင်မုစိမ်းက အထုပ်ကို ဟန်ပါပါဖြင့် ဖွင့်သည်။ အပေါ်မှ ရစ်ပတ်ထားသော ဖျင်ကြမ်းစများကို ဖြေဖွင့်လိုက်သောအခါ အညိုရောင် ဆီစိမ်စက္ကူဖြင့် ပြုလုပ်ထားသော စာအိတ်ကြီး တစ်ခု ပေါ်လာသည်။

စာအိတ်ကြီးကိုဖွင့်၍ အထဲ၌ရှိသည်ကို ဆွဲထုတ်လိုက်သော အခါတွင်....

"ဟင်...."

"ဟာ...."

"အလို....ဘယ်လိုဖြစ်တာသဲ"

"ပြဿနာပဲ"

တစ်ယောက်တစ်ပေါက်. အံ့ဩတုန်လှုပ်စွာ အာမေဋိတ် သံတွေ ပြုမိကြသည်။

စာအိတ်ထဲမှ ထွက်လာသည်က သူတို့ထင်ထားသလို သိုင်းကျမ်းစာအုပ် မဟုတ်ပါ။ စာအုပ်သဏ္ဌာန်ဖြစ်အောင် သေသေသပ်သပ် ခေါက်ထားသည့် ပဝါတစ်ထည်သာ ဖြစ်နေသည်။

* * *

"အဲဒါက ဘယ်လိုဖြစ်တာလဲ"

ကြူးဟုန်က ပိုင်မုစိမ်းကို မေးသည်။

"ကျုပ် ဘယ်သိမှာလဲ"

ပိုင်မုစိမ်းက ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

"ခင်ဗျားက ဒီလို လက်လွှတ်စပယ် မသိဘူး ပြောလို့ ဖြစ်မလားဗျ၊ သိုင်းကျမ်းကို ခင်ဗျားကိုယ်တိုင် လိုဏ်ဂူထဲက ယူလာပြီး သိမ်းပေးထားတဲ့ဥစ္စာပဲ"

"ဟာ....ကျုပ်ယူလာတာက ဒီအထုပ်ပဲ၊ အထဲမှာ ဘာပါတယ်ဆိုတာတောင် မသိဘူး"

ပိုင်းမုစိမ်းနှင့်ကြူးဟုန်တို့နှစ်ယောက် စကားအချေအတင် ဖြစ်တော့မည့်အချိန်တွင် မုကျင်းစန်လိန်က လက်ကာပြကာ ကြားဝင်လာသည်။

"မိတ်ဆွေတို့နှစ်ယောက် အငြင်းများမနေပါနဲ့၊ ဒီကိစ္စမှာ တစ်ယောက်ဝင်စွက်ဖက်မှု ရှိနေမယ်လို့ ကျွန်တော်ထင်



ပါတယ်၊ ဒီသိုင်းကျမ်း သိမ်းဝှက်ထားတဲ့နေရာကို သိနေတဲ့ လူတစ်ယောက်ယောက်က ကျွန်တော်တို့ထက် လက်ဦးအောင် သိုင်းကျမ်းကိုယူသွားပြီး ပဝါကို သိုင်းကျမ်းစာအုပ်အသွင် အစားထိုးထားရစ်ခဲ့တာ ဖြစ်ရမယ်"

"အဲဒီလူဘယ်သူလဲ၊ သိုင်းကျမ်းသိမ်းထားတဲ့နေရာကို စစ်မှူး မင်းသားကြီးတစ်ယောက်တည်းပဲ သိတာမဟုတ်လား၊ ကျုပ်တို့ကိုတောင် သိုင်းကျမ်းသွားယူကာနီး နောက်ဆုံး အချိန်ကျမှ နေရာအတိအကျထုတ်ပြောခဲ့တာပဲ"

ကျောက်ကျိုမောက်ကပြောသည်။

မုကျင်းစန်လိန်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

"ရွာဟောင်းထဲမှာ သိုင်းကျမ်းကိစ္စ တိုင်ပင်ကြတုန်းက ချောင်းနားထောင်တဲ့ ကောင်မလေးကို မေ့သွားကြပြီလား"

"ဟာ..ဟုတ်ပြီ၊ အဲဒီကောင်မလေးက ကျုပ်တို့ သိုင်းကျမ်းကိုသွားယူကြမယ်ဆိုတာ သိသွားတယ်၊ သူက ကျုပ်တို့ နောက်ကနေ တိတ်တဆိတ်လိုက်လာမယ်၊ စစ်မှူးမင်းသားကြီး သိုင်းကျမ်းနေရာကို ပြောလိုက်တာ သူကလဲ ခိုးနားထောင်မယ်၊ ပြီးတော့ လက်ဦးအောင် ဝင်လုပ်သွားတာပဲ၊ ဒီလို ကလိမ်ကကျစ်နဲ့လှည့်စားရတဲ့အလုပ်မျိုး ဒီကောင်မလေးမှပဲ လုပ်တတ်မှာ"

ကြူးဟုန်က ပြောသည်။

"ဟုတ်တယ်၊ အဲဒီကောင်မလေးပဲဖြစ်ရမယ်"

ချန်မေလင်က ဝင်ပြောသည်။

"ဆင်ခြေရာတွေ့နေမှတော့ ဆင်ကြီးကိုရှာဖို့ မခက်တော့ပါဘူး၊ အဲဒီကောင်မလေးကို အမိဖမ်းကြရုံရှိတာပေါ့"

မုကျင်းစန်လိန်ကပြောရာ ကျန်လူအားလုံး ခေါင်းတညိတ်ညိတ် သဘောတူကြသည်။

"အချိန်ဆိုင်းနေဖို့မကောင်းဘူး၊ အမှုချက်ချင်းပဲ လူခွဲပြီးရှာကြစို့"

မုကျင်းစန်လိန်က လူစုခွဲဖြန့်ကာ လိုက်လံရှာဖွေရမည့် အရပ်မျက်နှာများကို သတ်မှတ်ပေးသည်။

မြေမင်းသား ပိုင်မုစိမ်းကအရှေ့ဘက်၊ ကျောက်ကျိမောက်က အနောက်ဘက်၊ ငါးမန်းနက် ကျောင်းအိမ်လိက မြောက်ဘက်၊ ဆင်ရိုင်း ဟန်လိကြွယ်က တောင်ဘက်၊ အရပ်လေးမျက်နှာလူခွဲကာ စုံစမ်းရှာဖွေရန်ဖြစ်သည်။

မုကျင်းစန်လိန်၊လင်ယန်ပင်းနှင့် ချန်မေလင်တို့သုံးယောက်က ရွေ့ရှားအဖွဲ့အနေဖြင့် အရပ်လေးမျက်နှာ ဝန်းကျင်ကို လှည့်ပတ်ကာ လိုက်ရှာဖို့ တာဝန်ယူသည်။

ဤနေရာအနီးဝန်းကျင်တစ်ခုတွင် ဤအဆောက်အအုံပျက်ကြီးသည် လျှို့ဝှက်စွာ ပုန်းခိုရန်အကောင်းဆုံးဖြစ်ရာ ဝမ်မိန်ထန်သည် ဤနေရာသို့ရောက်လာကောင်းရောက်လာနိုင်ပေရာ ထိုသို့ရောက်လာလျှင် ဆီးကြို၍အမိဖမ်းရန် ခါးစကြာ ကြူးဟုန်ကို တာဝန်ပေးသည်။ ကြူးဟုန်အနေဖြင့် နေရာခွဲဖြန့် စုံစမ်းရှာဖွေကြသူများထံမှ ထူးခြားသည့်သတင်းပို့ချက်များကိုလည်း လက်ခံယူရန်ဖြစ်သည်။

တာဝန်ခွဲဝေပြီးနောက် ကြူးဟုန်မှအပ ကျန်လူများသည် အဆောက်အအုံပျက်ကြီးမှ ထွက်ခွာသွားကြလေတော့သည်။

* * *



အဆောက်အအုံပျက်ကြီးတွင် တစ်ယောက်တည်း စောင့်ကျန်ခဲ့သော ကြူးဟုန်သည် ဟိုဟိုသည်သည် လမ်းလျှောက်၍ နေလေသည်။ ဖိုထားသောမီးပုံကငြိမ်းသွားကာ လမိုက်ရက်မို့ လကလည်းမထွက်။ မလက်တလက် ကြယ်ရောင်လေးများသာရှိသည်မို့ အလင်းရောင်ကလည်း အလွန်ကို အားနည်း၍ နေသည်။

ကြူးဟုန်မှာပထမတန်းသိုင်းအကျော်အမော်တစ်ယောက်မို့ အမြင်အာရုံထက်မြက်ပေရာ ဝိုးတဝါးအလင်းရောင်လေးမျှသာရှိနေသည့်တိုင် စူးစိုက်၍ကြည့်လျှင်မြင်သာသည်။ လမ်းသလားရင်း နားကိုစွင့်ထားသည်။ မျက်စိကလည်း အအားမထား။ ဟိုဟိုသည်သည် စူးစမ်းကြည့်ရှုနေသည်။

ဟိုကောင်မလေး သည်အဆောက်အအုံပျက်ဆီသို့ ရောက်လာလျှင်တော့ အပိုင်အနိုင်ဆီးကာ ဖမ်းလိုက်မည်ဟု စိတ်ထဲမှလည်း ကျိတ်၍ကြိမ်းဝါးနေသည်။

အဆောက်အအုံကြီး၏ အပျက်အစီးများအကြား နှံ့စပ်အောင် လျှောက်သွားသည်။ တစ်ယောက်တည်း လျှောက်သွားနေရတာ ပျင်းသလိုလိုရှိလာသည်မို့ အပျက်အစီး အပိုင်းအစများကို ဘာရယ်လို့ မဟုတ်ဘဲ ဟိုဟာကောက်ကြည့်၊ သည်ဟာကောက်ကြည့်လုပ်သည်။

တစ်ပတ်လှည့်ပြီးနောက် သူတို့စခန်းချနားနေရန် ရွေးထားသော အပျက်အစီးအနည်းဆုံးဖြစ်သည့် အခန်းပျက်ကြီးသို့ ပြန်ရောက်သည်။ အခန်းပျက်ကြီးထဲတွင်လည်း ရှိနေသော အပျက်အစီးများကိုကြည့်ရှုရာမှ ပန်းကန်ခွက်ယောက် အကျိုးအပဲ့များကိုတွေ့သည်။

ပြီးတော့ အကောင်းပကတိအတိုင်းရှိနေသေးသော ပန်းကန်ပြားချပ်၊ ကြွေပန်းကန်လုံးတစ်လုံးနှင့် ကြွေးအိုးတစ်ခုတို့ကိုတွေ့သည်။ ထိုအိုးခွက်ပန်းကန်များသည် စီစီညီညီနှင့် ရှိနေသည့်အတွက် ကြူးဟုန် မျက်မှောင်ကြုတ်သွားသည်။

ပျက်စီးယိုယွင်းနေသောအဆောက်အအုံကြီးထဲတွင် အိုးခွက်ပန်းကန်အကောင်း အနည်းအကျဉ်းတွေ့ရသည်မှာ သိပ်တော့မဆန်းပါ။ သို့သော် ထိုသို့အကောင်းအတိုင်းရှိနေသေးသည့် အိုးခွက်ပန်းကန်တို့က ညီညီညာညာ စီထားသလိုမျိုး ရှိနေပုံကတော့ အတော်ကိုထူးခြားသည်၊

ကြူးဟုန်၏စိတ်ထဲတွင် သံသယတွေ ပွားလာသည်။ ထို့ကြောင့် အနီးအနားတစ်ဝိုက်ကို စေ့စေ့စပ်စပ် လိုက်လံကြည့်ရှုပြန်သည်။ ထိုအခါ အကောင်းပကတိအတိုင်း ရှိနေသေးသော စင်တစ်ခုတွေ့သည်။ စင်ပေါ်တွင် ပန်းကန်ပြား တစ်ချပ် ရှိနေသည်။

ထိုစင်သည်လည်း ထူးထူးခြားခြားပင် သန့်သန့်ပြန့်ပြန့်ရှိနေသည်ကို သတိပြုမိပြန်သည်။ အတွေ့အကြုံ ရင့်ကျက်နေသူတစ်ယောက်မို့ ကြူစင်နှင့် ပန်းကန်ပြားတို့တွင် လျှို့ဝှက်ချက်တစ်ခုခုရှိနိုင်ကြောင်း တွေးမိသည်။

ကြူးဟုန်က ပန်းကန်ပြားကို အသာမယူကြည့်သည်၊ မရ၊ ထိုအခါ မိမိတွေးဆမှုမှန်ပြီဟု နားလည်ကာ အသာ ဆွဲလှည့်ကြည့်ပြန်သည်။ ဘယ်ဘက်သို့လှည့်သည်။ မရ၊ ညာဘက်သို့လှည့်သောအခါတွင်တော့ ပန်းကန်ပြားသည် အလိုက်သင့်ပင် လည်၍ထွက်သည်။

ထို့နောက်....



"ဂျိန်း ဂျိန်း ဂျိန်း"

အသံကျယ်ကျယ် မြည်ဟိန်းကာ အခန်းကြမ်းပြင်တွင် အပေါက်တစ်ခု ပွင့်၍သွားသည်။

* * *

မြေအောက်ခန်းသို့ ဝင်နိုင်သည့် လျှို့ဝှက်တံခါးပေါက် ပွင့်သွားသည့်အသံကို လျှို့ဝှက်ခန်းထဲတွင် အတွင်းခဏ်ရာ ကုသနေကြသော ရန်မိန်ကျုန်းနှင့် ဝမ်မိန်ထန်တို့ ကောင်းကောင်းကြားကြရသည်။

ရန်မိန်ကျုန်း၏ အတွင်းဒဏ်သည် အတော်အသင့်တော့ သက်သာနေပြီဖြစ်သည်။ အသက်အန္တရာယ်ဖြစ်နိုင်လောက်သည့် အခြေအနေကလွန်ခဲ့သော်လည်း ဆက်လက်၍ စိတ်အာရုံ တည်တည်ငြိမ်ငြိမ်ဖြင့် အတွင်းအား လည်ပတ်ကုသရန် လိုနေသေးသည်။

ထိုသို့မလုပ်နိုင်ပါက ဖေသွေးလေလည်ပတ်မှုတွေပြန်ရှုပ်ထွေးကာ အခြေအနေ ဆိုးလာနိုင်သည်။ သည်လို အချိန်အခါတွင် မြေအောက်သို့ဆင်းသည့် လျှို့ဝှက်တံခါး ပွင့်သွားသံပေါ်လာရာ ရင်မိန်ကျုန်းတို့အတွက် အန္တရာယ် အချက်ပေးသံလိုပင် ဖြစ်သည်။

"ဟာ....ဒုက္ခပဲ"

ရန်မိန်ကျုန်းက စိုးရိမ်စွာရေရွတ်သည်။ သူ၏မျက်နှာပေါ်တွင်လည်း သွေးဆုတ်သလို ဖြူဖပ်ဖြူရော်ဖြစ်သည်၊ စိတ်အာရုံလှုပ်ရှားသွားကာ အတွင်းအားတို့ စုစည်းမှု လျော့နည်းကျန်သည့် လက္ခဏာပင်။

"စိတ်အေးအေးထားပြီး အတွင်းအား ဆက်လေ့ကျင့်ပါ အစ်ကို၊ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်မသွားကြည့်မယ်၊ ဘာမှ မစိုးရိမ်နဲ့"

ဝမ်မိန်ထန်က တီးတိုးလေသံဖြင့် ရန်မိန်ကျန်းကို အားပေး စကားပြောသည်။ ထို့နောက် မြေအောက် လျှို့ဝှက်ခန်း တံခါးမှ အသာ ခေါင်းလေးမသိမသာပြူကာ စကြံလမ်း ကြောင်းဘက်ဆီသို့ လှမ်းကြည့်သည်။

လှေကားထစ်များကို နင်းကာ ဆင်းလာသော လူ တစ် ယောက်၏အသွင်ကို လှမ်းမြင်ရသည်။ မြင်မိသည်နှင့် ခေါ်းစကြာ ကြူးဟုန်ဖြစ်ကြောင်း ချက်ချင်းသိသည်။

"ဟာ....ဒုက္ခပဲ၊ ဒီလူစု ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက် လာကြတာလဲ"

ဝမ်မိန်ထန်၏စိတ်ထဲတွင် ကျိတ်ကာပြောမိသည်။ ကြူးဟုန် နှင့် အပေါင်းအဖော်များ ပါရှိနေသည်ဟုထင်ကာ အတော် လည်း စိုးရိမ်ပူပန်သွားသည်။ မြေအောက် လျှို့ဝှက်ခန်းမှ ထွက်လမ်းဝင်လမ်းသည် တစ်ခုတည်းရှိနေပေရာ မိမိတို့အနေ နှင့် ချောင်ပိတ်မိနေသည့် အခြေအနေမျိုးရောက်နေကြောင်း လည်း နားလည်သည်။

သည်အခက်အခဲ အကျပ်အတည်းမှ ဘယ်လို လွန်မြောက် အောင် လုပ်ရမည်နည်းဟု စဉ်းစားအကြံထုတ်သည်။

ကြူးဟုန်၏ လှုပ်ရှားမှုများကိုတော့ စေ့စေ့စပ်စပ် ကြည့် နေသည်။ ထိုသို့ ကြည့်ရှုသည့်အတွက် ကြူးဟုန်သည် တုံ့တုံ့ ဆိုင်းဆိုင်းနှင့် ခပ်ဖြည်းဖြည်းချင်း သတိကြီးစွာထားကာ ဆင်းလာနေသည်ကို သတိပြုမိသည်။



ကြူးဟုန်၏နောက်မှ မည်သူမျှပါမလာ။ ကြူးဟုန်ကလည်း နောက်လှည့်ကြည့်ခြင်းမရှိ။ သိုင်းကျမ်းရှိရာလိုဏ်ဂူထဲသို့ ကြူး ဟုန်နှင့် ပိုင်မုစိမ်းတို့နှစ်ယောက် အတူတွဲကာဝင်ရောက်ခဲ့ကြပုံ ကို ဝမ်မိန်ထန် ပြန်အမှတ်ရသည်။

အခြား အဖော်များ ရှိနေလျှင် ကြူးဟုန်နှင့် အတူ တစ် ယောက်ယောက်တော့ အဖော်အကူအဖြစ် ပါလာရမည်။ ယခု တစ်ယောက်တည်းဖြစ်နေရာ အခြားလူများ အတူရှိမနေနိုင်ဟု စဉ်းစားမိသည်။

ကျန်လူတွေ ဘယ်ရောက်ကုန်သနည်း။ တာ့လီ မြို့စောင့် စစ်သည်ရဲမက်များကို ရှောင်တိမ်းရင်း လူစုကွဲကာ ကြူးဟုန် တစ်ယောက်တည်း သည်နေရာသို့ ရောက်လာခြင်းလား။

မည်သို့ဖြစ်စေ ကြူးဟုန် တစ်ယောက်တည်းသာ ဆိုပါက မိမိတို့အတွက် အသက်ရှူချောင်စရာလမ်းရှိသည့်အတွက် သေ သေချာချာ စူးစမ်းအကဲခတ်ကြည့်နေသည်။ ကြူးဟုန် တစ် ယောက်တည်းသာ ဖြစ်နိုင်ဖို့များလာသောအခါ ရင်ဆိုင်ရန် အကြံကောင်းတစ်ခု ဝမ်မိန်ထန် စဉ်းစားမိလေသည်။

ဝမ်မိန်ထန်သည် မြေအောက်လျှို့ဝှက်ခန်းထဲသို့ အမြန်ပြန် ဝင်သည်။ လုပ်စရာရှိသည်တို့ကို အမြန်လုပ်သည်။

ထို့နောက်....

ကြူးဟုန် ရောက်အလာကို စောင့်လင့်နေလေတော့သည်။

* * *

ကြူးဟုန်သည် လှေကားထစ်များကို တစ်ထစ်ချင်း နင်း ကာ သတိကြီးစွာထား၍ မြေအောက်ခန်းထဲဆင်းလာခဲ့သည်။

အနှုရာယ်တစ်ခုခု ပေါ်လာသည်နှင့် ချက်ချင်း ရင်ဆိုင်နိုင်ရန်လည်း အသင့်ပြင်ထားသည်။ ညာလက်တွင် လက်စွဲတော်ဓားရှည်ကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ သိုင်းကွက်သိုင်းဟန်အတိုင်း ချက်ချင်းလှုပ်ရှား တိုက်ခိုက်နိုင်ရန် ဓားကို ခင်းထားသည်။

ဘယ်လက်ဝါးကိုဖြန့်ကာ ရင်ဘတ်တစ်ဝိုက် ကြိုတင်ကာကွယ်ထားသည်။ ခြေလှမ်းကို တစ်လှမ်းချင်း လှမ်း၏။ ခြေလှမ်းတစ်ဖက် လှမ်းကာ အခြေခိုင်ခိုင်ချပြီးမှ ကျန်ခြေထောက်ကို ကြွသည်။ ခြေလွှတ်လက်လွှတ် ဟန်ချက် လွှတ်နိုင်ဖို့ပင် အခွင့်မပေး။

ညလင်း မီးစုန်းပုလဲ၏ အရောင်ဖြင့် မြင်သာထင်သာရှိနေသော မြေအောက်စကြံလမ်း တစ်လျှောက်ကိုလည်း မျက်စိလျှင်လျှင်ဖြင့် တရစပ် အကဲခတ် ကြည့်ရှုနေ၏။ စကြံလမ်း၏ အဆုံးတွင် အခန်းတစ်ခု၏အပေါက်ဖြစ်ပုံရသည့် တံခါးပေါက်ရှိကာ ထိုတံခါးပေါက်ထဲမှ ပို၍ လင်းသည့် အလင်းရောင်အပြင်သို့ ဖြာထွက်နေသည်ကို တွေ့ရသည်။

ထိုအခန်းထဲတွင် ပို၍ အားကောင်းသော သို့မဟုတ် ပို၍ အရေအတွက်များသော ညလင်း မီးစုန်းပုလဲတွေ ရှိလိမ့်မည်ဟု အကဲခတ်မိသည်။

စကြံလမ်း၏ လေးပုံသုံးပုံကျော်ကျော်လောက်သို့ ရောက်လာသောအခါ ထိုတံခါးပေါက်မှ ဖြာထွက်နေသော (စကြံလမ်းထဲတွင်ရှိနေသည့် အလင်းရောင်ထက် ပို၍ အားကောင်းသော) အလင်းရောင်များ ရုတ်တရက် မေးမှိန်သွားသည်ကို တွေ့ရသည်။



ကြူးဟုန်၏ခြေလှမ်း ချက်ချင်း ရပ်၏။ ခါးရှည်ကိုလည်း ပို၍ တင်းတင်းဆုပ်ကာ ပင့်မြှောက်သည်။ ရင်ထဲတွင်လည်း ဒိန်းခနဲ တုန်လှုပ်သည်။

"ဒါက ဘယ်လိုဖြစ်တာလဲ၊ မကောင်းဆိုးဝါးတွေများ ကြောက်လန့်တာလား၊ ဒီလို ရှေးဟောင်း အဆောက်အအုံ ပျက်တွေမှာ မကောင်းဆိုးဝါးတွေ ခိုအောင်းနေတတ်တာ"

ကြူးဟုန်၏ စိတ်ထဲတွင် တွေးမိသည်။

ကြူးဟုန်မှာ လူလူချင်းဆိုလျှင် ဘာမျှ အကြောက်အလန့်မရှိ။ ရဲဝံ့စွန့်စားစွာ ရင်ဆိုင်ရဲသော်လည်း မကောင်းဆိုးဝါးတစ္ဆေသရဲများကိုတော့ ကြောက်လန့်သည့် စိတ်ခံရှိသည်။ မကောင်းဆိုးဝါးများအကြောင်း စဉ်းစားမိသည်နှင့် ကျောရိုးတစ်လျှောက် စိမ့်ချမ်းသည်။ ရှေ့သို့ပင် ဆက်သွားရန် တွန့်ဆုတ်နေသည်။

သို့သော် ဤမြေအောက်ခန်းထဲတွင် ဘာတွေရှိနေသည်ကို သိချင်စိတ်ကလည်း ရှိနေပြန်သည်။ အဖြေပေါ်အောင်တော့ စူးစမ်းကြည့်မည်ဟု အားတင်းကာ ရှေ့သို့ဆက်၍လှမ်း၏။ ခြေလှမ်းတွေကတော့ ပိုနှေးသည်။ အထူးကို သတိထား၏။

ကျောစိမ့် တုန်လှုပ်နေမှုကတော့ မပျောက်ချင်သေး။

တဖြည်းဖြည်း တရွေ့ရွေ့ချင်း လျှောက် လှမ်း လာ ရာ လျှို့ဝှက်ခန်း၏တံခါးပေါက်နားသို့ ရောက်သည်။ ကြူးဟုန်၏ အတွင်းစိတ် စိုးထိတ်လှုပ်ရှားမှုကလည်း ပို၍မြင့်ထန်လာ၏။ တုန်တုန်ယင်ယင်ပင် ဖြစ်နေသည်။ အသက်ရှူမြန်နေသည်။

မိမိစိတ်ကိုထိန်းကာ ကိုယ့်ကိုယ်ကို အားပေးရင်း တံခါးပေါက်မှ လှမ်းဝင်၏။ ထိုသို့ လှမ်းဝင်လိုက်သည်နှင့် အသည်း

ထိတ် ရင်ဖိုဖွယ်ရာသောအဖြစ်ကို ကြူးဟုန် ရင်ဆိုင်တိုးရလေတော့သည်။

* * *

ဝမ်မိန်ထန်က လျှို့ဝှက်မြေအောက်ခန်း၏ မျက်နှာကြက်တွင် တပ်ဆင်ထားသော ညလင်းမီးစုန်း ပုလဲသုံးလုံးအနက်မှ နှစ်လုံးကို ဖြုတ်ယူသည်။ မိမိ လှည်းကျင်းကာ အခန်းထောင့်တွင် စုပုံထားသည့် အမှိုက်များကို အင်္ကျီရှည်ဖြင့် ထုပ်ကာ ခပ်ကြီးကြီး ဦးခေါင်းတစ်ခု အသွင်ဖြစ်အောင် အမြန်လုပ်၏။ ထိုဦးခေါင်း၏ မျက်လုံးနှစ်ခုနေရာတွင် ညလင်းမီးစုန်း ပုလဲနှစ်ခုကို တပ်ဆင်သည်။ မိမိ၏ခေါင်းမှ ဆံပင်များကို ဖိုးရိုးဖားယား ကျနေအောင် လုပ်သည်။

ပြီးတော့ အမှိုက်ထုပ်ကို မိမိခေါင်းဘေးနားတွင် ကပ်ကာထားသည်။ မျက်လုံးနေရာလောက်တွင် တပ်ဆင်ထားသော ညလင်းမီးစုန်းပုလဲနှစ်လုံးကိုတော့အရောင်မလင်းလက်အောင် လက်ဝါးနှင့် အုပ်ကာထားလျက် ကြူးဟုန် ရောက်အလာကို စောင့်လင့်နေသည်။

ကြူးဟုန်သည် တစ်လှမ်းချင်း ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာသောကြောင့် ဝမ်မိန်ထန်အနေဖြင့် လုပ်စရာရှိသည်များကိုလုပ်ရန် အချိန်ကောင်းကောင်း ရလေသည်။

နောက်ဆုံး ကြူးဟုန် အခန်းထဲသို့ ဝင်အလာ ဝမ်မိန်ထန်က ရှေ့မှ ဂျတ်တရက်ဆီး၍ မျက်နှာချင်းဆိုင်လိုက်၏။ ညလင်းမီးစုန်းပုလဲနှစ်ခုအပေါ်တွင် အုပ်ကာထားသော လက်ဝါးကိုလည်း ဖယ်ရှားပစ်လိုက်သည်။



ထိုအခါ ခေါင်းက နှစ်လုံး ခေါင်းတစ်ခု၏ မျက်လုံးများက မီးဝင်းဝင်းတောက်လျက် ဆံပင်များ ဖိုးရိုးဖားယားနှင့် မြင်ရသူ ထိတ်လန့်ဖွယ်ရာအသွင်မျိုး ဖြစ်သွားသည်။

ကြူးဟုန်စိတ်ထဲတွင်တော့ မကောင်းဆိုးဝါးနှင့် ပက်ပင်းရင်ဆိုင်တိုးရလေပြီဟု ထင်ကာ အကြီးအကျယ်ပင် ထိတ်လန့်တုန်လှုပ်သွားလေသည်။

"အောင်မယ်လေး....ခေါင်းနှစ်လုံး မျက်ပြူးသရဲကြီးဗျ"

ကြူးဟုန်သည် ငယ်သံပါအောင် အော်ဟစ်ကာ နောက်ကြောင်းလှည့်၍ သုတ်ခြေတင် ပြေးလေတော့၏။ မြေအောက်ခန်းထဲမှထွက်ကာ အဆောက်အအုံပျက်၏ အပြင်ဘက်သို့ပင် အလန့်တကြား ထွက်ပြေးသွားလေတော့သည်။

မိမိတို့ သည်နေရာတွင် ဆက်၍နေလျှင် အန္တရာယ်တွေ့ရှိလာနိုင်ကြောင်း နားလည်သည်မို့ ဝမ်မိန်ထန်သည် ရန်မိန်ကျန်းကို ဖေးမ ဆွဲခေါ်ကာ မြေအောက်ခန်းမှ အမြန်ထွက်လာခဲ့သည်။

ကြူးဟုန် ထွက်ပြေးသွားသည်မို့ အဆောက်အအုံပျက်ထဲတွင် သူတို့ကို ဟန့်တား အနှောင့်အယှက်ပေးမည့်သူ မရှိတော့ပါ။ ဝမ်မိန်ထန်နှင့် ရန်မိန်ကျန်းတို့နှစ်ယောက် အဆင်ချောမောစွာပင် အဆောက်အအုံပျက်ထဲမှ ထွက်လာနိုင်ခဲ့ကြသည်။

အဆောက်အအုံပျက်ကြီးမှ အတန်ကွာလှမ်းသောနေရာသို့ အရောက်တွင် ဝမ်မိန်ထန်က ချုံကြီးတစ်ခုကို ရွေးချယ်၍ ချုံထဲ အသာတိုးဝင်လာခဲ့ကြသည်။

"ဘာလုပ်မလို့လဲဟင်....၊ ဟိုလူစုနဲ့ဝေးရာကို မသွားဘူးလား"

ရန်မိန်ကျန်းက ဝမ်မိန်ထန်၏အပြုအမူကို နားမလည်နိုင်၍ မေးမိလေသည်။

"အစ်ကို့ အတွင်းဒဏ်က လုံးလုံးလျားလျား ပျောက်သေးတာမဟုတ်ဘူး၊ ဒီတော့ ဒီချုံထဲမှာဝင်ပုန်းပြီး အတွင်းဒဏ် ကုရမယ်လေ"

"ဒီနေရာက လုံခြုံပါ့မလား"

"နေရာကောင်းတစ်ခုတော့ မဟုတ်ဘူး၊ ဒါပေမယ့် ကိုယ့်ကို အန္တရာယ်ပေးမယ့် လူတွေ ရှာလို့မတွေ့တဲ့ နေရာဟာ အန္တရာယ်ဘေးကင်းတဲ့နေရာလို့ ဆိုရမှာပဲ၊ သူတို့က ကျွန်မတို့ အဝေးကို ပြေးထွက်သွားကြပြီလို့ ယူဆကြပြီး ဒီအဆောက်အအုံပျက်ကြီးရဲ့ အနီးဝန်းကျင်ကို လိုက်ရှာကြမှာ မဟုတ်ဘူး၊ ဒီနေရာမှာ ဘေးကင်းနိုင်ပါတယ်၊ ကဲ....အစ်ကို ဟိုဟိုဒီဒီ လျှောက်တွေးမနေနဲ့၊ စိတ်မအေးအေးထားပြီး အတွင်းဒဏ်ကိုသာ ကုပေတော့"

ရန်မိန်ကျန်း ဘာမျှဆက်မပြောတော့။ တင်ပျဉ်ခွေထိုင်ကာ စိတ်အာရုံများ စုစည်းလျက် သိုင်းမှော်မောင်နှံတို့၏ မှော်စကြာ အတွင်းအားကျင့်စဉ် နည်းလမ်းများအတိုင်း အတွင်းအားများကို လည်ပတ်လေ့ကျင့်သည်။ မိမိ၏ ခန္ဓာကိုယ်အတွင်း သွေးလေလည်ပတ်မှု လမ်းကြောင်းများ မှန်ကန်သန့်စင်ချောမွေ့အောင် လုပ်ဆောင်သည်။

ဝမ်မိန်ထန်ကတော့ ဘေးမှထိုင်နေကာ တစ်စုံတစ်ရာသော အန္တရာယ် ကျရောက်လာလျှင် ကြိုတင်သိနိုင်အောင် ပတ်ဝန်း



ကျင်ကို အခါမလပ် အကဲခတ်ကြည့်နေသည်။ လိုအပ်သည့် အခါများတွင် ရန်မိန်ကျန်း၏ သွေးကြောများကို နှိပ်နယ်ကာ အတွင်းအား ဖြည့်သွင်းကူညီပေးသည်။

အရေးတကြီးအချိန်တွင် ရန်မိန်ကျန်း၏ အတွင်းဒဏ် ကုသမှုမှာ အရေးအကြီးဆုံးသော အပိုင်းသို့ ရောက်ရှိလာသည်။ အတွင်းအားလည်ပတ်မှုများ ရှုပ်ထွေးသလိုလည်း ဖြစ်လာသည်။ ဤအရှုပ်အထွေးများကို ချောမွေ့သွားအောင် လုပ်နိုင်လျှင် အန္တရာယ်မှ လွတ်ပေပြီ။

ဝမ်မိန်ထန်သည် ရန်မိန်ကျန်း၏နောက်တွင် တင်ပျဉ်ခွေထိုင်ကာ နောက်ကျောပြင်ပေါ်ရှိ သွေးကြောကွက်များကို ဘယ်ညာ လက်ဝါးနှစ်ခုနှင့် ဖိကပ်ထိုးနှိပ်ကာ အတွင်းအားများ ဖြည့်သွင်းထောက်ကူပေးရသည်။

အတွင်းဒဏ်ရနေသော ရန်မိန်ကျန်း၏အတွင်းအား လည်ပတ်မှု တုံ့နှေးနေသောကြောင့် ဝမ်မိန်ထန်က အပြည့်အဝ အားပေး ထောက်ကူနေရသည်။ နှစ်ယောက်လုံး စိတ်အာရုံပျံ့လွင့်၍ မရ။ အာရုံကို ရန်မိန်ကျန်း၏ ခန္ဓာကိုယ်အတွင်း အတွင်းအားလည်ပတ်မှုဆီတွင်သာ စူးနစ်စုထားရသည်။ အာရုံပျံ့လွင့်ကာ စိတ်ထိန်းချုပ်မှု လွတ်သွားလျှင် ရန်မိန်ကျန်း၏ အတွင်းအားတွေ ပရမ်းပတာဖြစ်ကာ သွေးကြောများလည်း ပေါက်ကွဲ၍ အသက်သေဆုံးနိုင်သည်။ ကံကောင်းထောက်မ၍ အသက်မသေလျှင်ပင် အရိုးအကြောများ ချည့်နဲ့ကာ ဒုက္ခိတ ဘဝသို့ ရောက်သွားနိုင်ပေသည်။

ရန်မိန်ကျန်း၏ အတွင်းအားများသည် ဟိုဝေ့သည်ဝိုက် လမ်းကြောင်းမှန်မှ သွေဖီကာ လွတ်ထွက်မလို ဖြစ်နေသည်။

ရန်မိန်ကျုန်းကိုယ်တိုင် မှော်စကြာ အတွင်းအား ကျင့်စဉ်၏ အမြင့်ဆုံးအဆင့်ဖြင့် ကြိုးစားထိန်းချုပ်နေရသည်။ ဝမ်မိန်ထန်ကလည်း မိမိတွင်ရှိသမျှအတွင်းအား အကုန်နီးပါး ထုတ်သုံးအားဖြည့်ကာ ထိန်းပေးထားသည်။

အရေးအကြီးဆုံးနှင့် အန္တရာယ်အရှိဆုံး အခြေအနေသို့ ရောက်ပြီ၊ ရန်မိန်ကျုန်း၏ အတွင်းအားသည် အရေးကြီးသည့် သွေးကြောကွက် နောက်ဆုံးနေရာကို ထိုးဖောက်နိုင်လုလု အခြေအနေတွင် ရှိနေသည်။

ထိုသွေးကြောနေရာကို အတွင်းအားထိုးဖောက်လည်ပတ်နိုင်လျှင် ရန်မိန်ကျုန်း၏ ခန္ဓာကိုယ်အတွင်း သွေးလေ လည်ပတ်မှုတို့ အားလုံးပုံမှန်ဖြစ်ပြီ၊ အတွင်းအားသည်လည်း အနေအထား ပုံမှန်ဖြစ်သွားမည်။

ကုသမှုအောင်မြင်ပေတော့မည်။

ဤသို့သော အလွန်အရေးကြီးသည့် အချိန်အခါတွင်မှ တိုက်တိုက်ဆိုင်ဆိုင်သိုသလိုလှုပ်ရှားအဖွဲ့အဖြစ် အဆောက်အအုံပျက်ကြီး၏ အရပ်လေးမျက်နှာဝန်းကျင်တွင် လှည့်ပတ်ရှာဖွေနေကြသော မုကျင်းစန်လိန်၊ လင်ယန်ပင်းနှင့် ချန်မေလင်တို့သုံးယောက် ထိုချုံကြီးအနားသို့ ရောက်လာကြလေသည်။

သူတို့သုံးယောက် ရောက်ရှိလာသည်ကို စိတ်အာရုံအပြည့်စူးစိုက်အတွင်းအား လည်ပတ်နေသူ ရန်မိန်ကျုန်းက မသိ၊ ရန်မိန်ကျုန်းကို အတွင်းအား ဖြည့်သွင်းထောက်ကူရင်း အနီးဝန်းကျင်ကိုလည်း စူးစမ်းနေသော ဝမ်မိန်ထန်ကတော့ သိသည်။



"အရေးကြီးတဲ့အချိန်ကျမှ အနှောင့်အယှက် ပေါ်လာဦးမလားပဲ၊ သူတို့သုံးယောက် ဒီချုံကြီးအနားကနေ ဖြတ်သွားကြရင်တော့ ဘာမှ အန္တရာယ်မဖြစ်လောက်ပါဘူး"

ဝမ်မိန်ထန်၏စိတ်ထဲတွင်တွေးမိသည်။ ထိုသို့တွေးတောကာ စိတ်အာရုံထွေပြားမှု ဖြစ်သွားသည်နှင့် ရန်မိန်ကျုန်းကိုအတွင်းအား ဖြည့်တင်းကူညီပေးနေမှုတွင် အားအင်ရှုပ်ထွေးမှုလေး ဖြစ်ပေါ်သည်။

အရေးကြီးသည့် သွေးကြောနောက်ဆုံးနေရာကို တိုးဝင်ဖောက်နေသော ရန်မိန်ကျုန်း၏ အတွင်းအားသည်လည်း စုစည်းမှုအနေအထား မသိမသာအားပျော့သွားသည်။ မဆိုစလောက် အားပျော့သွားမှုလေး ဖြစ်သော်လည်း အလွန်ကိုအရေးကြီးသည့်အခြေအနေမို့ ထိရောက်မှုကတော့ အားကြီးသည်။

အတွင်းအားသည် သွေးကြောကွက်ကို တိုးဝင်ထိုးဖောက်ရမည့်အစား တုံ့ရပ်သလို ဖြစ်သည်။ နောက်သို့ပင် တန်ပြန်လာတော့မယောင် ရှိလာသည်။

နှလုံးသည် ဒိန်းဒိန်းခုန်လာသည်။ တစ်ကိုယ်လုံးရှိ သွေးကြောများ၊ အာရုံကြောများသည် ပေါက်ကွဲထွက်လုလုဖြစ်၏။ နောက်ကျောပေါ်ရှိ သွေးကြောကွက်နေရာများကို ဖိနှိပ်ကာ အတွင်းအား ဖြည့်တင်း ထောက်ကူပေးနေသော ဝမ်မိန်ထန်၏ ဘယ်ညာလက်ဝါးပြင်တို့ဆီသို့ ရန်မိန်ကျုန်း၏အတွင်းအား တုံ့ပြန်မှုတွေ သက်ရောက်သည်။ ပူရှိန်းရှိန်း အငွေ့များ ထင်လာသည်။

ဝမ်မိန်ထန်သည် ချက်ချင်းပင် မိမိ၏ စိတ်အစဉ်ကို တည်ငြိမ်အောင် ပြန်ထိန်း၏။ အတွင်းအား ဖြည့်တင်း ထောက်ကူပေးမှုကို ဖိဖိစီးစီး ပြန်လုပ်သည်။

အခြေအနေကို ပြန်ထိန်းလိုက်နိုင်သည်ဟု ဆိုရမည်။ရပ်တန့်တော့မလိုလိုဖြစ်နေသော ရန်မိန်ကျန်း၏ အတွင်းအားသည် ပြန်လည် စုစည်းမိကာ အရေးကြီးသော သွေးကြောကွက် နောက်ဆုံးအဆင့်ကို ထိုးဖောက်နိုင်ရန် ရှေ့ပြန်တိုးဝင်သည်။

မုကျင်းစန်လိန်တို့သုံးယောက်သည် ရန်မိန်ကျန်းတို့ အတွင်းဖက် ကုသနေသော ချုံပုတ်ကြီးဘေးမှ ဖြတ်သွားကာ ဆက်လက် လျှောက်လှမ်းသွားခြင်းမဟုတ်။ ချုံပုတ်ကြီးနားတွင်ပင် ထိုင်ချကာ နားလိုက်ကြလေသေးသည်။

* * *

မုကျင်းစန်လိန်၊ လင်ယန်ပင်းနှင့် ချန်မေလင်တို့သုံးယောက် ချုံပုတ်ကြီးဘေးနားတွင် ထိုင်လိုက်ကြ၏။ သူတို့ အပူတပြင်း လိုက်ရှာဖွေနေသည့် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့နှစ်ယောက်သည်ချုံပုတ်ကြီးထဲတွင်ရှိနေကြသည်ကိုတော့ မသိကြပါ။ ခရီးခေတ္တခဏ အပန်းဖြေသည့်သဘော ခရီးတစ်ထောက်နားလိုက်ကြခြင်းသာဖြစ်သည်။

"တူတော်မောင် လင်နဲ့ တူမလေး ချန်တို့နှစ်ယောက်တာ နေနဲ့လ ရွှေနဲ့မြ ဆိုသလို တကယ့်ကို လိုက်ဖက်ကြပါတယ်၊ ဘယ်တော့လောက် လက်ထပ် ထိမ်းမြားကြဖို့ စိတ်ကူးထားသလဲ"



အနားယူရင်း ထွေရာလေးပါး စကားများ ပြောဆိုနေရာမှ မုကျင်းစန်လိန်က မေးလိုက်သည်။

"ကျွန်မကတော့ သိုင်းရေးခုနစ်သွယ်ကျမ်းကို အဓိကထားတာပဲ၊ အဲဒီသိုင်းကျမ်းထဲက သိုင်းပညာတွေ လေ့လာသင်ယူနိုင်တဲ့ အချိန်ကျမှ လက်ထပ်ကြမှာ ဟုတ်တယ်မဟုတ်လား"

ချန်မေလင်ကပြန်အဖြေပေးရာမှ လင်ယန်ပင်းကို တစ်ဆက်တည်း မေးသည်။

"ဟုတ်ပါတယ်"

လင်ယန်ပင်းကတော့ ချန်မေလင်ကို အမြန်ဆုံး လက်ထပ်ချင်နေသည်။ သို့သော် ချန်မေလင်၏ စိတ်ထင်ရာ ဇွတ်လုပ်တတ်သော စိတ်နေစိတ်ထား စရိုက်သဘာဝကို သိသောကြောင့် ချန်မေလင်ပြောသောစကားကို မဆန့်ကျင်၊ အလိုက်အထိုက်ပင် ပြောလိုက်ရလေသည်။

"သိုင်းရေးခုနစ်သွယ် သိုင်းကျမ်းထဲက သိုင်းပညာတွေ လေ့လာသင်ယူဖို့ကိစ္စက ဘာမှ မခက်ခဲတော့ပါဘူး၊ ကျုပ်စိတ်ကူးတစ်ခုတောင် ရတယ်"

"ဘာများလဲ ဦးရီးတော်ရဲ့"

ချန်မေလင်က စကားထောက်သည်။

"မင်းတို့နှစ်ယောက်က ကျုပ်ရဲ့ ကျားရဲဂိုဏ်းနဲ့ ပူးပေါင်းလိုက်ကြပါလား၊ဒီလိုဆိုရင် သိုင်းရေးခုနစ်သွယ်သိုင်းကျမ်းကို မင်းတို့စိတ်ကြိုက် အချိန်မရွေး လေ့လာပြီး ကောင်းကောင်း သင်ယူလေ့ကျင့်နိုင်မယ်လေ"

စီးရှနယ်၏ စစ်မှူး မင်းသားကြီးတစ်ပါးလည်းဖြစ်သော မုကျင်းစန်လိန်သည် တောင်ဘက်ပိုင်းသို့ ကျူးကျော် နယ်ချဲ့ သိမ်းပိုက်ရန် ရည်ရွယ်ချက်ကြီးလည်းရှိသည်။ ထိုရည်ရွယ်ချက်ကြီးအတွက် အစီအမံတစ်ခုအနေဖြင့် သိုင်းရေး ခုနစ်သွယ်ကျမ်းကို အရယူရန် ကြိုးစားနေခြင်းဖြစ်သည်။ လင်ယန်ပင်းကို သိမ်းသွင်းနိုင်ခြင်းဖြင့် ပြည်မ သိုင်းလောကတွင် အတန်အသင့် အင်အားတောင့်တင်း လွှမ်းမိုးနိုင်သော ကျောက်စိမ်းနဂါးဂေဟာကို မိမိတို့၏ ဘက်တော်သားအဖြစ် အသုံးချရန် စိတ်ကူးထားသည်။

"သိုင်းရေးခုနစ်သွယ်ကျမ်းကို စိတ်ကြိုက်လေ့လာနိုင်မယ်ဆိုရင် ရှင်တို့နဲ့ ပူးပေါင်းဖို့လဲ မခက်ပါဘူး"

လင်ယန်ပင်းက ချင့်ချင့်ချိန်ချိန် စဉ်းစားနေမသေးသော်လည်း သိုင်းရေးခုနစ်သွယ်ကျမ်းထဲရှိသိုင်းပညာများကိုအထူးပင် တပ်မက်လိုလားနေသော ချန်မေလင်က စိတ်မြန်လက်မြန်လုပ်တတ်သော စရိုက်အတိုင်း မဆိုင်းမတွပင် ပြန်အဖြေပေးလိုက်သည်။

ချန်မေလင်ကစိတ်အားထက်သန်စွာ လိုလားသဘောတူညီလိုက်သည့်အတွက် လင်ယန်ပင်းအနေဖြင့်လည်းဘာမျှစွက်ဖက်မပြောဆိုနိုင်တော့ပေ။

"အင်း....အင်း....ဒီလိုဆိုရင်မင်းတို့နှစ်ယောက်လုံးအတွက် အများကြီး အကျိုးရှိမှာပါ၊ ကဲ....သွားလိုက်ကြဦးစို့ရဲ့"

မုကျင်းစန်လိန်က ပြောပြောဆိုဆို ထိုင်နေရာမှ ထသည်၊ ချန်မေလင်နှင့် လင်ယန်ပင်းတို့လည်း အသီးသီး ထလိုက်ကြ



ကာ ချုံပုတ်ကြီးအနီးမှ လျှောက်လှမ်းထွက်သွားကြလေတော့သည်။

* * *

ဝမ်မိန်ထန်က စိတ်အာရုံပြန်စုစည်းကာ ထိထိမိမိ အတွင်းအား ဖြည့်သွင်းထောက်ကူပေးလိုက်မှုကြောင့် ရန်မိန်ကျန်း၏ အတွင်းအားသည် အရေးကြီးသော သွေးကြောက်ကွက်နောက်ဆုံးအဆင့်ကို အောင်မြင်စွာ ထိုးဖောက် လည်ပတ်သွားနိုင်သည်။ အတွင်းအား လည်ပတ်မှု ပုံမှန်ဖြစ်လာသည်။ သွေးလေတို့သည်လည်း အတစ်အဆို့ မရှိ ချောမောစွာ လည်ပတ်စီးဆင်း လှုပ်ရှားသည်။

ရန်မိန်ကျန်း၏ အတွင်းဒဏ်မှာ ပပျောက်၍သွားလေပြီ။ အတွင်းဒဏ်ရထားမှု၏ ဒဏ် အကြွင်းအကျန်များသာလျှင် ကျန်နေတော့သည်။ အသက်အန္တရာယ်ကား စိုးရိမ်ဖွယ် မရှိတော့ပါ။ ရန်မိန်ကျန်း၏ စိတ်အာရုံတို့သည်လည်း အပြည့်အဝ စုစည်းထားရန် မလိုတော့သည့်အတွက် မုကျင်းစန်လိန်တို့ ပြောကြဆိုကြမည့် စကားများကို ကောင်းကောင်း ကြားသိခဲ့လေသည်

"ဒုက္ခပဲ မိန်ထန်ရေ"

မုကျင်းစန်လိန်တို့ သုံးယောက် ထွက်ခွာသွားပြီးနောက် ရန်မိန်ကျန်းက ဝမ်မိန်ထန်ကို အလန့်တကြားပြောသည်။

"ဟင်....ဘာဖြစ်လို့လဲ၊ အစ်ကို့အတွင်းဒဏ်က...."

"တို့ရဲ့အတွင်းဒဏ် သက်သာသွားပါပြီ၊ ဘာမှ မစိုးရိမ်နဲ့"

"ဒါဆို ဘာကြောင့်များ ဒုက္ခပဲလို့ ပြောရတာလဲ"

"ဟိုလူစုလက်ထဲ သိုင်းရေးခုနစ်သွယ်ကျမ်းပါသွားပြီလေ၊ အဲဒါ ဒုက္ခပေါ့၊ ဘယ်လိုလုပ်ကြမလဲဟင်"

"သူတို့ သိုင်းကျမ်းကို မရနိုင်ပါဘူး အစ်ကိုရာ"

"စောစောက ပြောသွားကြတဲ့စကားတွေကို ကြားလိုက်တယ်မဟုတ်လား၊ ဟို စီးရှမင်းသားကြီးက လင်ယန်ပင်းနဲ့ ချန်မေလင်တို့ကို သိုင်းရေးခုနစ်သွယ်ကျမ်းနဲ့ဆွဲဆောင်ပြီး သူ့လက်အောက်ဝင်ဖို့ သိမ်းသွင်းသွားတာလေ၊ သူက ဒီလိုနည်းနဲ့ တိုင်းပြည်ကို ကျူးကျော်နယ်ချဲ့တဲ့အထိ အကြံကြီးကြံနေတာ ညီမလဲအသိသားနဲ့"

"အစ်ကိုရယ် ဒီလို သူများတိုင်းပြည်အပေါ် ကျူးကျော်သိမ်းပိုက်ဖို့ အကြံရှိနေတဲ့ လူတွေရဲ့အလုပ် မအောင်မြင်နိုင်ပါဘူး၊ သူတို့အသာစီးရလဲ ခဏပါပဲ၊ နောက်ဆုံးကျရင် သူတို့အရေးရှုံးနိမ့်ကုန်ကြရမှာပါ"

"အခုလောလောဆယ်မှာ သိုင်းရေးခုနစ်သွယ်ကျမ်း သူတို့ လက်ထဲရောက်နေတာက ခက်တယ်၊ ဘယ်လိုလုပ်ရမှာလဲ"

မုကျင်းစန်းလီတို့လူစု သိုင်းရေးခုနစ်သွယ်ကျမ်း တုပ်ထားသည့်အထုပ်ကိုဖွင့်ကြည့်ကြစဉ်က ရန်မိန်ကျန်းမှာ မြေအောက်လှိုဏ်ခန်းထဲတွင် အတွင်းဒဏ်ကို အကြိတ်အနယ် ကြိုးစားကုသနေရသဖြင့် အဖြစ်မှန်များကို မသိသေးပါ။ သူ့စိတ်ထဲတွင် မုကျင်းစန်းလီန်တို့ သိုင်းကျမ်းကို ရယူသွားကြပြီဟုသာ ထင်နေသည်။

"သိုင်းကျမ်း သူတို့လက်ပါသွားတယ်ဆိုရင်လဲ ကျွန်မတို့နေ က ကြိုးစားပြီး ပြန်အရယူကြဖို့ပဲရှိတယ်၊ ဒီလိုကြိုးစားတဲ့



ရာမှာ အားပြည့်အင်ပြည့်လုပ်နိုင်အောင် အစ်ကိုက ကောင်းကောင်းသာ အနားယူပါ၊ စိတ်ကိုအေးအေးထားပါ ဟုတ်လား"

ဝမ်မိန်ထန်က တိုက်တွန်းသောကြောင့် ရန်မိန်ကျန်းလည်း ဆက်လက်၍ အတွင်းအားလည်ပတ်လေ့ကျင့်မှု လုပ်ရပြန်လေသည်။

သွေးကြောကွက်အားလုံးကိုအတွင်းအားထိုးဖောက်သည် ပတ်နိုင်ကာ အတွင်းဒဏ်ပျောက်ကင်းသွားပြီ ဖြစ်သော်လည်း အပြည့်အဝအင်အား ကောင်းမွန်ရန်တော့ ဆက်လက်အနားယူ အားပေးရန်လိုနေသောကြောင့် ဝမ်မိန်ထန်က ယခုလို တိုက်တွန်းခြင်းဖြစ်လေသည်။

မိုးစင်စင်လင်းသောအခါ ရန်မိန်ကျန်း၏အခြေအနေ များစွာ ကောင်းမွန်လာသည်။ ပင်ပန်းနွမ်းနယ်နေမှုမျှသာရှိတော့သည်။

ဝမ်မိန်ထန်က အစားအစာများ အမြန်ချက်ပြုတ်စီမံကာ စားသောက်ကြသည်။ အတွင်းဒဏ် ပျောက်ကင်းပြီးကာစ အလွန်ဆာလောင်နေသည်မို့ ရန်မိန်ကျန်း အားရပါးရပင် စားသောက်လိုက်လေသည်။ အစားအသောက်စားပြီးသောအခါ အားပိုပြည့်လာကာ ပင်ပန်းနွမ်းနယ်နေမှုများလည်း ပပျောက်သည်။

အကောင်းပကတိနီးပါး ဖြစ်လာလေပြီ။

နှစ်ယောက်သား ချုံကြီးထဲမှထွက်လာခဲ့ကြသည်။

"ကဲ...ကျွန်မတို့ ဘယ်သွားကြမလဲ"

"ဟိုလူတွေနောက်ကို ခြေရာခံလိုက်ကြမယ်လေ"

"ဟာ....ဘာဖြစ်လို့ သူတို့နောက်ကိုလိုက်ရမှာလဲ"

"လူတို့လက်ရောက်နေတဲ့ သိုင်းရေးခုနစ်သွယ် ကျမ်းကို ပြန်လုယူရမယ်လေ"

"ဟာ....အစ်ကိုကလဲ၊ ဟိုလူတွေနောက်ကို လိုက်စရာမလိုပါဘူး"

"ဘယ်နှယ်မလိုရမှာလဲ၊ သူတို့လက် သိုင်းကျမ်းပါသွားလို့မဖြစ်ဘူး၊ အရပြန်လုယူရမယ်"

ဝမ်မိန်ထန်က တစ်စုံတစ်ရာပြောတော့မည်အပြု အေးစက်စက် ရယ်မောသံကြီးပေါ်လာသည်။

★

## အခန်း ( ၄ )

အေးစက်ရယ်မောသံနှင့်အတူ မြေမင်းသား ပိုင်မုစိမ်း သူတို့အနီးသို့ ရုတ်တရက်ရောက်လာသည်။

ပိုင်မုစိမ်းနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို မုကျင်းစန်လိန်၊ လင်ယန်ပင်းနှင့် ချန်မေလင်တို့ရောက်လာကြသည်။ မုကျင်းစန်လိန်က အချက်ပေး မီးကျည်းတစ်ခု ပစ်ဖောက်လွှတ်တင်လိုက်သည်။

မုကျင်းစန်လိန်တို့လူစုသည်အရုဏ်တက်ချိန်တွင် အဆောက်အအုံပျက်တွင် ပြန်လည်ရောက်ရှိစုစည်းမိကြပြီးနောက် ခေတ္တနားနေ နံနက်စာစားသောက်ကြရာ ရန်မိန်ကျန်းတို့အား ဆက်လက်ရှာဖွေရန် လူစုခွဲဖြန့် ထွက်လာခဲ့ကြသည်။

ထိုသို့ခွဲဖြန့်ထွက်လာသော ပိုင်မုစိမ်းက ရန်မိန်ကျန်းတို့ကို တွေ့မြင်သွားကာ ရယ်သံပြု အချက်ပေးပြီး အပြေးချဉ်းကပ်လာခဲ့ရာ ပိုင်မုစိမ်း၏ရယ်သံကို ကြားရသည့် မုကျင်းစန်လိန်တို့လည်း ရောက်လာကာ ကျန်လူများကိုပါ အချက်ပြ ဆက်သွယ်လိုက်ခြင်းဖြစ်လေသည်။

"သူတို့ကို အမိဖမ်းကြ"

မကျင်းစန်လိန်က အမိန့်ပေးပြီး ကိုယ်တိုင်လည်း ဝမ်မိန်ထန်ထံသို့ လွှားခနဲပြေး ၍တိုက်ခိုက်သည်။

မြှမင်းသားပိုင်မုစိမ်းက ရန်မိန်ကျန်းထံသို့ ဝင်လာသည်။ ချန်မေလင်ကတော့ ဝမ်မိန်ထန်အပေါ် ခပ်ချဉ်ချဉ်စိတ်အခြေခံက ရှိနေသောကြောင့် ဝမ်မိန်ထန်ကိုပင် ဝင်တိုက်သည်။ လင်ယန်ပင်းသည်လည်း ထုံးစံအတိုင်းပင် ချန်မေလင်၏နောက်မှ အတူလိုက်ပါလာခဲ့သည်။

ဤသို့ဖြင့် ဝမ်မိန်ထန်မှာ ရုတ်တရက် လူသုံးယောက် ဝိုင်းညှပ်တိုက်ခိုက်မှုကို ရင်ဆိုင်ရလေတော့သည်။

မကျင်းစန်လိန်၏ သိုင်းပညာက ဝမ်မိန်ထန်ထက် သာလွန်သည်။ လင်ယန်ပင်းကတော့ ဝမ်မိန်ထန်နှင့် လက်ရည်တူလောက်ရှိကာ ချန်မေလင်၏ သိုင်းပညာကတော့ ဝမ်မိန်ထန်ထက် အနည်းငယ်နိမ့်ကျသည်။

မကျင်းစန်လိန် တစ်ယောက် တည်းပင် ဝမ်မိန်ထန်ကို ကောင်းစွာ အနိုင်တိုက်ခိုက်နိုင်သည်။ ယခု လင်ယန်ပင်းနှင့် ချန်မေလင်တို့နှစ်ယောက်ပါ ပါဝင်လာသောအခါ ဝမ်မိန်ထန် ဘယ်လိုမှ မခုခံနိုင်ပါ။

ရန်မိန်ကျန်းကတော့ သိုင်းပညာအနေဖြင့်ဆိုလျှင် ပိုင်မုစိမ်းထက် သာလွန်သည်။ သို့သော် အတွေ့အကြုံကနည်းလှကာ တိုက်နည်းပရိယာယ်များလည်း သိပ်မကျွမ်းကျင်သေး၊ ပိုင်မုစိမ်းကတော့ အပွဲပွဲနွှဲလာခဲ့ဖူးပြီးသော အတွေ့အကြုံရင့်ကျက်ပြည့်ဝသည့် တကယ့် တိုက်ခိုက်ရေး သမား။ တိုက်နည်းပရိယာယ်တွေ ကျွမ်းသည်။ အခြေအနေ အချိန်အခါပေါ်



မူတည်ကာ သိုင်းကွက် သိုင်းဟန် တိုက်နည်း တိုက်ကွက်တွေ အပြောင်းအလဲအမျိုးမျိုး လုပ်နိုင်စွမ်းရှိသည်။

ထို့ကြောင့် ရန်မိန်ကျန်းမှာ သိုင်းပညာစွမ်းရည် သာပါလျက် ပိုင်မုစိမ်း၏ အပြောင်းအလဲအမျိုးမျိုးဖြင့် ဘာရစပ် လှုပ်ရှား တိုက်ခိုက်နေသော တိုက်ချက်တိုက်ကွက်များအကြားတွင် ပိတ်မိသလိုဖြစ်နေသည်။ သိုင်းပညာ သာလွန်နေသောကြောင့် သာ ပိုင်မုစိမ်း၏ တိုက်ချက်များကို ခုခံတားဆီး ပိတ်ဆို့ ချေဖျက်နေနိုင်ခြင်းဖြစ်သည်။

ဝမ်မိန်ထန်ကိုတော့ သွားရောက် ကူညီပေးခြင်း မပြုနိုင်။ အကင်းပါးသော ပိုင်မုစိမ်းကလည်း ဝမ်မိန်ထန်ရှိရာသို့ ရန်မိန်ကျန်း သွားအကူအညီမပေးနိုင်အောင် ပိတ်ဆို့တိုက်ကွက်ဆင်သည်။

ရင်ဆိုင်မိကြပြီးသိုင်းကွက်အဆယ်ကွက်အတွင်းမှာပင် မကျင်းစန်လိန်က ဝမ်မိန်ထန်ကို အမိအရ ချုပ်ဖမ်းလိုက်နိုင်သည်။

"မင်းကောင်မလေးဖမ်းထားပြီ၊ ဆက်တိုက်ရဲတိုက်ကြည့်၊ သူ့ကို အသေသတ်ပစ်လိုက်မယ်"

မကျင်းစန်လိန်က အပိုင်ခြိမ်းခြောက်လိုက်ရာ ရန်မိန်ကျန်းလည်း တိုက်ခိုက်မှုရပ်ကာ နောက်သို့ လွှားခနဲ ခုန်ဆုတ်သွားသည်။

"သူ့တို့ ဘာမှ မလုပ်ကြနဲ့"

ပါးစပ်မှလည်း စိုးရိမ်တကြီး အော်ဟစ် ပြောဆိုသည်။

ထိုအချိန်မှာပင် ကျောက်ကျိမောက်နှင့် ငါး မန်း နက် ကျောင်းအိမ်လိတို့ အပြေးအလွှား ရောက်လာကြသည်။

တစ်ဖက်ရန်သူများဘက်မှ အင်အားလည်း ပိုများလာကြလေပြီ။

* * *

"သိုင်းကျမ်း ထုတ်ပေး၊ သူ့ကို လွှတ်မယ်၊ မပေးရင် ဒီကောင်မလေး အသေပဲမှတ်"

မုကျင်းစန်လိန်က ရန်မိန်ကျန်းကို လှမ်းပြောသည်။

"ဘာသိုင်းကျမ်းလဲ"

ရန်မိန်ကျန်းက နားမလည်ဟန်ဖြင့် ပြန်မေး၏။

"သိုင်းရေးခုနစ်သွယ်ကျမ်းပေါ့၊ မသိချင်ယောင်ဆောင်မနေနဲ့"

ချန်မေလင်က ဝင်ပြောသည်။

သိုင်းရေးခုနစ်သွယ်ကျမ်းကို မုကျင်းစန်လိန်တို့လူစု ရယူသွားပြီဟု ရန်မိန်ကျန်းက နားလည်ထားသည်။ ယခု မိမိထံတွင် ထိုသိုင်းကျမ်းလာ၍ အကျပ်ကိုင် တောင်းဆိုနေတော့ အတွေးရကျပ်သွားသည်။ ဘာလုပ်ရမည်ကိုပင် မသိတတ်တော့ပါ။

"သိုင်းကျမ်းထုတ်ပေးလေ၊ ဘာကြောင်ကြည့်နေတာလဲ"

ချန်မေလင်က အသံမာမာနှင့် ပြောကာ ဝမ်မိန်ထန်၏ ညာလက်မောင်းကို အဲဆိုပ်အပ်နှင့် တစ်ချက် ထိုးဆွလိုက်၏။

"အား...."

အပ်ဖျားနှင့် အသာ ထိုးခြစ်လိုက်ခြင်း ဖြစ်သော်လည်း အဆိပ်ပါရှိနေသောကြောင့် ဝမ်မိန်ထန်မှာ ညာလက်မောင်း



တစ်ခုလုံး ထိုးကာ အောင့်၍သွားလျက် ပါးစပ်မှ နာနာကျင်ကျင် အော်ဟစ်လိုက်ရရှာသည်။

"မလုပ်နဲ့....ပေးမယ်၊ သိုင်းကျမ်းပေးမယ်"

ရန်မိန်ကျန်းက ကမန်းကတန်း ပြောသည်။ ဝမ်မိန်ထန် နာနာကျင်ကျင် ဝေဒနာ ခံစားရသည်တို့ကို မြင်သောအခါ ထပ်မံနှိပ်စက်ခြင်း မပြုစေရန်အတွက် မိမိထံတွင် သိုင်းကျမ်း ရှိမနေသည့်တိုင် အမြန်ပြောလိုက်သည်။

"ဟိတ်....အရမ်းမလုပ်နဲ့"

စိတ်မြန်လက်မြန် လုပ်တတ်သော ချန်မေလင် လက်လွန်ခြေလွန်တွေ ဖြစ်ကုန်မည်စိုးသောကြောင့် မုကျင်းစန်လိန်က အလောတကြီး ဟန့်တားကာ ဝမ်မိန်ထန်ကိုလည်း အသာဘေးသို့ ဆွဲဖယ်လိုက်သည်။

ထိုအခါ ဝမ်မိန်ထန်အား ချုပ်ဖမ်းထားမှု အတန်ငယ် လျော့ရဲသည်။ ဝမ်မိန်ထန်က အခွင့်အခါကောင်းကို လက်မလွှတ်တမ်း အသုံးချကာ မုကျင်းစန်လိန်၏ ချုပ်ဖမ်းထားမှုက အတင်း ရုန်းကန်ထွက်သည်။

မုကျင်းစန်လိန်မှာ အလစ်မိသလို ဖြစ်ကာ ဝမ်မိန်ထန် အချုပ်အဖမ်းမှ လွတ်သွားသည်။ ဝမ်မိန်ထန်သည် ချက်ချင်းပင် သွေးနီအဆိပ်အပ်ပျံတစ်ဆုပ် နှိုက်ယူကာ မုကျင်းစန်လိန်တို့လူစုကို လှမ်းပစ်သည်။

ရုတ်တရက် အမြန်လှုပ်ရှား တိုက်ခိုက်ရမှုဖြစ်၍ ညာလက်ကို သုံးလိုက်မိသည်။ ချန်မေလင် အဆိပ်လူးအပ်နှင့် ထိုးဆွခြစ်ထားမှုကြောင့် ညာလက်သည် အဆိပ်သင့်ကာ အောင့်၍

နာကျင်နေသည်။ ထိုညာလက် လှုပ်ရှားသောအခါ နာကျင်မှုဝေဒနာက စူးရှပြင်းထန်စွာ တိုးတက်၍လာသည်။

"အား....."

ညာလက်မောင်းတစ်ခုလုံး မီးအမြိုက်ခံရသလို ပူလောင်နာကျင်လှသောကြောင့် ဝမ်မိန်ထန် စူးစူးဝါးဝါး အော်မိပြန်သည်။ သွေးနီအဆိပ်အပ် လက်တစ်ဆုပ်လောက် နှိုက်ယူသော်လည်း လက်ထဲတွင် အပ်ဆယ်ခုလောက်သာ ပါလာ၏။ သွေးနီအဆိပ်အပ်များထည့်သည့် အိတ်လေးပင်လျှင် လက်မှလွတ်ကာ မြေပြင်ပေါ် ကျလာသည်။

လက်ထဲတွင်ပါလာသမျှသော သွေးနီအဆိပ်အပ်ဆယ်စင်းခန့်ကိုသာ အနိုင်နိုင် အားခဲ၍ပစ်လွှတ်သည်။ အားပင် မပါ။ အပ်များ ပစ်လွှတ်သည့် လမ်းကြောင်းကပင်လည်း မမှန်။

ဝမ်မိန်ထန်ကို သွေးနီမောင်မယ်တို့၏ သမီးဖြစ်ကြောင်း သိထားသော ချန်မေလင်မှာ လက်နက်ပုန်းများနှင့် ပစ်လွှတ်တိုက်ခိုက်ဟန်ကို မြင်သည်နှင့် အဆိပ်လက်နက်ပုန်း တစ်ခုခုဖြစ်ရမည်ဟု တထစ်ချ နားလည်သိရှိကာ အော်ဟစ် သတိပေးသည်။

"အဆိပ်လက်နက်ပုန်း....သတိထား"

ထိုအော်သံကို ကြားရသူတို့ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။ ခုန်ကြ ရှောင်ကြပြုကြသည်။ အင်အားမပါ၊ လမ်းကြောင်းမမှန်ဘဲ အားခဲပစ်လိုက်သော သွေးနီအဆိပ်အပ်ပျံတို့က သူတို့ကို ဘယ်လိုမှ အန္တရာယ်မပေးနိုင်ပါ။

ထိုသို့ ခုန်ကြ ရှောင်ကြ ပြုလုပ်မှုကြောင့် ဝမ်မိန်ထန်အတွက် အချိန်အနည်းငယ် အသာရသည်။ ဝမ်မိန်ထန်က



ဘယ်လက်ဖြင့် သွေးအဆိပ်မြှုမှုန်များ နှိုက်ယူကာ ကြဲဖြန့်လိုက်သည်။

အဖြူရောင် အခိုးအငွေ့များ ရုတ်ခြည်း ပေါ်လာသည်။ ညှီစို့စို့ အဆိပ်နံ့သည်လည်း တစ်မုဟုတ်ချင်း လွှမ်းမိုးသည်။

မုကျင်းစန်လိမ်တို့ လူစုမှာ သောသောရုတ်ရုတ်ကို ဖြစ်ကုန်ကြသည်။ နောက်သို့ပင် ဆုတ်သူတို့ ဆုတ်ကြ၏။ သွေးအဆိပ်မြှုမှုန်များ ကြဲပက်ပြီးသည်နှင့် ဝမ်မိန်ထန်က ရန်မိန်ကျန်းကို ဘယ်လက်ဖြင့် လှမ်းဆွဲကာ အမြန်ထွက်ပြေးသည်။

အဆိပ်ဖြေ မြစိမ်းကျောက်ဆွဲပြား လက်ကိုင်ရှိထားသော ချန်မေလင်သည် အဆိပ်ငွေ့ အဆိပ်မှုန်များကို အရေးမထား။ ဝမ်မိန်ထန်တို့ထံ ပြေးဝင်သည်။ အဆိပ်မျိုးစုံအကြောင်း နားလည် တတ်ကျွမ်းသော မြွေမင်းသား ပိုင်မုစိမ်း ကလည်း ချန်မေလင်နည်းတူ ရှေ့သို့ ပြေးတက်လာသည်။

ပိုင်မုစိမ်းက ချန်မေလင်ထက်အရင် ရန်မိန်ကျန်းတို့အနားသို့ ရောက်သည်။ ရန်မိန်ကျန်းက ပိုင်မုစိမ်းကို လက်ဝါး တစ်ချက် ဆီး၍ရိုက်နှက်သည်။ သေရေးရှင်ရေး အခြေအနေမျိုးဖြစ်နေသည့်အတွက်၊ ရန်မိန်ကျန်းက လက်ဝါးရိုက်ချက်တွင် အားအင်အပြည့် ထည့်ထားသည်။

ပိုင်မုစိမ်း ရင်မဆိုင်ရဲ။ အပြေးတုံ့ကာ ဘေးသို့ ခုန်လွှားရှောင်သည်။ ရှောင်တိမ်းရင်း လက်ဝါးရိုက်ချက် တစ်ချက်အားပြင်းပြင်းနှင့် ရိုက်ထုတ်သည်။ ထိုလက်ဝါးရိုက်ချက်သည် ရန်မိန်ကျန်းထံသို့ ဦးတည်သယောင် ထင်ရသော်လည်း အမှန်က အားအင်လမ်းကြောင်းကတော့ ဝမ်မိန်ထန်ရှိရာသို့ ဝင်လာသည်။

ရန်မိန်ကျန်းမှာ သည့်လိုပရိယာယ်များသော တိုက်ကွက်မျိုးနှင့် မကြုံဖူးသေးပေရာ လက်ဝါးရိုက်ချက်သည် မိမိထံသို့ ဦးတည်ဝင်လာသည်ဟုသာ ထင်သည်။ လက်ဝါး တစ်ချက်ရိုက်ထုတ်ကာသီး ကြိုခံဆောင်သည်။ လက်ဝါးရိုက်ချက်အားချင်းဆိုင်၍ပိုင်မုစိမ်း၏ တိုက်စစ်ကို တန့်သွားစေရန်ရည်ရွယ်၏။

လက်ဝါးရိုက်ချက်အားအင်လမ်းကြောင်းများ ဆုံမိသောအခါ ပိုင်မုစိမ်း၏လက်ဝါးရိုက်ချက် အင်အားက ရန်မိန်ကျန်းထံသို့ ဦးတည်ခြင်း မဟုတ်သောကြောင့် အားချင်းပြိုင်မှုဖြစ်ပေါ်မလာ။ ရန်မိန်ကျန်း၏ လက်ဝါးရိုက်ချက်သည် ဘာမျှအင်အားမရှိသော လေဟာပြင်ကိုသာ ရိုက်မိသည်။ ပြင်းထန်သော အင်အားချင်း အားပြိုင်ရင်ဆိုင်မိလေမည်ဟု မျှော်လင့်ထားသော ရန်မိန်ကျန်းမှာ အားလွန်သလိုဖြစ်လျက် ယိမ်းယိုင်ကာ ဟန်ချက်ပျက်သည်။ ကမန်းကတန်း ကိုယ်ဟန်ကိုပြန်ထိန်းရသည်။

ရန်မိန်ကျန်း ဟန်ချက်ပျက်သလိုလို ဖြစ်သွားသော အခါ ဝမ်မိန်ထန်က ပိုင်မုစိမ်း၏ လက်ဝါးရိုက်ချက် ပရိယာယ်ကို ရိပ်မိလိုက်သည်။ မိမိကို အဓိကဦးတည်ကာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း နားလည်းသည်။ ကိုယ်ကိုယိမ်းကာရှောင်သည်။

အနည်းငယ်မျှ နောက်ကျသွားသည်။ လက်ဝါးရိုက်ချက်အားအပြည့်အဝ မဟုတ်သော်လည်း အဖျားခတ် အင်အားတို့၏ ရိုက်နှက်ခြင်းခံရသည်။

ချန်မေလင်၏လက်ချက်ကြောင့် အဆိပ်သင့်ထားမှုကလည်းရှိရာ အဖျားခတ်အင်အား ရိုက်နှက်မှုဒဏ်ကို ဝမ်မိန်ထန်တောင့်မခံနိုင်။ လဲပြိုကျသည်။



ဝမ်မိန်ထန်က ရန်မိန်ကျန်းကို ဆွဲခေါ်ကာ ထွက်ပြေးခြင်းဖြစ်ရာ သူတို့နှစ်ယောက်၏လက်များ ချိတ်တွဲနေကြသည်။ ဝမ်မိန်ထန် လဲပြိုကျသောအခါ ရန်မိန်ကျန်းက တောင့်ဆွဲကာ ထိန်းပေးနိုင်ခဲ့သည်။ ဝမ်မိန်ထန် ဗုန်းဗုန်းလဲကျမသွား။ ယိမ်းယိမ်းယိုင်ယိုင်တော့ ဖြစ်သည်။ ပါးစပ်မှ သွေးတစ်လုပ်လည်း အန်ထွက်သည်။

ရန်မိန်ကျန်း ရုတ်တရက် ဒေါသထောင်းခနဲထသည်။ ရန်မိန်ကျန်းသည် တောင်ဖြိုလက်ဝါး သိုင်းကိုထုတ်သုံးကာ လက်ဝါးရိုက်ချက် ဆင့်ကဲဆင့်ကဲ ရိုက်ထုတ်လိုက်သည်။

ပြင်းထန်ကြမ်းတမ်းသော အင်အားသိုင်းတွေ ရုတ်ခြည်းဖြစ်ပေါ်သည်။ ပိုင်မုစိမ်းနှင့် ချန်မေလင်တို့ လန့်ဖျန့်ကုန်ကာ ရှေ့ဆက်မတိုးရဲကြတော့။ လက်ဝါးရိုက်ချက် အားအဟုန်မှလွတ်အောင် ကြိုးစားရှောင်တိမ်းကြရသည်။

ချန်မေလင်သည် ရှောင်တိမ်းရင်း ဝမ်မိန်ထန်ကို အဆိပ်လုံးအပ်ဖြင့် လှမ်းပစ်သည်။ ဒဏ်ရာရနေသော ဝမ်မိန်ထန်မှာ ကောင်းစွာပင် မလှုပ်ရှားနိုင်တော့။ မိမိထံသို့ လက်နက်ပုန်းတစ်ခု ဝင်လာသည်ကိုပင် မသိနိုင်ပေ။ သည်တော့ ချန်မေလင်ပစ်လွှတ်လိုက်သော အဆိပ်အပ်သည် ဝမ်မိန်ထန်၏ ဘယ်ဘက်ပခုံးကို စိုက်မိသည်။

ရန်မိန်ကျန်းသည် တောင်ဖြိုလက်ဝါး ရိုက်ချက်များကို အားအင်အပြည့် ရိုက်ထုတ်ရန် အတွင်းအားကို အပြည့်ထုတ်သုံးကာ စိတ်အာရုံကိုလည်း ထိုလက်ဝါး ရိုက်ချက်များတွင် စူးနှစ်ဝင်ထားရပေရာ အဆိပ်အပ် ပစ်လွှတ်လာသည်ကို မသိလိုက်ပေ။ အကယ်၍ ထိုအဆိပ်အပ်သည် ရန်မိန်ကျန်းထံသို့

ဦးတည်ဝင်လာသည် ဆိုလျှင်လည်း တောင်ဖြိုလက်ဝါးသိုင်း၏ ပြင်းထန် ကြီးမားလှသော အင်အား လေလှိုင်းများကို ထိုးဖောက် တိုးဝင်လာနိုင်မည်မဟုတ်။ လမ်းကြောင်းတိမ်းစောင်း လွဲချော်သွားမည်သာ ဖြစ်သည်။

တောင်ဖြိုလက်ဝါးရိုက်ချက်များကို အင်အားအပြည့်သုံး၍ ထုတ်နေသော ရန်မိန်ကျုန်း အနေဖြင့် လက်နက်ပုန်းများ၏ ရန်ကို ကြောက်စရာမလိုပေ။

လက်ဝါးရိုက်ချက် သုံးချက် ရိုက်ထုတ်ပြီးနောက် ရန်မိန် ကျုန်းသည် ဝမ်မိန်ထန်ကိုပွေ့ကာ 'သက်တန့်လိပ်ပြာ ကိုယ်ဖော့ပညာ'ကို သုံးလျက် လျှင်မြန်စွာ ပြေးထွက်သွားသည်။

တောင်ဖြိုလက်ဝါးသိုင်း၏ အင်အားလှိုင်းများ ပျက်ပြယ်သွား၍ ချန်မေလင်တို့က လှုပ်ရှားကြတော့မည် ပြုသောအခါ တွင်တော့ ရန်မိန်ကျုန်းတို့၏ အရိပ်အယောင်ကိုမမြင်ရတော့။

"တောက်....လွတ်သွားတာ နာလိုက်တာ"

ချန်မေလင်က မကျေမနပ်ရေရွတ်ကာ မြေပြင်ရှိကျောက် ခဲလေး တစ်ခုကို ခြေထောက်ဖြင့် ခပ်ကြမ်းကြမ်း ကန်သည်။ ကျောက်ခဲငယ်လေး လွင့်ပျံထွက်သည်။ ထိုကျောက်ခဲ၏အနား တွင် အိတ်ငယ်တစ်ခုတွေ့ရာ အသာ ကောက်ယူလိုက်သည်။ ဝမ်မိန်ထန် လွတ်ကျ ကျန်ခဲ့သော သွေးနီအဆိပ်အပ်များ ထည့်သည့် အိတ်ငယ်လေး ဖြစ်သည်။

မုကျုင်းစန်လိန်တို့လည်း ရှေ့ပြန်တိုးလာကြသည်။ ဆင်ရိုင်း ဟန်လိကြွယ်နှင့် ဒါးစကြာ ကျူးဟုန်တို့လည်း ရောက်လာ ကြလေပြီ။



"ဟိုကောင်မလေး ဒဏ်ရာရသွားတယ်ဆိုတော့ သူတို့ဝေးဝေး မပြေးနိုင်ဘူး၊ ခြေရာခံပြီး လိုက်ကြမယ်...."

မုကျုင်းစန်လိန်က ပြောသည်။

* * *

ရန်မိန်ကျုန်းသည် ဝမ်မိန်ထန်ကိုပွေ့ချီကာ အလွတ်ရုန်း ထွက်ပြေးလာခဲ့သည်။ ဘယ်နေရာ ဘယ်အရပ်သို့သွားရမည် ကိုတော့ တိတိကျကျမခွဲခြားတတ်။ လတ်တလော ရင်ဆိုင် နေရသည့်အန္တရာယ်မှ လွတ်မြောက်လျှင်ပြီးရောဟူ၍ သဘော ထားကာ ပြေးလွှားနေသည်။

"ဟို....မြေအောက်လျှို့ဝှက်ခန်းထဲ ပြန်သွားပါ"

ဝမ်မိန်ထန်က မောဟိုက်စွာပြောသည်။

"ဟာ....အဲဒီနေရာကို ဟိုလူတွေသိနေကြပြီပဲ၊ ပြန်သွားရင် သူတို့လက်ထဲ တိုးဝင်သလိုဖြစ်မှာပေါ့"

ရန်မိန်ကျုန်းက စိုးရိမ်စွာပြောသည်။

ဝမ်မိန်ထန် ပြန်မပြောနိုင်တော့ပါ၊သတိလစ်ကာ မေ့မြော သွားခဲ့လေပြီ။ ရန်မိန်ကျုန်းလည်း ပြေးလွှားနေမှုကို ရုတ်ခြည်း ရပ်လိုက်သည်။ သူ့အနေနှင့် အဆောက်အအုံပျက်၏ မြေ အောက် လျှို့ဝှက်ခန်းသို့ ပြန်မသွားလိုပါ။ ထိုနေရာသည် အန္တရာယ်အလွန်များသည့်နေရာဟု သူကတွေးဆထားသည်။

သို့သော် ဝမ်မိန်ထန်တွင် အကြံကောင်းများ ရှိတတ် ကြောင်းကိုတော့ သူအကြွင်းမဲ့ ယုံကြည်ထားသည်။ ယခု ဝမ်မိန်ထန်ကဒဏ်ရာအပြင်းအထန်ရနေသည့်ကြားထဲက သတိ လစ်မသွားခင် အားခဲကာပြောကြားခဲ့သည်မှာ အကြောင်း မဲ့ မဟုတ်ဟု စဉ်းစားသည်။

ဝမ်မိန်ထန်မှာလည်း သတိလစ်မေ့မြောနေပြီဖြစ်ရာ သည့်အတိုင်း ဟိုပြေးသည့်လွှားလုပ်နေ၍လည်းမဖြစ်တော့။ တစ်နေရာရာတွင် ပုန်းခိုကာ ဝမ်မိန်ထန်သတိပြန်ရလာအောင် ပြုစုဖို့ အရေးကြီးနေသည်။

ထို့ကြောင့် ဘာမျှဆက်စဉ်းစားမနေတော့ဘဲ အဆောက်အအုံပျက်ကြီးရှိရာသို့သာ ပြန်လာခဲ့လေသည်။

အဆောက်အအုံပျက်သို့ရောက်သောအခါ မှုကျင်းစန်လိန်တို့လူစုမှ မည်သူမျှရှိမနေတော့ပေ။ မြေအောက်သို့ဆင်းသည့် ဝင်ပေါက်မှာလည်း သူတို့ထွက်ပြေးစဉ်က ပြန်ပိတ်ထားခဲ့သည့်အတိုင်း ရှိနေသည်။

ရန်မိန်ကျန်းသည် ဝမ်မိန်ထန်ကို မြေအောက် လျှို့ဝှက်ခန်းသို့အရောက် ပွေ့ချီခေါ်သွားသည်။ အဝင်အထွက်တံခါးပေါက်ကိုလည်း ပြန်လည်ပိတ်ထားခဲ့သည်။

မြေအောက်လျှို့ဝှက်ခန်းမှာလည်း သူတို့နှစ်ယောက် စွန့်ခွာထွက်သွားစဉ်ကအခြေအနေအတိုင်းရှိနေသေးသည်။ ဘာမျှ ခြေရာလက်ရာမပျက်။ ကြူးဟုန်ကို ခြောက်လှန့်ရာတွင် ဝမ်မိန်ထန် သုံးခဲ့သောအရာများပင် သည်အတိုင်းရှိနေသေးသည်။

ရန်မိန်ကျန်းက ဝမ်မိန်ထန်ကို အခန်းကြမ်းပြင်ပေါ်တွင် သက်သောင့်သက်သာရှိရအောင် ချထားရသည်။ အသက်ကယ်ဆေးကြောကွက်များကို ထိုးနှိပ်ကာ အသက်ရှူမှန်ရန်နှင့် သွေးလေ လည်ပတ်မှုကောင်းအောင် ပြုစုပေးသည်။

အချိန်အနည်းငယ် ကြာပြီးနောက် ဝမ်မိန်ထန်၏ အသက်ရှူမှု မှန်လာကာ သတိလည်းပြန်ရလာသည်။

"ကျွန်မတို့ ဘယ်ရောက်နေလဲဟင်"



သတိပြန်ရလာသည်နှင့် ဝမ်မိန်ထန်က မေး၏။ အသံသည် အားနည်းကာ တိုးညင်းနေသည်။ စကား အတော်ပီပီသသ ပြောနိုင်သည်။

"အဆောက်အအုံပျက်ရဲ့ မြေအောက်ခန်းထဲ ပြန်ရောက်နေတယ်၊ ဒီနေရာက သိပ်အန္တရာယ်များတယ်နော်"

ရန်မိန်ကျန်းက ပြန်ပြောသည်။

"အန္တရာယ်အများဆုံး နေရာဟာ ပုန်းနေဖို့ အေးအကောင်းဆုံးပဲ အစ်ကိုရဲ့၊ ကျွန်မတို့ ဒီနေရာမှာ လာပုန်းအောင်းနေမယ်လို့ ဟိုလူတွေ လုံးဝတင်ကြမှာမဟုတ်ဘူး၊ အခြားနေရာတွေမှာပဲ လိုက်ရှာနေကြမှာ"

"အင်း....နားလည်ပြီ၊ စကားတွေ အများကြီး မပြောနဲ့လေ၊ ကောင်းကောင်း အနားယူပါ၊ ဘယ်လိုနေသေးလဲဟင်"

"ရင်ဝမှာ တစ်ဆို့နေတယ်၊ ညာလက်တစ်ခုလုံးကတော့ ထုံကျဉ်နေပြီ၊ အဆိပ်သင့်နေတဲ့ သွေးတွေကို ဖောက်ထုတ်ပစ်ပေးပါလား"

"ဟာ....ဟုတ်သားပဲ"

ရန်မိန်ကျန်းသည် ရွှေစင်ဓားပျံလေးကို ထုတ်ကာ ဝမ်မိန်ထန်၏ အဆိပ်အပ် အထိခံရသော ဒဏ်ရာများပေါ်တွင် ကြက်ခြေခတ် ခွဲချကာ အဆိပ်သင့်နေသည့် သွေးပုပ်များကို ထုတ်ယူပေးသည်။

ဝမ်မိန်ထန်သည် အဆိပ်များအကြောင်း အတော်လေး နှံ့နှံ့စပ်စပ် နားလည်တတ်သိသည်။ အဆိပ်ခံနိုင်ရည်စွမ်းအားလည်း အတန်အသင့်ရှိသည်။ မည်သို့မည်ပုံ အဆိပ်ဖြေပြုစုပေး

ရမည်ကို ပါးစပ်မှ ပြောပြပေးသည်။ ရန်မိန်ကျန်းကလည်း ဝမ်မိန်ထန်ပြောသည့် နည်းလမ်းများအတိုင်း လုပ်ဆောင်ပြုစု ပေးသည်။

အဆိပ်များ မပြန့်ပွားအောင် ထိန်းနိုင်သည်။ အဆိပ်ဒဏ် အတန်အသင့် လျော့ပါးအောင်လည်း ပြုလုပ်ပေးနိုင်ခဲ့သည်။ သို့သော် ဝမ်မိန်ထန်မှာ ချန်မေလင်ကြောင့် အဆိပ်သင့်ရမှုတွင် မိုင်မုစိမ်း၏ လက်ဝါးရိုက်ချက် အထိခံရမှုလည်း ရှိနေလေရာ အဆိပ်ဒဏ်နှင့် အတွင်းဒဏ် ရောနှောဒဏ်ရာရနေခြင်းဖြစ်ရာ အခြေအနေကတော့ သိပ်မကောင်းလာပါ။

"ဖေဖေနဲ့ မေမေတို့ကပဲ ကျွန်မရထားတဲ့ ဒဏ်ရာတွေကို ကုပေးနိုင်လိမ့်မယ်၊ ကျွန်မတို့ သွေးနီဂေဟာကို သွားကြမှ ဖြစ်မယ်"

နောက်ဆုံးတွင် ဝမ်မိန်ထန်က ပြောသည်။

* * *

မုကျင်းစန်လိန်တို့ လူစုသည် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန် တို့ကို သဲကြီးမဲကြီးပင် လိုက်၍ရှာဖွေကြသည်။

တစ်နေသာကုန်၍ ညနေစောင်းအချိန် ရောက်လာသည်၊ ရှာ၍မတွေ့၊ ခြေရာပင်ခံ၍မရ။ သူတို့လူစု အတော်လည်း စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြသည်။ ချန်မေသင်က အဆိုးဆုံး။ အရမ်းကို ခံပြင်းနေသည်။ ဒေါသထွက်နေသည်၊ စိတ်တိုနေသည်။

ညနေစာ စားသောက်ရန် ခေတ္တရပ်နား စခန်းချကာ ချက်ပြုတ် ပြင်ဆင်နေကြခိုက် ချန်မေလင် တစ်ယောက်တည်း



ဟိုဟိုသည်သည် လမ်းလျှောက်၍နေလေသည်။ ချန်မေလင် လမ်းလျှောက်နေသည့် နေရာသည် မုကျင်းစန်လိန်တို့နှင့် သိပ် မနီးသော်လည်း အလှမ်းတော့ မဝေးပေ။

ချန်မေလင် စိတ်ရှုပ်နေမှန်း သိသောကြောင့် လင်ယန်ပင်း လည်း အတူကပ်၍လိုက်မသွား။ ညနေစာ ချက်ပြုတ်မှုတွင် သာ မယောင်မလည် ဝင်ကူညီပေးရင်း ကျန်နေခဲ့သည်။

တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လို ရှိနေသော ချန် မေလင်ထံသို့ မိခင်ဖြစ်သူ ယိလုဝမ် ရောက်လာသည်။ ချန်မေ လင်က မိခင်ကို တစ်ချက်သာ မျက်လုံးဝင့်၍ကြည့်သည်။ ဘာမျှ တော့ မပြော။

"သမီးက ဘာကြောင့် ဟိုကောင်လေး ရန်မိန်ကျန်းတို့ကို အသေအကျေ တိုက်ခိုက်ရတာလဲ၊ ထောက်ထားစရာတွေ ရှိတယ်လေ"

ယိလုဝမ်က ပြောသည်။ ယိလုဝမ်သည် သမီးဖြစ်သူကို ခြေရာခံလိုက်၍ စောင့်ကြည့်နေခဲ့ရာ ဖြစ်ပျက်ခဲ့ပုံ အတော် များများကို သိရှိနေသည်။

"ဟာ....အဲဒီလူက ကျွန်မတို့ရဲ့ကိစ္စတွေမှာ ဝင်ရှုပ်နေတာ ကိုး၊ ပြီးတော့ သူနဲ့ ထောက်ထားစရာကလဲ ဘာအကြောင်းမှ မရှိပါဘူး မေမေရဲ့"

ချန်မေလင်က ခပ်ဆတ်ဆတ် ပြန်ပြော၏။

"ဘယ့်နှယ် မရှိရမှာလဲ၊ သူနဲ့သမီးနဲ့ စေ့စပ်ပေးဖို့သဘော တူထား...."

"ဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဖြစ်ခဲ့တာ၊ ကျွန်မ တောင် ဘာမှ သိသေးတာမဟုတ်ဘူး၊ ပြီးတော့ ဒီကိစ္စကို

ကျွန်မက လက်ခံဖို့ စိတ်တောင် မကူးဘူး၊ သူနဲ့ ကျွန်မ ဘယ်လိုမှ မပတ်သက်ဘူး"

"စေ့စပ်ကြောင်းလမ်းဖို့ သဘောတူခဲ့တဲ့ အထိမ်းအမှတ်ပစ္စည်း သမီးဆီမှာ ကိုယ်နဲ့မကွာ ရှိနေတယ်လေ၊ ဒါဟာ အသိအမှတ် ပြုထားတာမဟုတ်လို့ ဘာလဲ"

"အဲဒီအထိမ်းအမှတ်ပစ္စည်း ကျွန်မ ယူမထားတော့ဘူး၊ သူ့မိဘတွေကို မေမေပဲပြန်ပေးလိုက်တော့၊ ကျွန်မ ပိစိကွေးတုန်းက လူကြီးချင်းသဘောတူထားခဲ့ကြတာကိုလဲ ဖျက်ချင်ဖျက် မဖျက်ချင်နေ၊ ကျွန်မကတော့ အဲဒီကိစ္စကို ခေါင်းထဲမှာတောင်မထားတော့ဘူး"

ချန်မေလကအပြတ်ပြောကာ အဆိပ်ဖြေမြစိမ်းကျောက်ဆွဲပြားကိုဖြုတ်ကာ ယီလုဝမ်လက်သို့ပေးအပ်သည်။ ထို့နောက် မုကျင်းစန်လိန်တို့ စခန်းချနေရာသို့ ပြန်လာခဲ့သည်။

ယီလုဝမ်မှာတော့ စိတ်ထင်ရာ လုပ်တတ်သော သမီး၏ နောက်ကျောကို ငေးမောကာ ခေါင်းခါယမ်းလျက် ကျန်နေခဲ့သည်။

စခန်းချရာနေရာသို့ ပြန်ရောက်သောအခါ ချန်မေလင်က မုကျင်းစန်လိန်အနားသို့သွား၍ မိမိစိတ်ကူးရသည့် ကိစ္စကို ပြောပြသည်။

"ဟိုမိန်းမကို ကျွန်မ သတ်သတ်လိုက်ပြီး မရမနေခြေရာခံ ရှာကြည့်ချင်တယ်၊ ကျွန်မအကြောင်းထူးရင် ဘယ်လို ဆက်သွယ်ရမယ်ဆိုတာကိုပဲ ပြောပြပါ"

"မင်းက ကျုပ်တို့ ကျွားရဲ့ဂိုဏ်းနဲ့ပူးပေါင်းဖို့ကော ဆုံးဖြတ်ပြီးပြီလား"



"ကျွန်မပြောပြီးပါပြီကော၊ သိုင်းရေးခုနစ်သွယ် သိုင်းကျမ်းကို စိတ်ကြိုက် လေ့လာသင်ယူနိုင်မယ်ဆိုရင် ကျွားရဲ့ဂိုဏ်းနဲ့ ပူးပေါင်းဖို့က ဘာမှစဉ်းစားစရာမရှိဘူး"

"မင်းတစ်ယောက်တည်းသွားရင် ဖြစ်ပါ့မလား၊ သူတို့ကို မင်းက ထိန်းနိုင်ပါ့မလား"

"လင်ယန်ပင်းကိုပါ အတူခေါ်သွားမှာပါ"

"ကောင်းသားပဲ၊ ဒီလိုလုပ်လေ မင်းတို့အတွက် အကူအညီ အဖော်သဟဲရအောင် ကျုပ်ဖိတ်ခေါ်ထားတဲ့ သိုင်းအကျော်အမော်တွေထဲက ဘစ်ယောက်ယောက်ကိုပါ အတူခေါ်သွားပါလား"

မုကျင်းစန်လိန်၏ အကြံပေးမှုသည် ချန်မေလင်တို့အတွက် အကူအညီဖြစ်စေလိုသည့်သဘောအပြင် ချန်မေလင်တို့၏ လှုပ်ရှားမှုများကို မိမိလူတစ်ယောက်က အနီးကပ်လိုက်လံ စောင့်ကြည့်ရန်စေလိုသည့်သဘောလည်း ရှိနေပါသည်။

"ရပါတယ်၊ ဘယ်သူ့ကိုထည့်ပေးလိုက်မှာလဲ"

"မင်းကြိုက်တဲ့တစ်ယောက်ကို ရွေးလိုက်ပါလေ"

ချန်မေလင်က သိပ်မစဉ်းစားဘဲ မြွေမင်းသား ပိုင်မုစိမ်းကို ရွေးလိုက်လေသည်၊ ပိုင်မုစိမ်း၏ ကြမ်းကြမ်းရမ်းရမ်း ပြုမူတိုက်ခိုက်တတ်မှုကိုသဘောကျ၍ ရွေးလိုက်ခြင်းဖြစ်သည်။

သူတို့လူစုသည် ထိုနေရာတွင်ပင် ညအိပ်စခန်းချကြသည်။ ညမအိပ်မီ ချန်မေလင်က လင်ယန်ပင်း၊ပိုင်မုစိမ်းတို့နှင့်တီးတိုးပြောဆိုတိုင်ပင်ညှိနှိုင်းသည်။ မုကျင်းစန်လိန်ကိုလည်း နှစ်ကိုယ်ကြား တွေ့ဆုံအကြောင်းကြားပြောဆိုသည်။

ထိုနေ့ည သန်ခေါင်အချိန်တွင် ချန်မေလင်၊ လင်ယန်ပင်းနှင့်ပိုင်မုစိမ်းတို့ သုံးယောက်သည် စခန်းချထားရာနေရာမှ တိတ်တဆိတ် ထွက်ခွာလာခဲ့ကြသည်။

မိမိ၏နောက်သို့ မိခင်ဖြစ်သူ ယိလုဝမ် နောက်ယောင်ခံကာ လိုက်ကြည့်နေခြင်းကို ချန်မေလင်က မလိုလားနိုင်တော့ပါ။ ထို့ကြောင့် ယိလုဝမ် မျက်ခြည်ပြတ်သွားစေရန် ခြေရာဖျောက်သည့်အနေဖြင့် ယခုလို ညကြီးသန်ခေါင် အမှောင်ထုအောက်တွင် လျှို့ဝှက်စွာ စခန်းမှထွက်လာခဲ့ခြင်း ဖြစ်ပေ၏။

* * *

"အဲဒီမိန်းကလေးဟာ အဆိစ်လဲသင့်၊ အတွင်းဒဏ်လဲရသွားတယ်၊ ဒဏ်ရာအတော်ကို ပြင်းထန်နိုင်တယ်၊ သူတို့ဒီနေရာအနီးတစ်ဝိုက်မှာပုန်းအောင်းနေပြီး ဒဏ်ရာကုချင် ကုလိမ့်မယ်၊ ဒါမှမဟုတ် သူတို့ဘာသာ ကုလို့ မရနိုင်ရင်တော့ သွေးနီဂေဟာကိုသွားကြလိမ့်မယ်၊ ငါတို့က ဒီနေရာ အနီးတစ်ဝိုက်က ပုန်းအောင်းအတွင်းဒဏ်ကုလို့ ကောင်းမယ့်နေရာတွေကို အရင်လိုက်ရှာရမယ်၊ မတွေ့ရင်တော့ သွေးနီဂေဟာကိုသွားတဲ့လမ်းအတိုင်းလိုက်မယ်"

ချန်မေလင်၏စိတ်ထဲတွင်ဤသို့ဆင်ခြင်မိသည်။ပုန်းအောင်းကာ ဒဏ်ရာကုသနိုင်မည့်နေရာများကို စဉ်းစားသောအခါ မိမိတို့အခြေစိုက်စခန်းချရန်ကြံခဲ့ဖူးသော အဆောက်အအုံပျက်ကြီးကို သတိရသည်။

"အဲဒီအဆောက်အအုံပျက်မှာ ငါတို့ စခန်းချခဲ့ဖူးတာဆိုတော့ သူတို့အတွက် အန္တရာယ်အများကြီး ရှိနိုင်တဲ့နေရာပဲ၊



ဒါပေမယ့် သူက အကင်းပါးတဲ့ မိန်းကလေးတစ်ယောက်ဆိုတော့ အန္တရာယ်အများဆုံးနေရာဟာ ဘေးအကင်းဆုံးနေရာလို့ တွေးပြီး အဲဒီမှာ သွားပုန်းအောင်းချင် ပုန်းအောင်းနေနိုင်တယ်၊ သွားတာ မမှားပါဘူးလေ"

ဤအတွေးပေါ်သည်နှင့် ချန်မေလင်သည် ညတွင်းချင်းပင် အဆောက်အအုံပျက်ကြီးရှိရာသို့ တန်း၍လာခဲ့လေသည်။

အဆောက်အအုံပျက်ကြီးကိုရောက်တော့ မိုးပင် လင်းလုနေလေပြီ။ ချန်မေလင်သည် အနားပင်မယူဘဲ အဆောက်အအုံပျက်အနှံ့ လိုက်လံရှာဖွေသည်။ လင်ယန်ပင်းမှာ အတော်ကို ပင်ပန်းနေပြီဖြစ်သော်လည်း ချန်မေလင် ငြိုငြင်မည်စိုးသောကြောင့် ဘာမျှမပြောဘဲ ချန်မေလင်နှင့်အတူ လိုက်ပါရှာဖွေသည်။

ပိုင်မုစိမ်းကတော့ မီးပုံဟောင်းဘေးနားတွင် လဲလျောင်းကာ အိပ်စက်အနားယူနေပေပြီ။

"ဒီမှာလဲမရှိပါလား၊ ဒါဆို သွေးနီဂေဟာကို သွားကြပြီထင်တယ်"

အဆောက်အအုံပျက်အနှံ့ လိုက်ရှာသော်လည်း ဘာမျှမထူးသည်တွင် ချန်မေလင် ဤသို့တွေးမိသည်။ သူမ၏သဘောအရတော့ ယခုချက်ချင်းပင် သွေးနီဂေဟာသို့ သွားရာလမ်းအတိုင်း အမြန်လိုက်သွားချင်သည်။

သို့သော် ဤသို့ မအိပ်မနေဘဲ ခရီးပြင်းသာသွား၍ လိုက်ရှာနေလျှင် ရေရှည်တွင် ခံနိုင်မည်မဟုတ်သည်ကို တွေးမိသည့်အတွက် ခေတ္တခဏတော့ နားနေရန် လုပ်ရသည်။

ပိုင်မုစိမ်း အိပ်စက်နေသည့် နေရာဆီသို့ ချန်မေလင်နှင့် လင်ယန်ပင်းတို့ ပြန်လာကာ အနားယူ အိပ်စက်ကြလေသည်။

* * *

စိတ်မော လူမောနှင့် အိပ်လိုက်ရာ ချန်မေလင် နှစ်နှစ်ခြိုက်ခြိုက်ကြီးပင် အိပ်ပျော်၍သွားသည်။ သူမ အိပ်ရာမှနိုးသော် မိုးစင်စင်လင်းနေပြီ။ လင်ယန်ပင်းနှင့် ပိုင်မုစိမ်းတို့သည်း အိပ်ရာမှ ထနှင့်နေကြကာ နံနက်စာပင် ပြင်ဆင်ချက်ပြုတ်ထားကြသည်။

နံနက်စာ စားသောက်ပြီးနောက် ထိုနေရာမှ ထွက်ခွာမည် အပြုတွင် ချန်မေလင်သည် မြေအောက်လျှို့ဝှက်ခန်းသို့ဆင်းရာ အဝင်ပေါက်တံခါးဖွင့်သည့်လျှို့ဝှက်ခလုတ် (ပန်းကန်ပြား)ကို အမှတ်မထင်တွေ့ရှိကာ ဆွဲလှည့်ကြည့်မိရာမှ ကြမ်းပြင်တွင် တံခါးပေါက် ပေါ်လာသည်။

ချန်မေလင် ရှေ့ဆောင်ကာ ဆင်းကြည့်ကြရာ မြေအောက်လျှို့ဝှက်ခန်းသို့ ရောက်သွားကြသည်။ မြေအောက်လျှို့ဝှက်ခန်းထဲတွင် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ ရှိမနေကြတော့ပါ။

သို့သော် လူနေထိုင်သွားသည့် ခြေရာလက်ရာများနှင့် သွေးစ သွေးနတို့ကိုတော့ တွေ့ကြရသည်။

ဤမြေအောက် လျှို့ဝှက်ခန်းထဲတွင် ပုန်းအောင်းကာ ဒဏ်ရာကုသခဲ့ပြီး အခြေအနေ မကောင်းသောကြောင့်သွေးနီဂေဟာသို့ ထွက်ခွာသွားကြလေပြီဟု ချန်မေလင်က ကောက်ချက်ချသည်။



ထို့ကြောင့် လင်ယန်ပင်းနှင့် ပိုင်မုစိမ်းတို့ကို မိမိ၏ထင်မြင်ချက်အား ပြောပြပြီး သွေးနီဂေဟာသို့ သွားရာလမ်းအတိုင်း အမြန်လိုက်ရန်အတွက် ထွက်လာခဲ့ကြလေသည်။

သွေးနီဂေဟာသည် အရှေ့ဘက်ပိုင်း ဒေသတွင် တည်ရှိသည်။ သို့သော် သူတို့ရောက်နေသည့် တာလီမြို့အနီးမှဆိုလျှင်မူ သွေးနီဂေဟာကို တန်း၍မသွားနိုင်။ မြစိမ်းတောင်ကြားဒေသကို ဖြတ်ပြီးမှ အရှေ့ဘက်ဆီသို့ ခရီးဆက်ရမည်ဖြစ်၏။

မြစိမ်းတောင်ကြား ဒေသသို့သွားရင်း ရန်မိန်ကျန်းတို့၏ ခြေရာလက်ရာများကို တွေ့လိုတွေ့ငြား လူခွဲဖြန့်ရှာဖွေမှုကိုလည်း မကြာခဏလုပ်သည်။ ပြန်ဆုံရမည့်နေရာတစ်ခုကိုသတ်ကာ သုံးယောက်သား တစ်ယောက်တစ်လမ်း ခွဲထွက်ကာ စုံစမ်းကြသည်။

တစ်နေ့တွင်မူ လူခွဲဖြန့်ကာ ချန်မေလင်တစ်ယောက်တည်း တိုဟိုသည်သည် သွားလာစုံစမ်းနေခိုက် သိုင်းတောလေ ငါးယောက်တို့အနက်မှ သုံးယောက်ဖြစ်သောရွှေမင်းသမီးလုကျင်း၊ ငှက်ဘုရင်ထန်မောက်စူး၊ ကြယ်ပျံကာန်လီခက်စမ်းတို့နှင့် ဆုံတွေ့မိလေသည်။

"ဟော....တူမလေး ချန်မေလင်ပါလား၊ တစ်ယောက်တည်း ဘယ်ကလာလို့ ဘယ်သွားမလို့လဲ"

လုကျင်းက ချန်မေလင်ကို နှုတ်ဆက်စကားဆိုသည်။

လိပ်ပြာမယ် ချန်ဖုန်းအင်း၏ တူမတော် ဖြစ်သောကြောင့် ချန်မေလင်ကို ကျန်သိုင်းတောလေတို့ကလည်း တူမငယ် တစ်ယောက်သဖွယ် သဘောထားကြသည်။

သိုင်းတေလေသုံးယောက်နှင့် မမျှော်လင့်ဘဲ ဆုံမိသော အခါ ချန်မေလင်၏ခေါင်းထဲတွင် ကောက်ကျစ်ယုတ်မာသော အကြံရိုင်းတစ်ခု ဖြိုးခနဲဖျတ်ခနဲ ပေါ်လာသည်။

"ရန်မိန်ကျန်းဆိုတဲ့လူနဲ့ အဲဒီမိန်းမ တတွဲတွဲ ဖြစ်နေလို့ ငါတို့အတွက် အစုံစမ်းရ လုပ်ရကိုင်ရမလွယ် ဖြစ်နေတာ၊ သူတို့နှစ်ယောက် မုန်းတီး ကွဲပြားသွားအောင် လုပ်နိုင်ရင် ငါ့အတွက် လွယ်သွားပြီ"

ဤအတွေးပေါက်လာသည်နှင့် ချန်မေလင်သည် သူမ၏ အကြံရိုင်းကို ချက်ချင်းပင် အကောင်အထည် ဖော်လေတော့ သည်။ ရှေ့နောက်ဆင်ခြင်စဉ်းစားခြင်းပင် မလုပ်တော့။

"သွေးမိစ္ဆာမယ်လေးကို လိုက်ရှာနေတာဗပါရှင်"

ချန်မေလင်က ယဉ်ကျေးဖွယ်ရာ ပြန်ဖြေကာ ဦးညွှတ်အရိုအသေပြုသည်။ ထိုသို့ အရိုအသေပြုရေမှ (ဝမ်မိန့်ထန်လွှတ်ကျကျန်နေခဲ့သည်ကို ကောက်ယူရရှိထားသော) သွေးနီအဆိပ် အပ်များကို အကုန်နှုတ်ကာ သိုင်းတေလေ သုံးဖော်တို့ထံသို့ တရကြမ်းပစ်လွှတ်လိုက်လေသည်။

ချန်မေလင်က မိမိတို့ကို တိုက်ခိုက်လိမ့်မည်ဟု သိုင်းတေလေသုံးဖော် ထင်ကိုထင်မထားခဲ့ပေ။ သွေးနီအဆိပ်အပ်များကို ရင်ဆိုင်ရမည် ဆိုခြင်းကိုကား ပို၍ပင် တွေးမထားကြ။ သုံးယောက်လုံး ကောင်းကောင်း အငိုက်မိကုန်ကြသည်။

ချန်မေလင်က ရရှိထားသမျှ သွေးနီအဆိပ်အပ် အားလုံးကို တစ်ဆုပ်ကြီး နှုတ်ယူကာ တရစပ် ပစ်ပေါက်လိုက်သည့်အတွက် အပ်များသည် နေရာအနှံ့မှ တိုးဝင်လာကြသည်။



သိုင်းတေလေသုံးယောက်၏ ကိုယ်ပေါ်များတွင် သွေးနီအဆိပ်အပ် အများအပြားပင် စူးနစ်စိုက်ဝင်သည်။

သွေးနီအဆိပ်အပ်တို့၏ အဆိပ်က အလွန် ပြင်းထန်သည်။ တစ်ချောင်း ထိစိုက်မိလျှင်ပင် ကောင်းကောင်း အထိနာနိုင်သည်။ သွေးနီအဆိပ်အပ် အများအပြား ထိစိုက်ခံရသော လုကျင်း၊ ထန်မောက်စူးနှင့် ကန်လီခက်စမ်းတို့မှာ တစ်ချက်မျှသာ 'အား' ခနဲ အော်နိုင်ကာ အရုပ်ကြိုးပြတ်ပင် ဗိုင်းဗိုင်းလဲကျကုန်ကြသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

အော်ဟစ် မေးမြန်းသံနှင့်အတူ ပြေးလွှားလာသံများကို ချန်မေလင် ကြားရသည်။

ကောက်ကျစ်သော အကြံရိုင်းကို လက်မြန် ခြေမြန်နှင့် အကောင်အထည်ဖော် လုပ်ဆောင်ပြီးပြီမို့ ချန်မေလင်သည် ထိုနေရာမှ အမြန်ပင် ပြေးထွက်သွားသည်။

ချန်မေလင် ပြေးအထွက်တွင် ထိုနေရာသို့ လင်းနို့မျက်လုံး ရန်ကျောက်ယုနှင့် လိပ်ပြာမယ် ချန်ဖုန်းအင်းတို့ နှစ်ယောက် အပြေးအလွှား ရောက်လာကြသည်။ သူတို့နှစ်ယောက်သည် လုကျင်းတို့နှင့် နောက်ဘက်ခပ်လှမ်းလှမ်းမှ လိုက်ပါလာခဲ့ကြရာမှ အော်ဟစ်သံများ ကြားရ၍ အပြေး ရောက်လာကြခြင်း ဖြစ်သည်။

လှစ်ခနဲ ပြေးထွက်သွားသော ချန်မေလင်ကို နောက်ကျောဘက်မှ ရိုးခနဲရိပ်ခနဲ လှမ်းမြင်ကြသည်။ အတုံးအရုံး လဲကျနေလေသော သိုင်းတေလေသုံးယောက်တို့ကိုလည်း တွေ့သွားကြသည်။

ချန်ဖုန်းအင်းနှင့် ရန်ကျောက်ယုတို့သည် မိမိတို့၏ သွေးသောက် ရောင်းရင်းများကို ကမန်းကတန်းပြေး၍ ပွေ့ထုတ်ခဲ့ရာများအား ကြည့်ကြသည်။

"ဟာ....သွေးနီအဆိပ်အပ်တွေ၊ ဟို သွေးမိစ္ဆာမယ်လေး လက်ချက်ပါလား"

ချန်ဖုန်းအင်းက အလန့်တကြားပြောသည်။

"တောက်....ဒီမိန်းကလေးတယ်ရက်စက်ရမ်းကားတာပဲ"

ရန်ကျောက်ယုက အံကြိတ်ကာ မကြေမချမ်း ပြောသည်။

သူတို့သည် ချန်မေလင်ကို သေသေချာချာ မတွေ့လိုက်ကြရပါ။ နောက်ကျောမှသာ မြင်လိုက်ကြရသည်။ သိုင်းတောလေတို့တွင် ထိမှန် စိုက်ဝင်နေသော သွေးနီ အဆိပ်အပ်များကို တွေ့သောအခါ ဝမ်မိန်ထန်၏လက်ချက်ဖြစ်မည်ဟု တထစ်ချ ယူဆမိကြသည်။

ထိုအခါ သူတို့ ရိပ်ခနဲ တွေ့လိုက်ရသည့် မိန်းကလေးမှာလည်း ဝမ်မိန်ထန်သာဖြစ်ရမည်ဟု ထင်မှတ်ယုံကြည် သွားကြလေတော့သည်။ သူတို့ကိုလည်း မှားသည်ဟုအပြစ်တင်၍မရပါ။ ဝမ်မိန်ထန်နှင့် ချန်မေလင်တို့မှာ အသက်အရွယ်ချင်းလည်း မတိမ်းမယိမ်း၊ ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းကလည်း သိပ်မကွာလှ။

သွေးနီအဆိပ်အပ်ကို သွေးနီ မောင်မယ်တို့မှလွဲ၍ ဝမ်မိန်ထန် တစ်ယောက်တည်းသာ သုံးစွဲတတ်ပေရာ ယခုကိစ္စသည် ဝမ်မိန်ထန်၏ လက်ချက်ဟုသာ ထင်မှတ်သွားကြလေတော့သည်။

*　　*　　*



ချန်မေလင်၏ ညာဘက်လက် ယားယံလာသည်။ ပူစပ် ပူလောင်လည်း ဖြစ်သည်။ ညာလက်ကို မြှောက်ကြည့်သည်။ လက်ဖဝါးပြင်ပေါ်တွင် အမည်းစက်များ၊ အမည်းကြောင်းလေးများ ရေးရေးထင်လာနေကြသည်ကို တွေ့ရသည်။

အဆိပ်သင့်ရပြီဟုတော့ ချန်မေလင်နားလည်သည်။ သို့သော် မည်သည့် အတွက်ကြောင့် သည်လို အဆိပ်သင့်ရသည်ကိုတော့ ရုတ်တရက် စဉ်းစားလို့မရ။ အဆိပ်ဖြေ မြစိမ်းကျောက်ဆွဲပြား လက်ကိုင်ရှိထားခဲ့သော ချန်မေလင်သည် အဆိပ်သင့်မှာကို သိပ်မကြောက်ခဲ့ပါ။ အဆိပ်သင့် ခံရလျှင်လည်း အဆိပ်ပြယ်အောင် ကုသနိုင်ခဲ့သည်။

ယခုမူ အဆိပ်ဖြေ မြစိမ်းကျောက်ဆွဲပြား မိမိထံ မရှိတော့သည့်အတွက် ချန်မေလင် အတော်ပင်စိုးရိမ်မကင်းနှင့် စိတ်ဂျာပ်ရှားနေသည်။ စိတ်လှုပ်ရှားမှုကြောင့် အဆိပ် ပျံ့နှံ့မှု မြန်ဆန်လာလေသလားတော့ မပြောတတ်။ အသက်ရှူရတာပင် အဆင်မပြေချင်သလိုလို၊ ရင်ဝတွင် အောင့်ချင်သလိုလို ဖြစ်လာသည်။

ချန်မေလင် ပို၍ စိုးရိမ်ထိတ်လန့်လာသည်။ ပြန်လည်ဆုံကြရန် ကြိုတင်အချိန်းအချက် လုပ်ထားသည့် နေရာသို့ အမောတကော ဝင်လာခဲ့သည်။

ထိုနေရာတွင် ပိုင်မုစိမ်း ရောက်နှင့်နေသည်ကို တွေ့ရသည်။

"လုပ်ပါဦး ဦးလေးပိုင်၊ ကျွန်မ အဆိပ်သင့်လာတယ်"

ပိုင်မုစိမ်းတို့ မြင်ရသည်နှင့် ချန်မေလင်က အားကိုးတကြီး ပြောလေသည်။ ချန်မေလင်ကို သည်လို စိုးရိမ် ထိတ်လန့်ဟန်မျိုးနှင့် မတွေ့ဖူးသေးသော ပိုင်မုစိမ်းမှာ အံ့သြသလိုလိုပင် ဖြစ်သွားသည်။

"ဘယ်လိုဖြစ်ပြီး အဆိပ်သင့်တာလဲ"

"အဲဒါကိုတော့ ကျွန်မလဲမသိဘူး၊ ဒီမှာသာကြည့်"

ချန်မေလင်က ညာလက်ဝါးကိုပြလိုက်သည်။ ညာလက်ဝါးပြင်မှာ အညိုရောင် သမ်း၍နေသည်။ အမည်းစက်များက ပိုထင်ရှားလာနေသည်။

ပိုင်မုစိမ်း မျက်မှောင်ကြုတ်သွားသည်။ သူသည် အဆိပ်အမျိုးမျိုးကျွမ်းကျင်ကာ အဆိပ်လက်နက်များလည်းကိုယ်တိုင်သုံးနေသူဖြစ်သည်။ သို့သော် ယခုလို အဆိပ်သင့်မှု လက္ခဏာမျိုးကိုတော့ မမြင်ဖူးသေးပါ။

ချန်မေလင်၏ ညာလက်ဝါးကို သေသေချာချာ စစ်ဆေးကြည့်သည်။ အရေးကြီးသော သွေးကြောကွက်များကိုလည်း လက်ချောင်းဖြင့် ထိထောက်ကာ စမ်းသပ်သည်။ အဆိပ်ဖြေဆေးအချို့ တိုက်ကျွေးသည်။ သွေးကြောကွက်နေရာသုံးလေးခုကို ထိုးနှိပ်ပေးသည်။

အနည်းငယ် သက်သာသွားသလိုတော့ရှိသည်။ သို့သော် လက်ဝါး ပြင်ပေါ်မှ အမည်းစက်တို့ကတော့ မပျောက်။ အသက်ရှူရတာလည်း သိပ်မကောင်း။ ခေါင်းထဲတွင်ပင် မူးချင်သလိုလို ဖြစ်နေသေးသည်။

ထိုအချိန်တွင် လင်ယန်ပင်းလည်း ပြန်လည်ဆုံတွေ့ရန် ချိန်းဆိုထားရာနေရာသို့ ရောက်လာသည်။ ချန်မေလင် အဆိပ်သင့်နေကြောင်း သိရတော့ ထိတ်ထိတ်ပျာပျာဖြစ်သည်။ သူသည် အဆိပ်နှင့်ပတ်သက်လျှင် ပိုင်မုစိမ်းလောက် ကျွမ်းကျင်ခြင်းမရှိ။ ထို့ကြောင့် ပိုင်မုစိမ်း ကုသသည်ကိုသာ ထိုင်ကြည့်နေရသည်။



ပိုင်မုစိမ်းက အမျိုးမျိုးစမ်းသပ်သည်။ သွေးကြောကွက်များကိုလည်း ထိုးနှိပ်သည်။

နောက်ဆုံးတွင်တော့ ပိုင်မုစိမ်းက လင်ယန်ပင်းကို ခပ်လှမ်းလှမ်းသို့ ခေါ်သွားခိုင်းပြီး ချန်မေလင်နှင့် နှစ်ယောက်ချင်း စကားပြောလေသည်။

"မင်းကိုယ်မှာ သင့်နေတဲ့ အဆိပ်က အတော်ကို ထူးဆန်းတယ်၊ ဘယ်လိုအဆိပ်အမျိုးအစားဆိုတာတောင် တိတိကျကျ ပြောဖို့ခက်တယ်၊ အဲ.... တစ်ခုပြောနိုင်တာက မင်းရဲ့ လက်ရှိ အပျိုစင်သွေးသားသဘာဝကိုဒီအဆိပ်ကလွှမ်းမိုးခြိမ်းခြောက်နေတယ်၊ အခုလောလောဆယ် အဆိပ်ကို တန့်နေအောင်တော့ ထိန်းထားလိုက်ပြီ၊ ဒါပေမယ့် ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မယ်ဆိုတာတော့ ပြောလို့မရဘူး၊ ဒီအထိန်းအကွပ်လွတ်သွားရင် မင်း ကောင်းကောင်းဒုက္ခတွေ့နိုင်တယ်၊ ဒီတော့ မင်း အမြန်ဆုံး အိမ်ထောင်ပြုလိုက်ပါ၊ အိမ်ထောင်ကျပြီး သွေးသားသဘာဝ အခြေအနေ ပြောင်းသွားရင် အဆိပ်ရဲ့ လွှမ်းမိုးမှုကို တန်ပြန်နိုင်လိမ့်မယ်၊ အိမ်ထောင်ပြုလိုက်တာဟာ အကောင်းဆုံး အဆိပ်ဖြေနည်းပဲ"

အခြားမိန်းကလေးများအတွက် သည်လို အကြံပေးမှုမျိုးကြားရလျှင် ရှက်ကြောက် မျက်နှာပူကာ အနေရ အထိုင်ရခက်သွားနိုင်သော်လည်း ချန်မေလင်ကတော့ အလွန်ကို ပွင့်လင်း ရဲတင်းကာ လုပ်စရာရှိတာ ပြတ်ပြတ် လုပ်တတ်သော စရိုက်ရှိသည်မို့ ဣန္ဒြေပင်မပျက်။

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်မ လင်ယန်ပင်းနဲ့ လက်ထပ်လိုက်တော့မယ်"

ချန့်မေလင်၏ ပွင့်လင်းသော အဖြေစကားသည် ပိုင်မုစိမ်းကိုပင် မျက်လုံးပြူးသွားစေသည်။

ဤသို့ဖြင့် လင်ယန်ပင်းနှင့် ချန့်မေလင်တို့သည် မိုးမြေကို သစ္စာထား တိုင်တည်ကာ အကြင်လင်မယားအဖြစ် လက်ထပ်လိုက်ကြလေတော့သည်။

★

## အခန်း ( ၅ )

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ သွေးနီဂေဟာသို့ ခရီးနှင် လာခဲ့ကြသည်။ ဝမ်မိန်ထန်က ဖြတ်လမ်းများနှင့် လျှို့ဝှက်လမ်းကြောင်းများကို ညွှန်ပြပြောဆိုပေးခဲ့သောကြောင့်အချိန်တိုတိုနှင့် ခရီးတွင်သည်။

လမ်းတွင် အခက်အခဲ အနှောင့်အယှက်ဟူ၍လည်း ပြောပလောက်အောင် မတွေ့ကြရပါ။

ဆယ်ရက်အကြာတွင် သွေးနီဂေဟာ နယ်မြေအဝင်ဝဟုဆိုနိုင်သည့် 'ကမ်းစပ်နီ'သို့ ရောက်ရှိသွားကြသည်။

ကမ်းစပ်နီမှာ ရေစီးသန်သော တောင်ကျချောင်းတစ်ခု၏ ကမ်းစပ်တစ်နေရာသာ ဖြစ်သည်။ ထိုနေရာမှာ ကျောက်သားများ ထူထပ်သည်။ စမ်းချောင်းအဟုန်ပြင်းပြင်း စီးဆင်းနေရာ၏ အောက်ခြေ ကျောက်သားများက သွေးနီရောင်ကျောက်များဖြစ်သည်။ စမ်းရေကလည်း မှန်သားတမျှ ကြည်လင်ကာ အောက်ခြေတိုင်အောင် ထင်းဖောက်မြင်ရသည်။ သွေးနီရောင်

ကျောက်သားများကြောင့် ထိုကမ်းစပ်အနီးအနားရှိ ချောင်းရေမှာလည်း အနီရောင်တောက်နေသည်။

ကမ်းပါးနီမှ အောက်သို့ဆက်၍ စီးသွားသော ချောင်းရေ၏ ရေစီးအားက တစစ လျော့ပါးသည်။ ကမ်းပါးနီ၏ အထက်ဘက်ဆီတွင်တော့ ချောင်းရေစီးမှုသည် မာန်ဟုန်ပြင်းလှသည်။ ချောင်းထဲတွင် ကျောက်ဆောင်၊ ကျောက်ဆွယ်၊ ကျောက်စွန်းများလည်း ပေါများသည်၊ ထိုစမ်းချောင်း၏ အထာကို မကျွမ်း၊ ရေကြောင်း နားမလည်လျှင် ဤစမ်းချောင်းအတိုင်း လှော်ခတ်ဆန်တက်ရန် လုံးဝ မဖြစ်နိုင်ပါ။

သွေးနီဂေဟာသို့ သွားမည်ဆိုလျှင် ကမ်းပါးနီမှနေ၍ တောင်ကျစမ်းချောင်းကို လှေဖြင့် ဆန်တက်သွားရသည်။ ထိုတောင်ကျစမ်း၏ အခြေအနေသည် သွေးနီဂေဟာအဝင်လမ်းတွင် သဘာဝအတားအဆီးတစ်ခုအဖြစ် စောင့်ကြပ်ပေးထားသလိုရှိသည်။

ကမ်းပါးနီသို့ ရောက်ရှိကြပြီး သွေးနီဂေဟာကို စမ်းချောင်းအတိုင်း လှေဖြင့် ဆန်တက် လှော်ခတ်သွားရမည့်အကြောင်း ဝမ်မိန်ထန်က ပြောပြသောအခါ ရန်မိန်ကျန်းအတော်ပင် စိတ်ပျက်သွားရလေသည်။

ရန်မိန်ကျန်းမှာ ရေကြောင်းကျွမ်းကျင်သူ မဟုတ်ပါ။ လှေကို လှော်တတ်ရုံမျှသာရှိသည်။ ရေစီးကြမ်းကာ ကျောက်ဆောင် ကျောက်စွန်းများ ပေါများသော တောင်ကျစမ်းချောင်းကို ဆန်တက် လှော်ခတ်နိုင်စွမ်း မရှိပါ။

သွေးနီဂေဟာ မိသားစုဝင်ဖြစ်သော ဝမ်မိန်ထန်ကလည်း ဒဏ်ရာများရကာ မိမိကိုယ်မိမိပင် အနိုင်နိုင် အားယူကာ



လှုပ်ရှားနေရ၏။ လှေလှော်ကျွမ်းကျင်လိမ္မာကာ ရေကြောင်းအနေအထားကို သိရှိစေကာမူ လှေလှော်၍ရမည်မဟုတ်။

ပြီးတော့ လှေကလည်း မရှိ၊ ဘယ်နေရာက လှေသွားရှာရမည်ကိုလည်း မသိ။

"စိတ်ပျက်မသွားပါနဲ့ အစ်ကိုရ၊ ကျွန်မက သွေးနီဂေဟာကလူပါ၊ ကိုယ့်အိမ်ကိုယ့်ရာကို ရောက်အောင် သွားတတ်ပါတယ်"

စိတ်ပျက်လက်ပျက်ဖြစ်သွားသော ရန်မိန်ကျန်းကိုကြည့်ပြီး ဝမ်မိန်ထန်က ပြောသည်။ ထို့နောက် ဝမ်မိန်ထန်သည် စူးရှသော လေချွန်သံရှည်တစ်ခု ပြုလုပ်လိုက်၏။ လေချွန်သံသည် အဝေးဆီသို့ ပျံ့လွင့်သွားသည်။

"ကျွန်မတို့ ခဏလောက်တော့ စောင့်ကြရလိမ့်မယ်"

လေချွန်သံရှည် ပြုလုပ်ပြီးနောက် ဝမ်မိန်ထန်ကပြော၏။

နှစ်ယောက်သား ကမ်းပါးနီအနားရှိသစ်ပင်ကြီးတစ်ပင်၏ အရိပ်တွင် ခိုဝင်ကာ ထိုင်၍စောင့်နေကြ၏။ ထွေရာလေးပါး စကားများ ပြောဆိုနေကြသည်။

"ချန်မေလင်လဲ ကျားရဲဂိုဏ်းနဲ့ ပူးပေါင်းသွားပြီလား မပြောတတ်ဘူး"

ထွေရာလေးပါး ပြောဆိုနေကြရင်း ရန်မိန်ကျန်းက ခပ်ညည်းညည်းလေး ပြော၏။

"စေ့စပ်ဖို့ သဘောတူထားတဲ့ မိန်းကလေးကို သတိရနေလို့လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ သူက တည့်မတ် မှန်ကန်တဲ့ သိုင်းမိသားစုကြီးရဲ့မျိုးဆက်တစ်ယောက်ပဲလေ၊ ပြီးတော့တို့ရဲ့

မိဘဘိုးဘွားတွေနဲ့ သူ့ရဲ့မိဘဘိုးဘွားတွေကလဲသွေးသောက်
ရောင်းရင်းတွေဆိုတော့ သူ လမ်းမှား ရောက်သွားမှာကို တို့
မလိုလားဘူး၊ သူ့ကိုလဲ ဖြောင့်ဖြောင့်မှန်မှန် ဖြစ်စေချင်
တယ်၊ ဒါပါပဲ”

“သူ့စိတ်ခေတ်က လုပ်ချင်ရာကို ဇွတ်လုပ်တတ်တယ်
ဆိုတာကို အစ်ကိုမသိဘူးလား”

“သူက သိုင်းရေးခုနစ်သွယ်ကျမ်းကို အရမ်းလိုချင်နေတာ
ကြောင့် ဒီသိုင်းကျမ်းကို အကြောင်းပြုပြီး ကျွားရဲ့ဂိုဏ်းနဲ့
ပူးပေါင်းသွားမှာ၊ တို့က သိုင်းရေးခုနစ်သွယ်ကျမ်းကို အရ
ပြန်ယူလာပြီး သူ့ကိုလဲ လေ့လာသင်ယူဖို့ ခွင့်ပေးလိုက်မယ်
ဆိုရင် သူ့စိတ်ကူးတွေ တစ်မျိုးတစ်မည် ဖြစ်လာနိုင်တယ်”

“အစ်ကိုက ဒီလိုပဲထင်သလား”

“ညီမကကော ဘယ်လိုစဉ်းစားမိလို့လဲ”

“ကျွန်မ အကဲခတ်မိရသလောက်ဆိုရင် သိုင်းရေး ခုနစ်
သွယ်ကျမ်း ချန်မေလင် လက်ထဲကို ရောက်သွားတယ် ဆိုရင်
တောင်မှ သူဟာ ဖြောင့်ဖြောင့်မှန်မှန် ဖြစ်မလာနိုင်ဘူး၊
ကျွားကို အတောင်တပ်ပေးထားသလိုမျိုး ပိုပြီးတော့တောင်
ဟော့ဟော့ရမ်းရမ်းနဲ့ စိတ်ထင်တိုင်း ကြဲနေလိမ့်မယ်”

“ချန်မေလင်ဟာ သိုင်းသမားကောင်း တစ်ယောက် ဖြစ်
မလာနိုင်ဘူးလို့ ဆိုလိုတာလား”

“ဗီဇစရိုက်ဆိုတာ ဖျောက်နိုင်ခဲတယ်အစ်ကို၊ ချန်မေလင်
ဟာ အထိန်းအကွပ်မထားဘဲ စိတ်ထင်ရာလုပ်ရမှ ကျေနပ်တဲ့
မိန်းမစားမျိုး ဖြစ်နေပြီ၊ ပြင်လို့မရဘူးလို့ ယတိပြတ်မပြော



နိုင်ပေမယ့် ပြင်နိုင်ဖို့ကတော့ ခက်တယ်၊ မလွယ်ဘူးနော်
အစ်ကို”

ရန်မိန်ကျန်း သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်မိသည်။

* * *

အချိန်အနည်းငယ်အကြာတွင် မာန်ဟုန်ပြင်းသော တောင်
ကျစမ်းချောင်း၏ ရေအလျင်တွင် လှေငယ်လေးတစ်စီး စုန်
ဆင်းလာသည်ကို လှမ်းမြင်ကြရသည်။ ချောင်းရေက အစီး
ကြမ်းကာ မြန်သလို စုန်ဆင်းလာသော လှေငယ်၏ အရှိန်
အဟုန်ကလည်း အလွန်မြန်သည်။ တစ်ခဏအတွင်းမှာပင် ကမ်း
ပါးနီတွင် လှေငယ်ဆိုက်ရောက်ရှိသည်။

လှေငယ်ပေါ်တွင် လှော်ခတ်သူ လှေသမားတစ်ယောက်
တည်းသာ ပါရှိသည်။ လှေသမားသည် သက်လတ်ပိုင်း
အရွယ် ယောကျ်ားဖြစ်သည်။ အရပ်ပုပြီး ပိန်သည်။ အနီရောင်
ဝတ်စုံ ဝတ်ဆင်ထားသည်။

စကားတစ်လုံးမျှမပြော၊ ကမ်းပါးနီတွင် လှေဆိုက်ပြီး
နောက် လှေပေါ်တွင် တက်ထောင်လျက် ငြိမ်သက်စွာရှိနေ
သည်။

“လာ...အစ်ကို၊ သံလှေပေါ်တက်ကြရအောင်”

ဝမ်မိန်ထန်က ပြောသည်။

“အဲဒါ သံနဲ့လုပ်ထားတဲ့ လှေလား”

ဝမ်မိန်ထန်ကို ဖေးမကာ လှေငယ်ရှိရာသို့ ခေါ်လာရင်း
ရန်မိန်ကျန်းက မေး၏။

"သံနဲ့လုပ်ထားတာတော့ မဟုတ်ဘူး အရမ်းမာကျော ပြီး ပေ့ါပါးတဲ့သတ္တုစပ်တစ်မျိုးနဲ့ လုပ်ထားတာ၊ ဒါပေမယ့် ဒီလှေမျိုးကို သံလှေလို့ပဲ ခေါ်ကြတယ်"

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့နှစ်ယောက် 'သံလှေ'ပေါ်သို့ တက်လိုက်ကြသည်။လှေကအတော်ပင်သေးငယ်၏။အများဆုံး လူ(၄)ယောက်သာ စီးနိုင်ပေလိမ့်မည်။ လှေဝမ်းကတော့ ခပ်ပြားပြား။

ရန်မိန်ကျန်းတို့ တက်ထိုင်ပြီးသည်နှင့် လှေသမားက လှေကို ကမ်းပါးနှီကခွာသည်။ရေစီးအလွန်သန်ကာ မာန်ဟုန်ပြင်း လှသည့် တောင်ကျချောင်းကိုဆန်ကာက်လှော်ခတ်သည်။သံလှေသည် ဘယ်ယိမ်း ညာစောင်း၊ ရှေ့တိုးနောက်ငင်ဖြင့် ရေစီး အဟုန်ကို အန်တုနေသည်။

သံလှေကို ရှေ့သို့သာ တစိုက်မတ်မတ် သွားနေအောင် လှော်ခတ်၍မရ။ ရှေ့တိုးသွားအောင်လှော်လိုက်၊ ရေစီးအား ကြောင့် နောက်ပြန်ဆုတ်လာသည်ကို တောင့်ကာထိန်းလိုက် လုပ်နေရသည်။ ရှေ့တိုးသွားမှုက နောက်ပြန်ဆုတ်သည်ထက် ပိုမိုအောင် အားထုတ်ကာ လှေကို တရွေ့ရွေ့ ရှေ့တိုးနေစေ ရသည်။ တဖြည်းဖြည်းချင်းသာ သွားနေသည်။

သည်ကြားထဲတွင် ကျောက်ဆောင် ကျောက်စွန်းများကို ရှောင်တိမ်းရန် သံလှေကို ဘယ်ကွေ့ ညာတိမ်း လုပ်ပေးရလေ သေးသည်။ တစ်ခါတစ်ရံတွင်မူ ကျောက်ဆောင်ကျောက်တုံး များကို လှော်တက်ဖြင့် ထိုးထောက်ကော့တင်ကာ လှေအား မြောက်ကြွပျံတက်သွားသလိုမျိုး ဖြစ်အောင်ပင် လုပ်ရသည်။



ရန်မိန်ကျန်းက မိမိကိုယ်တိုင် သံလှေပေါ်မှ လွင့်စဉ်ကျ မသွားအောင် တန်ချက်ထိမ်းနေရသည့်အပြင် ဝမ်မိန်ထန်ကို လည်း ဖေးမပေးထားရလေသေးသည်။

ဤကဲ့သို့ တဖြည်းဖြည်းချင်း တရွေ့ရွေ့ ဆန်တက်လာခဲ့ ကြရာ လှေသမား၏ လှေ ထိန်းသိမ်းလှော်ခတ် ပဲ့ကိုင်မှုများ တွင် သိုင်းဟန်တွေ ပါနေသလိုလို ရန်မိန်ကျန်းထင်မိသည်၊ ထို့ကြောင့် လှေသမား၏ လှုပ်ရှားဟန်များကို သတိပြုကာ စူးစမ်းသည်။

ထိုအခါ မိမိမြင်ဖူး၊ သိဖူးသော သိုင်းကွက် သိုင်းဟန် လှုပ်ရှားမှုမျိုးနှင့် ဆင်တူသလိုလို ရှိလာပြန်သည်။ ဘယ်နေရာ တွင် ဘယ်သို့ဘယ်ပုံ တွေ့မြင်ခဲ့ရဖူးသည့် သိုင်းကွက်သိုင်းဟန် လှုပ်ရှားကွက်တွေ ဖြစ်သည်ကိုတော့ စဉ်းစား ဖော်ထုတ်၍ မရပါ။

နှစ်နာရီခန့်အကြာတွင်တော့ ရေတံခွန်ကြီးတစ်ခုသို့ရောက် လာကြလေသည်။

ရေတံခွန်ကြီးသည် ပေ (၂၀၀) ခန့်ပင် မြင့်မားသည်၊ ရေများ တဝုန်းဝုန်းကျနေသည်။ ထိုရေတံခွန်ကြီး၏ အောက် ခြေနားတွင် သံလှေ ထိုးဆိုက်သည်။ ရန်မိန်ကျန်းတို့ လှေ ပေါ်မှ ဆင်းကြသည်။ လှေသမားက သံလှေကို ပခုံးထက် တွင် ထမ်းယူကာ ရေတံခွန်ဘေးရှိ တောင်ကမ်းပါးယံအတိုင်း တက်လာကြရသည်။

ကမ်းပါးယံက အတော် မတ်စောက်သည်။ ရန်မိန်ကျန်း သည် ဝမ်မိန်ထန်ကို ကျောပိုးကာ တက်သည်။ အတော်တော့

အားစိုက်ရသည်။ နောက်ဆုံးတော့ ရေတံခွန်စီးကျရာ တောင်ကမ်းပါးယံပေါ်သို့ ရောက်ကြသည်။

ထိုနေရာမှ ပေသုံးရာကျော်အကွာသို့ စမ်းချောင်းဘေးကမ်းစပ်မှ လျှောက်သွားကြရပြန်သည်။ ပြီးမှ သံလှေကို ရေပြန်ချကာ လှေဖြင့် ဆက်လက်ဆန်တက်သည်။ မကြာမီပင် ရေစီးညင်သာစပြုသည်။ ခပ်ငြိမ့်ငြိမ့် ရေသာစီးတော့သည်။

ရေစီးမကြမ်းတော့သောကြောင့် သံလှေ၏သွားနှုန်းအရှိန်ကလည်း မြန်ရလာသည်။ အချိန်တစ်နာရီကျော်ကျော် လှော်ခတ်ပြီးနောက် ရွှံ့နွံလွင်ပြင်ကျယ်တစ်ခု၏အစပ်နားတွင် သံလှေ ဆိုက်ကပ်သည်။

ကျယ်ပြန့်သော ရွှံ့နွံလွင်ပြင်ကျယ်၏ အလယ်လောက်ဆီတွင် ခမ်းနားထည်ဝါသော အိမ်ဂေဟာကြီးတစ်ခု ရှိသည်။ ရွှံ့နွံပြင်အစပ် (တောင်ကျချောင်းကမ်းပါး တစ်နေရာ)မှ ထိုအိမ်ဂေဟာကြီးဆီသို့ သစ်သားတံတားရှည်ကြီးတစ်ခု ဆောက်လုပ်ဆက်သွယ်ပေးထားသည်။

သံလှေသည် ထိုသစ်သားတံတားရှည်ကြီး၏ မုခ်ဦးအဝင်ဝနားတွင် ဆိုက်ကပ်ပေးသည်။

မုခ်ဦးပေါ်တွင် အစောင့်သိုင်းသမား လေးယောက် ရှိနေသည်။

"သခင်မလေး ပြန်ရောက်လာတာကို ကြိုဆိုပါတယ်"

အစောင့် သိုင်းသမားများက ဝမ်မိန်ထန်ကို ဦးညွှတ်အရိုအသေပေးကာ နှုတ်ဆက်စကားဆိုသည်။

"ကျေးဇူးတင်ပါတယ်၊ သူက ကျွန်မရဲ့ သူငယ်ချင်းပါ၊ သူ့ကို ဖေဖေတို့ဆီ ခေါ်သွားမလို့"



ဝမ်မိန်ထန်က ပြန်ပြောသည်။ ဝမ်မိန်ထန်သည် ရန်မိန်ကျန်း၏ အတွဲအကူကို မယူဘဲ သူမဘာသာ လှုပ်ရှားသည်။

ထို့နောက် ဝမ်မိန်ထန်က ရန်မိန်ကျန်းကို အသာခေါင်းဆတ်ပြကာ သစ်သားတံတားရှည်ကြီးအတိုင်း လျှောက်လှမ်းသွားရာ ရန်မိန်ကျန်းလည်း အတူ လိုက်ပါ၍သွားသည်။ အစောင့် သိုင်းသမားတစ်ယောက်က သူတို့၏နောက်မှ လိုက်လာခဲ့သည်။

* * *

ဝမ်မိန်ထန်၏ မိဘနှစ်ပါးဖြစ်သော သွေးနီမောင်မယ်တို့၏ ရှေ့မှောက်သို့ ရန်မိန်ကျန်း ရောက်ရှိသွားသည်။ ဝမ်မိန်ထန်က မိမိ၏ ဖခင် သွေးနီမင်းသား ဝမ်တာ့ဖန်၊ မိမိ၏မိခင် သွေးနီမင်းသမီး ကိုက်ရင်ဝေးတို့နှင့် ရန်မိန်ကျန်းကို မိတ်ဆက်ပေးသည်။

မိမိ အဆိပ်ဒဏ်နှင့် အတွင်းဒဏ်ရခဲ့ပုံ အကြောင်းများကိုလည်း ပြောပြသည်။

"သိုင်းလောကအတွေ့အကြုံရှာဖို့ခရီးထွက်ခဲ့တဲ့သမီးအဆိပ်သင့် အတွင်းဒဏ်တွေရပြီး ပြန်ရောက်လာရပါပကော၊ အေး- သမီးရထားတဲ့ ဒဏ်ရာတွေအတွက် မစိုးရိမ်နဲ့တော့၊ သမီးကို ဒီလို အနာတရဖြစ်အောင် လုပ်လိုက်တဲ့လူတွေလဲ သေနေ့စေ့ကြပြီလို့ မှတ်လိုက်"

သွေးနီမင်းသား ဝမ်တာ့ဖန်ကပြောသည်။ ခပ်အေးအေးပင် ပြောခြင်းဖြစ်သော်လည်း ချောက်ချားဖွယ်ရာ စွမ်းအားတစ်မျိုး ပါရှိနေသည်။

ချန်မေလင်ကို ဘဝခရီးဖော်ဇနီးလောင်းအဖြစ် သဘော မထားနိုင်သော်လည်း ဘိုးဘွားစဉ်ဆက် ခင်မင်ရင်းနှီးခဲ့သည့် သွေးသောက် မောင်နှမအဖြစ်တော့ ရန်မိန်ကျန်းက သတ်မှတ်ထားသည်၊ ယခု သွေးနီမင်းသား၏ပြောစကားက ချန်မေလင်ကိုလည်း လက်တုံ့ပြန်သတ်ဖြတ်မည့်သဘောမို့ မျက်နှာ ကွက်ခနဲပျက်သည်။

ရန်မိန်ကျန်းမှာ စိတ်နေစိတ်ထားကောင်းမွန်ကာ အများအပေါ် စေတနာကောင်း ထားသည်။ တိုက်ခိုက် သတ်ဖြတ်မှုများကို မလိုလား။ မိမိချစ်သူ အဆိပ်သင့်ဒဏ်ရာ ရအောင် လုပ်ခဲ့မှုကိုမကျေနပ်သည်ကမှန်သော်လည်း ထိုအတွက် အသက်သေဆုံးသည်အထိ တုံ့ပြန်မှုကတော့ မလုပ်သင့်ဟုထင်သည်။

သို့သော် သွေးနီမင်းသားကို ကန့်ကွက် ပြောဆိုဖို့လည်း နှုတ်လေး၍နေသည်။

ဝမ်မိန်ထန်က ရန်မိန်ကျန်း၏စိတ်ထားကို နားလည်သည်၊ သူမကိုယ်တိုင် ချန်မေလင်ကို သိပ်ကြည့်မရလှသည့်တိုင် တစ်ဆုံးတစ်ဆ တုံ့ပြန်ဖို့တော့ မလိုလားပါ။ ထိုနည်းတူ ဖခင်ဖြစ်သူကိုဟန့်တားလျှင်လည်း ရမည်မဟုတ်သည်ကိုသိသည်။

"သမီးကို ရန်ပြုလိုက်တဲ့လူတွေကို သမီးကိုယ်တိုင် တုံ့ပြန်ချင်ပါတယ် ဖေဖေ၊ သူတို့ကို သမီး တာဝန်ထားလိုက်ပါ"

ဝမ်မိန်ထန်က အကောင်းဆုံးဖြစ်အောင် ပြောလိုက်သည်၊

ရန်မိန်ကျန်း၏စိတ်ထဲတွင် ဝမ်မိန်ထန်ကိုယ်တိုင် ချန်မေလင်ကို တိုက်ခိုက်ချေမှုန်းသုတ်သင်ပစ်တော့မည်ဟုထင်ကာ မျက်နှာပျက်သွားပြန်သည်။ ဝမ်မိန်ထန်ကိုလည်း ဆတ်ခနဲ လှမ်းကြည့်သည်။



"ကောင်းပြီ၊ သမီးကိုယ်တိုင် ကြည့်စီရင်လိုက်ပေတော့၊ လာ လာ သမီးရဲ့ အဆိပ်သင့် ဒဏ်ရာတွေကို စစ်ဆေးကြည့်ရအောင်"

ဝမ်မိန်ထန် ဖခင်ကြီးအနီးသို့ တိုးကပ်သွားသည်။ ဝမ်တာ့ဖန်က သမီး၏သွေးကြောများကို စမ်းသပ်စစ်ဆေးသည်။

ဝမ်ဟော့ဖန်၏ မျက်နှာ တင်းခနဲ ဖြစ်သည်။

"ဟာ....သမီးရဲ့ အဆိပ်ဒဏ်နဲ့ အတွင်းဒဏ်က အတော့်ကို ဆန်းပြားရှုပ်ထွေးနေတာပါလား၊ အချိန်ဆိုင်းနေလို့ မရဘူး၊ ရင်ေး မင်းသမီးကို အခုချက်ချင်း အေးစိမ့်လိုဏ်ဂူသဲ ခေါ်သွားပြီး အဆိပ်ဖြေအတွင်းအားလေ့ကျင့်နိုင်ဖို့ကူညီလုပ်ဆောင်ပေးလိုက်ပေတော့၊ သွေးနီဇီဝအားဆေးလုံးကိုလဲ တိုက်ကျွေးလိုက်"

ဝမ်တာ့ဖန်က ဇနီးသည်ကို အလောတကြီးပြောလိုက်သည်။

ရန်မိန်ကျန်းမှာလည်းထိတ်ထိတ်ပျာပျာ ဖြစ်သွားရကာ....

"သူ....သူ စိုးရိမ်စရာများ ရှိနေလား ခင်ဗျာ"

ဝမ်တာ့ဖန်က ရန်မိန်ကျန်းကို စိန်းစိန်းကြည့်သည်။

"မင်း ပူပန်နေစရာမလိုပါဘူး၊ မင်းကို ငါကိုယ်တိုင်စစ်မေးစမ်းသပ်ရဦးမယ်"

"ဖေဖေ သူက သမီးရဲ့သူငယ်ချင်းပါ၊ သမီးကိုလဲ အများကြီး ကူညီစောင့်ရှောက်ခဲ့ပါတယ်"

ဖခင်၏လေသံ ခက်ထန်တင်းမာနေသည်ကို သတိပြုမိသောကြောင့် ဝမ်မိန်ထန်က ဝင်ပြောသည်။

"သမီးမေမေနဲ့သင လိုက်သွားပါ"

"လာ သမီး၊ သွားကြမယ်"

ကိုက်ရင်ဝေးက ဝမ်မိန်ထန်ကို ဖေးမကာ ခေါ်သွားသည်။ ဝမ်မိန်ထန်လည်း ရန်မိန်ကျန်းအတွက် နောက်ဆုံ တငင်ဝင်နှင့် လိုက်ပါသွားရလေတော့သည်။

* * *

"မင်းက ဝမ်မိန်ရဲ့သူငယ်ချင်းဆိုပြီး သူ အဆိပ်သင့်ဒဏ်ရာ မရအောင် ကာကွယ်မပေးဘူးလား"

ကိုက်ရင်ဝေးကဝမ်မိန်ထန်ကို ခေါ်ဆောင်သွားပြီးနောက် ဝမ်တာ့ဖန်က ရန်မိန်ကျန်းကို မေးသည်။

"ဟ....ဟိုသင်း....အဲ"

ရန်မိန်ကျန်းမှာ မုလကပင် စကားကို သိပ်ရေရေလည်လည် မပြောတတ်။ ယခုလို အခြေအနေမှာတော့ ပို၍ ဆိုးနေသည်။ ဘာကို ဘယ်လိုကာစ၍ ပြောရမှန်းပင်မသိတော့။

သူ အဆိပ်ဒဏ် အတွင်းဒဏ်တွေရတုန်းက သူ့ အနားမှာ မင်းလဲ အတူရှိနေတာ မဟုတ်လား"

"ဟို....အင်း....ဟုတ်....ဟုတ်"

ရန်မိန်ကျန်းက ခေါင်းကလေးကိုသာ ညိတ်ပြလိုက်ရသည်။

"မင်းနဲ့ဝမ်မိန်ထန်တို့နှစ်ယောက်အတူတူ ရန်သူကိုရင်ဆိုင် ကြတာလား"

"ဟုတ်....ဟုတ်ပါတယ်"

"နှစ်ယောက်အတူတူ ရန်သူကိုရင်ဆိုင်ကြတာမှာ မင်းက ဘာမှမဖြစ်ဘဲ ငါ့သမီးပဲ ဒဏ်ရာရခဲ့တာက ဘာကြောင့်လဲ"

"အဲဒါက...."

"ကောင်းပြီ၊ မင်းရဲ့သိုင်းပညာအစွမ်းအစ ဘယ်လောက် ရှိသလဲ၊ စမ်းကြည့်ကြရအောင်"



"ခင်ဗျာ"

ရုတ်တရက် စိန်ခေါ်လာသလိုမို့ ရန်မိန်ကျန်း လှုပ်လှုပ် ရှားရှား ဖြစ်သွားရသည်။

ဝမ်တာ့ဖန်ကတော့ ထိုင်နေရာမှထသည်။ ရန်မိန်ကျန်းရှိရာ သို့ ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လာသည်။ အနားသို့ရောက် သောအခါ လက်ဝါးတစ်ချက် ရိုက်ထုတ်သည်။

လက်ဝါး၏လှုပ်ရှားမှုကတော့ သာမန်ရိုးရိုးစင်းစင်းလေး ဖြစ်သည်။ သို့သော် လက်ဝါးလှုပ်ရှားရိုက်ထုတ်သည်နှင့် ကြီး မားပြင်းထန်သော အင်အားလှိုင်းတို့ကတော့ ရန်မိန်ကျန်းထံ သို့ တလိမ့်လိမ့်တိုးဝင်လာကြသည်။

အမြင်ရိုးစင်းသလောက် အင်အားအရှိန်အဟုန် ပြင်းလှ သော လက်ဝါးရိုက်ချက်ဖြစ်ကြောင်း ရန်မိန်ကျန်းသိသည်။ လက်ဝါးရိုက်ချက်၏ အားအင်လှိုင်းတို့က ဖြန့်ကြက်လွှမ်းမိုး လာရာ ရန်မိန်ကျန်းအတွက် ရှောင်တိမ်းရန်လမ်းကြောင်း နေရာပင်မရှိတော့အောင်ဖြစ်နေသည်။

နေရာတိုင်းလိုလိုကို လက်ဝါးရိုက်ချက် အင်အားတို့က လွှမ်းခြုံထားသည်။ လွတ်အောင်ရှောင်ဖို့မလွယ်။ သည်တော့ အင်အားချင်းရင်ဆိုင်ခံဆောင်ရန်သာရှိတော့သည်။

ရန်မိန်ကျန်းသည် ဘာမှစဉ်းစားမနေနိုင်တော့ဘဲ တောင် ဖြိုလက်ဝါးသိုင်းကိုသုံးကာ အလျင်အမြန်ပင် လက်ဝါးရိုက် ချက် တစ်ချက်ရိုက်ထုတ်၍ ဆီးကြိုခံဆောင်လိုက်ရသည်။

"ဖတ်"

လက်ဝါးရိုက်ချက်နှစ်ခု၏အင်အားများဆိုင်မိသည်။ အား အင်ချင်း ပြင်းထန်စွာ ရင်ဆိုင်တွန်းကန်မှု ပေါ်ရမည့်အစား

လက်ဝါးရိုက်ချက်နှစ်ခု၏အင်အားလှိုင်းတို့သည် သမမျှတစွာ ရောနှောမိသည်။

ပြင်းထန်သော အင်အားတန်ပြန်မှုကို တွေ့ရလိမ့်မည်ဟု တွက်ကာ တောင့်ခံထားသော ရန်မိန်ကျန်းမှာ အားအရှိန် လွန်ကာ ယိုင်လုလုဖြစ်သည်။ ရှေ့သို့ဟပ်ထိုးလဲကျမသွားရ အောင် ဟန်ချက်ထိန်းလိုက်နိုင်သည်။ သို့သော် အတွင်းအား အသုံးလွန်သွားမှုကြောင့် ရင်ဝတွင်တစ်ဆို့လျက် သွေး တစ် လုတ် ပါးစပ်မှ အန်ထွက်သည်။

"တောင်ဖြို လက်ဝါးသိုင်းပါလား၊ ကောင်းတယ်.... ကောင်းတယ်"

ဝမ်တာ့ဖန်က ခေါင်းတညိတ်ညိတ်နှင့်ပြောသည်။ မိမိ သုံး လိုက်သော သိုင်းကွက်၏အမည်ကို ခက်ခဲ မှန်ကန်စွာ ပြော ချနိုင်သည့်အတွက် ရန်မိန်ကျန်း အံ့ဩသွားသည်။

"မင်းက ဘယ်သူ့ရဲ့တပည့်လဲ"

ဝမ်တာ့ဖန်က မေးသည်။

"ဟို....အဲ....အင်း"

ရန်မိန်ကျင်း အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။ သူ့ကို သိုင်းပညာသင်ပေးသည့် ဆရာအတော်များပေရာ မည်သူ၏ အမည်ကို ထုတ်ပြောရမည်နည်းဟု အဝေခွဲရခက်နေသည်။

"ငါ့တိုက်ချက်တွေကို လွတ်အောင်ရှောင်စမ်း"

ဝမ်တာ့ဖန်က ပြောပြောဆိုဆို လက်ဝါးရိုက်ချက်၊ခြေကန် ချက်၊ ကုတ်ဆွဲချက် တိုက်ကွက်အမျိုးမျိုးအဖုံဖုံ စုံလင်အောင် သုံးကာ လေပွေတစ်ခုတိုက်ခတ်သလို ရန်မိန်ကျန်းကို တိုက်



ခိုက်လာသည်။ သိုင်းဟန်သွက်ကာ တိုက်ကွက်စုံသည်။ သို့သော် အားအင်ကတော့ ပြင်းထန်ကြမ်းထမ်းခြင်းမရှိ။

ရန်မိန်ကျန်းလည်းသက်တန့်လိပ်ပြာကိုယ်ဖော့ပညာကိုသုံး ကာ ပေါ့ပါးသွက်လက်သော ကိုယ်ဟန်လှုပ်ရှားမှုများနှင့် ဝမ်တာ့ဖန်၏တိုက်ချက်များကို ရှောင်တိမ်းသည်။

တစ်ခဏအတွင်းပင် တိုင်းကွက်နှစ်ဆယ်ကျော် တိုက်ခိုက် ပြီးသွားသည်။ ဝမ်တာ့ဖန်အတိုက်ရပ်ကာ နောက်သို့ခုန်ဆုတ် သည်။ ရန်မိန်ကျန်းလည်း လှုပ်ရှားမှုများရပ်တန့်လိုက်သည်။

ဝမ်တာ့ဖန်က မျက်မှောင်ကြုတ်ကာ ရန်မိန်ကျန်းကို စိန်း စိန်းကြည့်နေသည်။ တစ်စုံတစ်ရာကို အလေးအနက်စဉ်းစား နေသည့်ဟန်။

"လာ....အတွင်းအားအခြေအနေ စမ်းကြည့်မယ်"

ခေတ္တမျှစဉ်းစားပြီးနောက် ဝမ်တာ့ဖန်ကပြောလာသည်။

ရန်မိန်ကျန်းသည် အတွင်းအားချင်းဆိုင်ကာ အားပြိုင်မှု ကိုနားလည်းသော်လည်း အတွင်းအားအခြေအနေ စမ်းကြည့် မှုကိုတော့ မသိပါ။

"အဲ့....အဲဒါ ဘယ်လိုလုပ်ရမှာလဲခင်ဗျ၊ ကျွန်တော် နား မလည်ဘူး"

ဝမ်တာ့ဖန်၏မျက်နှာပေါ်တွင် စိတ်ပျက်သည့် အမူအရာ များ ပေါ်လာသည်။

"ဒီသဘောလေးတောင်မှ မသိဘူးလားကွ၊ မင်းနဲ့ငါ လက်ဝါးချင်းပူးကပ်ထားမယ်၊ ငါက ဖိတွန်းတဲ့အားကို မင်း က ညီမျှတဲ့အားနဲ့ပဲ ပြန်တောင့်ခံ နားလည်ပြီလား"

"ဟုတ်ကဲ့....ဟုတ်ကဲ့"

သိပ်မရှင်းလှသော်လည်း ခေါင်းမူ ညိတ်လိုက်သည်။

ဝမ်တာ့ဖန် ရှေ့တိုးလာသည်။ ညာလက်ဝါးကို မြှောက်ကာ ရှေ့သို့တန်းပို့သည်။ ရန်မိန်ကျန်းကလည်း မိမိ၏ ညာလက်ကို အလိုက်သင့်မပင့်သည်။ လက်ဝါးကိုဖြန့်ထားသည်။ လက်ချောင်းများကတော့ စုကပ်ထားသည်။

ဝမ်တာ့ဖန်၏ ညာလက်ဝါးနှင့် ရန်မိန်ကျန်း၏ ညာလက်ဝါးတို့ ထိကပ်မိသည်။ စစချင်း ရိုးရိုးထိကပ်မှုသာ ဖြစ်သည်။ ထိကပ်မိပြီးသောအခါ ဝမ်တာ့ဖန်က အတွင်းအား အနည်းငယ်ထုတ်ကာ အားထည့်ပေးသည်။ ဖိကပ်မိနေသော လက်ဖဝါးတို့၏ အလယ်ဗဟိုလောက်တွင် နွေးထွေးထွေးဖြစ်လာကာ အားအင်လျှိုင်းတစ်ခု ခပ်သာသာ ဖိလာသည်ကို ရန်မိန်ကျန်း သိရှိခံစားရ၏။ ရန်မိန်ကျန်းသည် မော်စကြာအတွင်းအားကျင့်စဉ်နည်းလမ်းအတိုင်း အတွင်းအားများကို စုစည်းကာ တစ်ဖက်မှ ဖိတွန်းလာသည့် အားအင်အတိုင်း တုံ့ပြန်ဖိတွန်းပေးလိုက်သည်။

ဝမ်တာ့ဖန်၏ ဖိတွန်းသောအားနှင့် ရန်မိန်ကျန်း တန်ပြန်တွန်းလိုက်သော အားအင်တို့သည် ဆန့်ကျင်ဘက်တုံ့ပြန်ရမည့်အလား အဆင်ပြေစွာ ရောနှောမိသွားသည်။ ရန်မိန်ကျန်း၏ တစ်ကိုယ်လုံး အထူးပင် လန်းဆန်းတက်ကြွ ကောင်းမွန်သွားသည်။ ဝမ်တာ့ဖန်လည်း ထိုနည်းတူ ခံစားရသည်။

ဝမ်တာ့ဖန်က အတွင်းအား ပိုထည့်လာသည်။ ရန်မိန်ကျန်းကလည်း အတွင်းအားကို ပို၍သုံးကာ တန်ပြန်သည်။ နှစ်ယောက်လုံး အထူးပင်နေလို့ထိုင်လို့ ဝက်သောင့်သက်သာရှိကာ အေးချမ်းမှုကို ခံစားရသည်။



"တော်ပြီ...."

ခဏအကြာတွင် ဝမ်တာ့ဖန်က ပြောကာ လက်ဝါးကို ရုပ်သိမ်း နောက်ဆုတ်သည်။ ရန်မိန်ကျန်းလည်း ဝမ်တာ့ဖန်ကို နားမလည်သလို ကြည့်နေမိသည်။

"သိုင်းမှော်မောင်နှံနဲ့ မင်းနဲ့ ဘယ်လိုပတ်သက်လဲ"

ဝမ်တာ့ဖန်က မေးသည်။

ဤအမေးစကား ကြားလိုက်ရချိန်တွင် လှေသမား၏ လှေလှော်ခတ်မှု လှုပ်ရှားဟန်များသည် သိုင်းမှော်မောင်နှံတို့နှင့် နေထိုင်သော လူငယ်လေးထိုက်အော်၏ သိုင်းဟန်လှုပ်ရှားမှုများနှင့် ဆင်တူနေကြောင်း ရန်မိန်ကျန်း သိရှိလိုက်ရသည်။

"သူတို့က ကျွန်တော့်ကို သိုင်းပညာ သင်ပေးဖူးပါတယ်"

"ဘာသိုင်းပညာတွေ သင်ပေးခဲ့တာလဲ၊ သူတို့နဲ့ ဘယ်လိုဆုံတွေ့ရတာလဲ"

ရန်မိန်ကျန်းက သိုင်းမှော် မောင်နှံတို့နှင့် ဆုံတွေ့ကြရပုံ၊ သိုင်းပညာများသင်ကြားပေးခဲ့ပုံအကြောင်းများကို အကျဉ်းချုပ်ကာ ပြောပြလိုက်သည်။

"ငါဟာ သိုင်းမှော်မောင်နှံတို့ရဲ့ တူတော်မောင်ပဲ၊ သူတို့အသက်ရှည်နေကြသေးတာ သိရလို့ ဝမ်းသာပါတယ်၊ မင်းလဲ သူစိမ်းလူ မဟုတ်တော့ပါဘူး"

ရန်မိန်ကျန်း မျက်လုံးပြူးသွားရပြန်သည်။

* * *

သွေးနီဂေဟာက ရန်မိန်ကျန်းအပေါ် တင်းတင်းမာမာ စိမ်းစိမ်းကားကား မဆက်ဆံတော့ပေ။

သို့သော ဝမ်မိန်ထန်ကိုမူ တွေ့ခွင့်မရ။ ဝမ်မိန်ထန်တွင် ဘင့် နေသော အဆိပ်များနှင့် ရထားသော အတွင်းဒဏ်တို့ သက်သာပျောက်ကင်းရန် တစ်နှစ်ကျော်မျှကြာအောင် အေးစိမ့်လိုဏ်ဂူထဲတွင် ဂူပိတ်နေထိုင်ကာ ကုသရမည်ဟု ဝမ်တာ့ဖန်က ပြောပြသည်။

သွေးနီဂေဟာတွင် ဂေဟာမိသားစုနှင့် မဟုတ်သူ တစ်ယောက်ကို တည်းခိုနေထိုင်ခွင့် ပေးလေ့မရှိကြောင်းကိုလည်း ရန်မိန်ကျန်း သိခဲ့ရသည်၊ ထို့ကြောင့် ရန်မိန်ကျန်းကလည်း အလိုက်သိစွာ တစ်ညသာနေထိုင်လျက် နောက်တစ်နေ့တွင် သွေးနီမောင်မယ်တို့ကို နှုတ်ဆက်ကာ ဂေဟာမှ ထွက်ခွာလာခဲ့သည်။

ဝမ်မိန်ထန်၏ ဒဏ်ရာများသက်သာ ပျောက်ကင်းကာ ကျန်းမာလာလျှင် ပြန်လည်ဆုံတွေ့လိုကြောင်းကိုတော့ သွေးနီမောင်မယ်တို့အား ပြောကြားခဲ့သည်။

လှေသမားက ရန်မိန်ကျန်းကို ဆိပ်ကမ်းအနီးသို့အရောက် ပြန်ပို့ပေးသည်။

ရန်မိန်ကျန်းသည် သိုင်းရေးခုနစ်သွယ်ကျမ်းကို လူမသမာများလက်မှ ပြန်လည် အရယူရန် စိတ်ပိုင်းဖြတ် ထားသည့်အတိုင်း မုကျင်းစန်လိန်တို့ လူစုအကြောင်း ခြေရာခံစုံစမ်းနိုင်ရန်အတွက် မြစ်မိုးတောင်ကြား လွင်ပြင်ဒေသသို့ တစ်ခေါက်ပြန်လာခဲ့လေသည်။

* * *



မြစ်မိုးလွင်ပြင်တောင်ကြားဒေသသို့ ရန်မိန်ကျမ်းရောက်ရှိခဲ့ပြီး တစ်ရက်အကြာတွင် ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့ကို တွေ့ရလေသည်။

လင်းနို့မျက်လုံး ရန်ကျောက်ယုနှင့် လိပ်ပြာမယ် ချန်ဖုန်းအင်းတို့နှစ်ယောက်သည် နဖူးတွင် ပဝါဖြူစည်းကာ အသုဘဝတ်စုံ ဝတ်ဆင်ထားကြသည့်အတွက် ရန်မိန်ကျန်းအံ့သြသွားရလေသည်၊

"ဟင်....ဘိုးဘိုးနဲ့ ဒေါ်လေး၊ ဒါ....ဒါက ဘယ်လိုဖြစ်လို့လဲ၊ ဘယ်သူဆုံးပါးသွားလို့ အသုဘဝတ်စုံ ဝတ်ထားရတာလဲ"

ရန်မိန်ကျန်းက မေးလိုက်သည်။

"ဘယ်သူတွေ ကွယ်လွန်ကုန်ကြတယ်ဆိုတာ မင်းတကယ်မသိဘူးလား"

ချန်ဖုန်းအင်းက ရန်မိန်ကျန်းကို စိန်းစိန်းကြည့်ကာ မေးသည်။ ချန်ဖုန်းအင်း၏အကြည့် အေးစက်မာကျောနေသည်။

"ဟင့်အင်း....ကျွန်တော် ဘာမှမသိရပါလား"

"အစ်မတော်ရယ်၊ အစ်ကိုလတ်ရယ်။ အစ်ကိုလေးရယ် ဆုံးပါးသွားကြပြီလေ"

ရွှေမင်းသမီးလုကျင်းငှက်ဘုရင် ထန်မောက်စူးနှင့်ကြယ်ပျံကန်လီခက်စမ်းတို့ ကွယ်လွန်သွားကြကြောင်း ကြားသိရသောအခါ ရန်မိန်ကျန်း မျက်လုံးပြူးသွားသည်၊ အံ့သြတုန်လှုပ်သည်။

"ဟင်....ဘယ်လိုဖြစ်ပြီး သုံးယောက်လုံး ကွယ်လွန်သွားရတာလဲ"

"ဘယ်လို ဖြစ်ရမှာလဲ၊ သွေးမိစ္ဆာမယ်လေးက သွေးနီ အဆိပ်အပ်နဲ့ ရက်ရက်စက်စက် ပစ်သတ်သွားလို့ပေါ့"

ချန်ဖုန်းအင်းက နာနာကြည်းကြည်း ပြောသည်။ ပြောရင်း ငိုသံပါလာကာ မျက်ရည်များကျလာသည်။

ရန်မိန်ကျန်းမှာတော့ မယုံနိုင်လောက်အောင် ဖြစ်သွားရသည်။

"ဟာ....ဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ ဒေါ်လေးတို့အထင်လွဲမနေကြတာ"

ရန်မိန်ကျန်းက ကမန်းကတန်းပြန်ပြောသည်။

"အထင်လွဲတာမဟုတ်ဘူး၊ ငါတို့ကိုယ်တိုင် မျက်စိနဲ့ မြင်တာ၊ အစ်မတော်ရဲ့ကိုယ်ပေါ်မှာ အဆိပ်အပ်ငါးခု၊ အစ်ကိုလတ် ကိုယ်ပေါ်မှာတော့ ခြောက်ခု၊ အစ်ကိုလေး ကိုယ်ပေါ်မှာတော့ ဆယ်ခု၊ ဘယ်လောက် ရက်စက်လဲ၊ အဆိပ်အပ်တွေနဲ့ ပစ်ခတ်ပြီး ထွက်ပြေးသွားတဲ့ သွေးနီမိစ္ဆာမယ်လေးကို ငါရော အစ်ကိုကြီးရော မြင်လိုက်ရတယ်၊ မင်းကဝင်အကာအကွယ်ပေးပြီး ငြင်းမနေနဲ့"

ချန်ဖုန်းအင်းက အခိုင်အမာပြောနေရာ ရန်မိန်ကျန်း ဘာပြောရမည်မှန်းပင် မသိတော့။

"အဲဒီ ကောင်မလေးအပေါ်မှာ မင်း အတော်ကို သံယောဇဉ် ရှိတယ်ဆိုတာ ငါတို့သိပါတယ်၊ ဒါပေမယ့် သူက အရမ်းကို ရက်စက်ရမ်းကားသွားတယ်ဆိုတော့ သူ ကျူးလွန်ခဲ့တဲ့ အပြစ်ကို သူခံရမှာပဲ၊ ဝမ်မိန်ထန် ဘယ်မှာရှိနေလဲ"

ရန်ကျောက်ယုက ဝင်ပြောသည်။



ချန်ဖုန်းအင်းလိုတော့ နာကြည်းကြေကွဲမှုဖြင့် ဟောဟောဒိုင်းဒိုင်း ပြောဆိုခြင်းမဟုတ်ပါ။ လေသံအေးအေးနှင့် ပြောခြင်း ဖြစ်သည်။ ကျိုးကြောင်းဆီလျော် ခိုင်လုံစွာ ပြောသော စကားများလည်းဖြစ်နေသည်။

သည်လိုရက်စက်ရမ်းကားလှသည့်လုပ်ရပ်မျိုးကိုဝမ်မိန်ထန် ကျူးလွန်လိမ့်မည်ဟု ရန်မိန်ကျန်း မယုံပါ။ ချန်ဖုန်းအင်းတို့ကလည်း အခိုင်အမာကို ပြောဆိုလာနေကြရာ ရန်မိန်ကျန်း အကြီးအကျယ် အကျပ်တွေ့နေသည်။

ဝမ်မိန်ထန် သွေးနီဂေဟာတွင် ရှိနေကြောင်း ပြောလိုက်လျှင် သွေးသောက် ရောင်းရင်းများအတွက် အထူးပင် နာကြည်း ကြေကွဲ ဒေါသထွက်နေသော ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့သည် ချက်ချင်းပင်လိုက်သွားကြမှာ သေချာသည်။ သွေးနီဂေဟာကို ရောက်အောင် သွားနိုင်သည့်တိုင် သူတို့ နှစ်ယောက်အတွက် ကြမ္မာဆိုးသာ ကြုံကြရဖို့ ရှိသည်။ သည်အကြောင်း ပြောလို့မဖြစ်။ သူတို့ကို သေတွင်းသို့ မပို့ပေးနိုင်။

"ပြောလေကွာ၊ ဝမ်မိန်ထန် ဘယ်မှာရှိလဲ၊ သူနဲ့ သွေးကြွေးစာရင်း ရှင်းရမယ်"

ရန်မိန်ကျန်း ဘာမျှ မပြောဘဲ နှုတ်ပိတ် ငြိမ်သက်နေ၍ ချန်ဖုန်းအင်းက မေးပြန်သည်။

ရန်မိန်ကျန်းမှာ ရိုးသားဖြောင့်မတ်သူဖြစ်သည်။ လိမ်ညာ မပြောတတ်။ ဝမ်မိန်ထန် သွေးနီဂေဟာတွင် ရှိနေကြောင်း အမှန်အတိုင်းပြော၍ လုံးဝမဖြစ်ကြောင်းကို သိသည်။ လိမ်ညာ၍လည်း မပြောတတ်။ တကယ့်ကို အကျဉ်းအကျပ်တွေ့နေသည်။

စကားပင် မဟာရဲပါ။ ပါးစပ်ကို တင်းတင်းစေ့ ပိတ်ထားသည်။

ထိုအခါ ချစ်သူရည်းစားအတွက် ၊ အကာအကွယ်ပြုလို၍ ဖြစ်သည်ဟု ရန်ကျော်ကျော်ယုနှင့် ချန်ဖုန်းအင်းတို့က ထင်မှတ်သွားကြလေသည်။

"မင်းက ကိုယ့်ဒေါ်ကြီး ဦးရီးတွေ အသက်သေခဲ့ရတာတောင်မှ ကိုယ့်ရည်းစားကို ကာကွယ်ပေးချင်နေသေးလား၊ ဒါဆို မင်းကိုလဲ လူသတ်ကောင် သွေးမိစ္ဆာမယ်လေးနဲ့တစ်ဖွဲ့တည်း အတူတူပဲလို့ ငါတို့ သတ်မှတ်လိုက်ရမလား"

ချန်ဖုန်းအင်းက ကြိမ်းဝါးသည်။

ရန်မိန်ကျွန်း မျက်စိမျက်နှာပျက်ကာ ခေါင်းကိုသာအတွင်ခါယမ်းနေသည်။

"ကိုင်း....နောက်ဆုံးမေးမယ်၊ သွေးမိစ္ဆာမယ်လေးဘယ်မှာရှိလဲ၊ ပြော...."

ချန်ဖုန်းအင်းက ခက်ထန်စွာ နောက်ဆုံးစကား ဆိုလာလေပြီ။

ရန်မိန်ကျွန်းမှာ မျက်နှာအကြီးအကျယ်ပျက်ကာ ချန်ဖုန်းအင်းနှင့် ရန်ကျော်ကျော်ယုတို့ကို မျက်ရည်ဝဲသော မျက်လုံးများနှင့် ကြည့်နေသည်။

"ဒီလောက်တောင်ဖြစ်နေတာ၊ ကဲဟာ...."

ချန်ဖုန်းအင်း ဒေါသတကြီး ကြိမ်းဝါးကာ ရန်မိန်ကျွန်းကို ညာလက်ဝါးဖြင့် ဖြတ်၍ရိုက်သည်။ အလွန်ပင်ဝမ်းနည်းကြေကွဲကာ နာကြည်းဒေါသ ထွက်နေသောကြောင့် လက်



ဝါးရိုက်ချက်က ရန်မိန်ကျွန်း၏ သေကွင်းသေကွက်နေရာကို တန်းဝင်သည်။

ရန်မိန်ကျွန်းသည် ချန်ဖုန်းအင်းကို တန်ပြန်တိုက်ခိုက်ရန် ဆန္ဒမရှိပါ။ သို့သော် အဆင့်မြင့်သိုင်းပညာများ သင်ကြားလေ့ကျင့်ထားသူတို့၏ သဘာဝအတိုင်း သေကွင်းသေကွက်နေရာကို အန္တရာယ်ပြု ခြိမ်းခြောက်လာ သောအခါ အလိုအလျောက်ပင် တုံ့ပြန်ခုခံမိလေသည်။

ရန်မိန်ကျွန်း၏ညာလက် သူ့ အလိုလိုလှုပ်ရှားသည်။တောင်ဖြိုလက်ဝါးရိုက်ချက် တစ်ချက်ကို ရိုက်ထုတ်ပြီးဖြစ်သည်။

ချန်ဖုန်းအင်း၏ တိုက်ခိုက်လာသော လက်ဝါးရိုက်ချက်အားက ပြင်းထန်လှသလို ရန်မိန်ကျွန်း၏ အလိုလိုတုံ့ပြန်ခုခံသော တောင်ဖြိုလက်ဝါးသိုင်း ရိုက်ချက်ကလည်း တူညီသောအားအင် ပါရှိနေသည်။

"ဖုန်း"

လက်ဝါးရိုက်ချက်နှစ်ခု ဆိုင်မိသည်။

ရန်မိန်ကျွန်းမှာ ပြန်လည်တိုက်ခိုက်ရန်၊ စိတ်ဆန္ဒမရှိဘဲ လက်ဝါးရိုက်ချက်တစ်ချက် အလိုအလျောက် ရိုက်ထုတ်မိလေရာ လက်ဝါးရိုက်မိပြီဟု သိသည်နှင့် ချက်ချင်း လက်ဝါးရိုက်ချက်ကို ပြန်ရုပ်သိမ်း ဖယ်ရှားသည်။

ရန်မိန်ကျွန်းက သိုင်းကွက် ရုပ်သိမ်းဖယ်ရှားသည့် အချိန်မှာ လက်ဝါးနှစ်ခုဆိုင်ကာ ရိုက်မိသွားပြီးချိန် ဖြစ်သည်။

ချန်ဖုန်းအင်းမှာ ဒေါသစိတ်၊ နာကြည်းခံပြင်းစိတ်၊ ဝမ်းနည်းစိတ်တို့ဖြင့် ရှိသမျှအားအင်များ အကုန်အစင်ထုတ်သုံးထားလေရာ အရေးပေါ် ခုခံကာကွယ်ရန် အားအင်ပင် ချန်

မထား။ သည်တော့ လက်ဝါးချင်းဆိုင် ရိုက်မိကာ တန်ပြန်လာသော အားအဟုန်၏ဒဏ်ကို ကောင်းကောင်းကြီးခံလိုက်ရသည်။

ချန်ဖုန်းအင်းနောက်သို့ လွင့်ထွက်ကာမြေကြီးပေါ် ဗိုင်းခနဲ လဲကျသည်။

ရန်မိန်ကျန်းမှာတော့ လက်ဝါးချင်း ဆိုင်ရိုက်မိသည်နှင့် သိုင်းကွက်ကို ပြန်သိမ်းလိုက်လေရာ တန်ပြန်အား၏ ဖိနှိပ်မှုကို သိပ်မခံရတော့။ အနည်းငယ်ယိမ်းယိုင်သွားရုံသာ ရှိသည်။

ကိုယ့်အားအရှိန်အဟုန်ကို ကိုယ်မထိန်းနိုင်ဘဲ အားလွန်အရှိန်လွန်လို ဖြစ်သွားသော ချန်ဖုန်းအင်းမှာ အတော်လေးပင် အထိနာသည်။ လဲကျရာမှ ပြန်မထနိုင်။

ရန်မိန်ကျန်းမှာလည်း လက်လွန်ခြေလွန် ဖြစ်သွားလေပြီလားဟု ထိတ်လန့်သွားသည်။

"မင်း....တော်တော် ရက်စက်ပါလား"

ရန်ကျောက်ယုက ပြောကာ ဓားရှည်ကို ဆွဲထုတ်သည်။

အခြေအနေ ဘယ်လိုမှ မကောင်းနိုင်တော့သည်ကို ရန်မိန်ကျန်း နားလည်သွားသည်။ ယခုလိုအချိန်တွင် ဖြေရှင်းပြောဆို၍လည်း ဘယ်လိုမှ ရနိုင်မည်မဟုတ်။ အကောင်းဆုံးကရှောင်ထွက်သွားခြင်းသာ ဖြစ်သည်ဟု နားလည်သည်။

ထို့ကြောင့် ရန်မိန်ကျန်းသည် ချာခနဲလှည့်ကာ သုတ်ခြေတင်၍ ပြေးလေတော့သည်။

ရန်ကျောက်ယုသည် ရန်မိန်ကျန်းနောက်သို့ ဓားဆွဲကာ ပြေးလိုက်မည်ပြုသေးသည်။ သို့သော် ချန်ဖုန်းအင်း လဲကျနေ



သည့်ကို သတိရသည့်အတွက် ခြေလှမ်းရပ်ကာ ချန်ဖုန်အင်းကို ဖေးမထူပေးမည်ပြုသည်။

"ဟိုကောင်လေး နောက်ကိုသာလိုက်၊ ကျွန်မကို အရေးမစိုက်နဲ့"

ချန်ဖုန်းအင်းက ပြောလိုက်လေသေးသည်။

သို့သော် ထိုအချိန်တွင် ရန်မိန်ကျန်း၏အရိပ်အယောင်ပင် မမြင်ရဘဲ အဝေးသို့ ရောက်သွားလေပြီ။

* * *

ရန်မိန်ကျန်း အကြီးအကျယ်ကို စိတ်ညစ်ညူးနေသည်။

ရွှေမင်းသမီးလုကျင်း၊ ငှက်ဘုရင် ထန်မောက်စူးနှင့် ကြယ်ပျံ ကန်လီခက်စမ်းတို့ကို ဝမ်မိန်ထန် ရန်ပြု သတ်ဖြတ်ခြင်းမဟုတ်ကြောင်းကို သူကောင်းကောင်းသိသည်။ ဝမ်မိန်ထန်သည် အဆိပ်လည်းသင့် အတွင်းဒဏ်လည်းရကာ သူနှင့်အတူ တစ်ချိန်လုံး ရှိနေခဲ့သည် မဟုတ်ပါသား။

သို့သော် ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့က သူတို့ကိုယ်တိုင် မျက်မြင်တွေ့ခဲ့ရသည်ဟု အသေအချာပြောဆို စွပ်စွဲနေသည်။ ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့မှာ မဟုတ်တာမပြော။ အမှန်ကိုအမှန်အတိုင်းပြောဆိုတတ်သူတွေဖြစ်ကြောင်း သိထားသည့်အတွက်လည်း သူတို့၏စွပ်စွဲချက်ကို ချေဖျက်ဖို့ခက်နေသည်။

သည်ကိစ္စတွင် အထင်လွဲမှု၊ ဒါမှမဟုတ် လျှို့ဝှက်ချက်တစ်ခုခုရှိနိုင်မည်ဟုတော့ ရန်မိန်ကျန်းစဉ်းစားမိသည်။ သို့သော်

ကွက်ကျော်လည်းမမြင့်တတ်။ ရိုးရိုးစင်းစင်းသာ တွေးတော တတ်သော ရန်မိန်ကျန်းအနေဖြင့် ဘယ်နည်းဘယ်ပုံ အထင် လွဲမှုဖြစ်ရသည်ကို ဖော်ထုတ်ရခက်နေသည်။ ဘယ်လိုတွေ့ ဖွက် ချက်ရှိမည်ကိုလည်း မကြံဆနိုင်။

ရန်မိန်ကျန်းသည် မုကျင်းစန်လိန်တို့လူစုကို လိုက်လံစုံစမ်း ရှာဖွေပါသေးသည်။ သို့သော် မုကျင်းစန်လိန်တို့၏ ခြေရာကို တော့မတွေ့ရ။ မိမိကို လိုက်လံရှာဖွေနေသော ရန်ကျောက်ယု နှင့် ချန်ဖုန်းအင်းတို့ကိုသာ ရှောင်နေတိမ်းနေရသည်။

ရန်ကျောက်ယုတို့က မိမိကိုသဲကြီးမဲကြီးပင် လိုက်ရှာနေ ကြသည်ကိုလည်း သိလာသည်။ သည်အတွက် စိတ်မကောင်း။ သည်ကိစ္စအရှုပ်အထွေးကိုလည်း မဖြေရှင်းတတ်။ မြစိမ်းလွင် ပြင်တောင်ကြားဒေသတွင် ဆက်လက်လှုပ်ရှား စုံစမ်းနေလျှင် တစ်နေ့မဟုတ်တစ်နေ့ ရန်ကျောက်ယုတို့နှင့် ဆုံမိနိုင်သည်မို့ နောက်ဆုံးတွင် ရန်မိန်ကျန်းသည် ထိုဒေသမှ ထွက်ခွာခဲ့လေ တော့သည်။

ဘယ်ကိုသွားရမည်မှန်းမသိဘဲ ယောင်လည်လည် ဖြစ်နေ သေးသည်။ နောက်ဆုံးတော့သစ်ရွက်ကြွေလျှင်ပင်စည်အောက် ခြေသို့ရောက်ရသည်ဆိုသော စကားကဲ့သို့ မိမိ၏နေအိမ်ဖြစ် သော လိုရန်မြို့ရှိ ကြယ်တံခွန်ဂိုဏ်းဌာနချုပ်စခန်းသို့ ပြန် လည်ရောက်ရှိသွားခဲ့လေတော့သည်။

* * *

ကြယ်တံခွန်ဂိုဏ်းဌာနချုပ်စခန်းသို့ ရောက်သွားပြီးနောက် ရန်မိန်ကျန်းသည် အခန်းအောင်း၍နေသည်။ အပြင်သို့မထွက်



တော့။ မိမိ၏အခန်းထဲတွင်ပင် နေထိုင်စားသောက်ကာ သိုင်း လေ့ကျင့်မှုများလုပ်သည်။

သိုင်းတေလေ(၃)ယောက်တို့ သေဆုံးခဲ့ရမှု၏ လက်သည် တရားခံအစစ်ကို ဘယ်လိုဖော်ထုတ်ရမည်နည်းဟုလည်း နေ့ စဉ်နှင့်အမျှ အကြံထုတ်ကာ စဉ်းစားနေသည်။

မိဘနှစ်ပါးကိုတော့ ဖြစ်ပျက်ခဲ့ပုံအကြောင်းများကို ပြော မပြ။ မိမိသင်ကြားခဲ့ရသောသိုင်းပညာများ ကြေညက်ကျွမ်း ကျင်စေရန် အခန်းအောင်းကာ အချိန်ယူလေ့ကျင့်လိုသည့် သဘောမျိုးသာ ပြောဆိုထားခဲ့သည်။

ဝမ်မိန်ထန်နှင့် ပြန်ဆုံတွေ့ရလျှင် ဤကိစ္စကို ဖြေရှင်းရန် နည်းလမ်းကောင်း၊ အကြံဉာဏ်ကောင်း တွေ့ရနိုင်မည်ဟု ရန်မိန်ကျန်းကမျှော်လင့်သည်။ သေနှီဂေဟာတွင် ဂူအောင်း ကာ ဒဏ်ရာများကုသနေသော ဝမ်မိန်ထန် ပြင်ပလောကသို့ ထွက်လာနိုင်မည့်အချိန်ကိုသာ စောင့်လင့်နေရလေသည်။

သိုင်းရေးခုနစ်သွယ်ကျမ်းကို အရပြန်ယူရေးကိုလည်း ရန် မိန်ကျန်းမမေ့ပါ။ သည်ကိစ္စတွေဖြေရှင်းရာတွင် သိုင်းပညာ အစွမ်းအစ ထက်မြက်မြင့်မားမှုက များစွာအထောက်အကူ ပြုနိုင်ကြောင်းကိုလည်း စဉ်းစားမိသောကြောင့် ဝမ်မိန်ထန် နှင့် ပြန်မဆုံရသေးမီ သိုင်းလေ့ကျင့်မှုများကို အထူးအရေး စိုက်ကာ ဖိဖိစီးစီးလုပ်သည်။

အသုံးတည့်လိုတည့်ငြား ရုပ်ပြောင်းရုပ်လွှဲလုပ်မှုနည်းလမ်း ပညာများကိုလည်း ရန်မိန်ကျန်း လေ့လာဆည်းပူးနေလေ

သေးသည်။ သို့သော် သူသည် ပင်ကိုစိတ်ထား ရိုးဖြောင့်တာ မှန်မှန်ကန်ကန်လုပ်ဆောင်တတ်သူဖြစ်လေရာ ရုပ်ပြောင်းရုပ်လွှဲပြုကာ လှည့်စားပရိယာယ်ဆင်ရသည့် အလုပ်များမှာ အသုံးတည့်မတည့်တော့ သိပ်မသေချာပါ။

ဤသို့ဖြင့် တစ်နှစ်တာမျှ အချိန်ကုန်လွန်သွားခဲ့သည်။

★

## အခန်း (၆)

တစ်နှစ်တာအချိန်ကုန်သွားသည်။

ဝမ်မိန်ထန်၏ ဒဏ်ရာများလည်း သက်သာပျောက်ကင်းလောက်ပြီမို့ ဝမ်မိန်ထန်နှင့်ဆုံနိုင်ရန် သိုင်းလောကသို့ တစ်ခေါက်ပြန်ထွက်ရန် ရန်မိန်ကျန်းစီစဉ်ပြင်ဆင်လေတော့သည်။

မိမိ၏သိုင်းပညာလေ့ကျင့်မှုများ ပြီးမြောက်အောင်မြင်ပြီမို့ သိုင်းလောကအတွေ့အကြုံ ဆည်းပူးရန် ခရီးရှည်ထွက်လိုကြောင်း မိဘများကို ပြောဆိုခွင့်ပန်ထားပြီးလည်းဖြစ်သည်။

ရန်မိန်ကျန်း ခရီးရှည်မထွက်မီ တစ်ရက်အလိုတွင် ကြယ်တံခွန်ဂိုဏ်းဌာနချုပ်စခန်းသို့ ထူးဆန်းသောဧည့်သည်တစ်ဦး ရောက်ရှိလာသည်။

ထိုဧည့်သည်မှာ ယိလုဝမ်ပင်ဖြစ်သည်။

ရန်ကျောက်ထိုင်းနှင့် ထူးပိန်ကျင်းတို့ဇနီးမောင်နှံက ဧည့်ခန်းဆောင်ကြီးတွင် ယိလုဝမ်ကိုလက်ခံတွေ့ဆုံရာ ရန်မိန်ကျန်းလည်း မိဘနှစ်ပါးနှင့်အတူ ဧည့်ခံရလေသည်။

ယိလုဗမ် ရောက်လာခြင်းသည် သားရေး သမီးရေးကိစ္စ စကားပြောရန်များ ဖြစ်လေမည်လားဟု ရန်မိန်ကျန်းတွေး၍ ပူပန်နေမိသည်။ စေ့စပ်ကြောင်းလမ်းရေးကိစ္စ စကားစ လာလျှင် ဘယ်လိုဝင်ပြောရမည်ကိုတော့ ရန်မိန်ကျန်း မသိပါ။ အတော်ပင် စိတ်ကျဉ်းကျပ်၍နေလေသည်။

နှစ်ပေါင်းများစွာ ကွဲကွာနေရကာ အသက်ရှင်လျက်ပင် မရှိတော့ဟု ထင်နေခဲ့သော မိတ်ဟောင်း ဆွေဟောင်းကို ပြန်လည်တွေ့ဆုံရသောကြောင့် ရန်ကျောက်ထိုင်းနှင့် ထူးပိန်ကျင်းတို့ ဇနီးမောင်နှံကတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။

ယိလုဝမ်က မိမိနှင့် သမီး ချန်မေလင်တို့ကို တစ်ကိုယ်မယ် မုယောင်ဝါးက ကူညီကယ်တင်ခဲ့ပုံအကြောင်းများကို ပြောပြသည်။ ရန်မိန်ကျန်းနှင့် မြစိမ်းလွင်ပြင်ဒေသတွင် ဆုံတွေ့ခဲ့ရပုံအကြောင်းကိုတော့ ထုတ်ဖော်မပြော။

“သမီးလေး ချန်မေလင်လဲ ဘေးကင်း ရန်ကင်း ရှိတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်၊ အခုဆိုရင် သူလဲ အရွယ်ရောက်ပြီး မိန်းမချော မိန်းမလှတစ်ယောက် ဖြစ်နေရောပေါ့၊ ဘာဖြစ်လို့ ချန်မေလင်ကိုပါ အတူခေါ်မလာခဲ့တာလဲ”

ထူးပိန်ကျင်းက ပြောသည်။

သားရေးသမီးရေးကိစ္စ အစပျိုးလာလေပြီမို့ ရန်မိန်ကျန်း အနေခက်လာသည်။ ရင်တထိတ်ထိတ်လည်း ဖြစ်နေလေသည်။

“ပြောရမှာ ရှက်လဲရှက် အားလဲနာပါတယ်၊ ချန်မေလင်နဲ့ ရန်မိန်ကျန်းတို့ကို စေ့စပ်ကြောင်းလမ်းပေးဖို့ နှစ်ဖက်သဘော



တူထားခဲ့တဲ့ကိစ္စဟာ မဖြစ်နိုင်တော့ပါဘူး၊ ကျွန်မကိုပဲ အပြစ်တင်ကြပါ၊ ကျွန်မ တောင်းပန်ရမှာပါ”

ယိလုဝမ်က ဤစကားများကို ပြောချလိုက်သောအခါ ရန်ကျောက်ထိုင်းနှင့် ထူးပိန်ကျင်းတို့ ဇနီးမောင်နှံ အံ့သြတုန်လှုပ်ကုန်ကြသည်။ ရန်မိန်ကျန်းကတော့ ကျိတ်၍ဝမ်းသာသည်။ ရင်ထဲမှ အလုံးကြီးလည်း ကျသွားရသည်။

“ဟင်....ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်လို့လဲ”

ထူးပိန်ကျင်းက မေးသည်။

“ကျွန်မ ဆုံးမတာ ညံ့ဖျင်းလို့ပါ၊ ချန်မေလင်ဟာ တစ်ကိုယ်မယ် မုယောင်ဝါးရဲ့ လက်ပေါ်မှာ အရွယ်ရောက်ကြီးပြင်းလာရလို့ တစ်ကိုယ်မယ် မုယောင်ဝါးလို စိတ်ထားစရိုက်မျိုး ရှိနေပါတယ်၊ အခု ချန်မေလင် အိမ်ထောင်ကျသွားပါပြီ”

“ဟင်....ဟုတ်လား”

“ရှက်ရှက်နဲ့ပဲ ဝန်ခံရမယ်ဆိုရင် သူ အိမ်ထောင်ကျသွားတာကိုတောင် ကျွန်မ မသိခဲ့ရပါဘူး၊ ကလေးမီးဖွားတဲ့ အခါကျမှပဲ သိရတာပါ”

ရန်ကျောက်ထိုင်းတို့ ဇနီးမောင်နှံ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ တစ်ကိုယ်မယ် မုယောင်ဝါး အကြောင်းကိုတော့ သူတို့ ကောင်းကောင်း သိကြသည်။ မုယောင်ဝါး၏ ကျွေးမွေးစောင့်ရှောက်မှုဖြင့် လူလားမြောက်ကြီးပြင်းလာသော ချန်မေလင် ဘယ်လိုစိတ်ထား စရိုက်မျိုး ရှိမည်ဆိုခြင်းကိုလည်း နားလည်ကြသည်။

"အင်း....မိုးနတ်မင်း ဖန်တီးသမျှပေါ့ဗျာ၊ ဘဝကံကြမ္မာက ဒီလိုမျိုးပဲရှိလာတာကိုး၊ ကျုပ်တို့ကို ဘာမှ အားနာစရာ မလိုပါဘူး၊ ဒါနဲ့ ချန်မေလင်ရဲ့ ခင်ပွန်းက ဘယ်သူများလဲ"

ရန်ကျောက်ထိုင်းက မုတ်ဆိတ်မွေးများကို အသာသပ်ကာ ပြောသည်။

"ကျောက်စိမ်းနဂါး ဂေဟာရှင်ကြီးရဲ့ သားတော်မောင်လင်ယန်ပင်းပါ"

"ဪ.... မျိုးကောင်းရိုးကောင်း လူတော်လေးပေပဲ၊ ဒါနဲ့ ချန်မေလင်က ဘာလေးမွေးတာလဲ၊ ယောကျ်ားလေးလား၊ မိန်းကလေးလား"

"အမြွာပူး မွေးတာပါ၊ အကြီးက ယောကျ်ားလေး၊ လင်စန်းကိုလို့ နာမည်ပေးထားတယ်၊အငယ်က မိန်းကလေး၊ နာမည်ကိုတော့ လင်ရှန်းလို့ မှည့်ထားတယ်"

"အမြွာပူး မြေးလေးတွေအတွက် ဂုဏ်ပြုပါတယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ စေ့စပ်ကြောင်း လမ်းဖို့ ကိစ္စမဖြစ်မြောက်တော့ဘူးဆိုတော့ ဒီအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကိုလဲ ကျွန်မ ဝမ်းနည်းစွာနဲ့ ပြန်ပေးပါရစေ"

ယိလုဝမ်က အဆိပ်ဖြေ မြစိမ်းကျောက်ဆွဲပြား ထုတ်ပေးသည်။

"ကံကြမ္မာက အခွင့်မပေးလို့ ရန်မိန်ကျန်းနဲ့ ချန်မေလင်တို့ လက်မထပ်ကြရပေမယ့် နှစ်ဖက်ဘိုးဘွား အစဉ်အဆက်အပြန်အလှန် ခင်မင်ရင်းနှီးခဲ့တာတွေ ဆက်လက်ရှင်သန်နေစေဖို့ သူတို့နှစ်ယောက်ကို သွေးသောက်မောင်နှမ ဖြစ်စေချင်



ပါတယ်၊ ဒီဆွဲပြားကိုလဲ သွေးသောက်မောင်နှမဖွဲ့တဲ့ အထိမ်းအမှတ်အဖြစ် ချန်မေလင်ကို ပြန်ပေးလိုက်ပါ၊ ရွှေစင်ဓားပျံကိုတော့ သွေးသောက်မောင်နှမဖွဲ့တဲ့ အထိမ်းအမှတ်အဖြစ် ရန်မိန်ကျန်းက ယူထားပါလိမ့်မယ်"

ရန်ကျောက်ထိုင်းက ပြောသည်။

"သားနဲ့ ဖူးစာမပါလို့ ချန်မေလင်ကို ချွေးမ မတော်ရပေမယ့် သားရဲ့ သွေးသောက်ညီမဆိုတော့ ကျွန်မတို့ရဲ့ သမီးသဘောတော့ ဖြစ်လာမှာပေါ့"

ထူးပိန်ကျင်းကလည်း ဝင်ပြောသည်။

"ရှင်တို့က ဒီလိုဆန္ဒရှိနေတယ်ဆိုတော့ ကျွန်မအနေနဲ့လဲ ဘာမှပြောစရာ မရှိတော့ပါဘူး"

ဤသို့ဖြင့် ရန်မိန်ကျန်းနှင့် ချန်မေလင်တို့ကို သွေးသောက်မောင်နှမများအဖြစ် နှစ်ဖက်မိဘများကအသိအမှတ်ပြုကြလေသည်။

ယိလုဝမ်သည် ကြယ်တံခွန်ဂိုဏ်းဌာနချုပ်တွင် တစ်ညအိပ်သည်။ နောက်နေ့တွင်တော့ ယိလုဝမ် ထွက်ခွာသွားပြီး မရှေးမနှောင်းမှာပင် ရန်မိန်ကျန်းလည်း ကြယ်တံခွန်ဂိုဏ်းဌာနချုပ်စခန်းမှ ထွက်လာခဲ့လေသည်။

* * *

ရန်မိန်ကျန်းသည် ဟိုဟိုသည်သည် ခရီး မဆန့်သေးဘဲ ဆိပ်ကမ်းနီသို့သွားရောက်သည်။ ဒဏ်ရာများ ပျောက်ကင်း၍

ကျန်းမာလာသော ဝမ်မိန့်ထန် သွေးနီဂေဟာမှထွက်လာလျှင် ဆိပ်ကမ်းနီကိုတော့ မရောက်မနေ ရောက်လာရမည် ဟူသော တွေးဆချက်ဖြင့် လာစောင့်နေခြင်းဖြစ်သည်။

ဆိပ်ကမ်းနီသို့ ရန်မိန့်ကျန်းရောက်တော့ မည်သူမျှ ရှိမနေပါ။ လူရိပ်လူရောင်လည်း မမြင်ရ။ သို့သော် ရန်မိန့်ကျန်းက စိတ်မပျက်။ ဆိပ်ကမ်းနီအနားတွင် ယာယီတဲလေးတစ်ခု ထိုးကာ စိတ်ရှည်ရှည်နှင့်စောင့်ဖွနရန် ပြင်ဆင်သည်။

အချိန်ယူစောင့်ဆိုင်းရန် စိတ်ကူးရှိသည့်အတိုင်းတစ်ပတ်စာ စားနပ်ရိက္ခာများလည်း ပါရှိလာသည်။ အနီးဝန်းကျင်တောတောင်ထဲမှ ရှာဖွေရရှိနိုင်သည့်အစာရေစာများ ဖြည့်စွက်ကာ ခြိုးခြိုးခြံခြံ စားသောက်မည်ဆိုပါက တစ်လနှစ်လလောက်တော့ ကောင်းစွာသောက်နိုင်ပေလိမ့်မည်။

ရက်ရှည်ရှည်စောင့်ရန် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့သော်လည်း တကယ်တမ်းတော့ တစ်ရက်ပြည့်အောင်ပင် မစောင့်လိုက်ရပါ။

ဆိပ်ကမ်းနီသို့ ရန်မိန့်ကျန်း ရောက်ရှိခဲ့သည့်နေ့၏ မွန်းလွဲပိုင်းအချိန်မှာပင် တောင်ကျချောင်းရေ အဟုန်အတိုင်း မျှော်တော့မတတ် လျင်မြန်စွာ စုန်ဆင်းလာသော သံလှေကလေးကို လှမ်းမြင်ရသည်။

သည်မျှ တိုက်တိုက်ဆိုင်ဆိုင် မြန်မြန်ဆန်ဆန် ဆုံရလိမ့်မည်ဟု ထင်မထားခဲ့သော ရန်မိန့်ကျန်း အံ့ဩဝမ်းသာသွားသည်။ အဝေးဆီမှ မြင်နေရသော သံလှေကလေးကို ရင်ခုန် စိတ်လှုပ်ရှားစွာ လှမ်းကြည့်နေသည်။



အလှမ်းဝေးသောကြောင့် သံလှေပေါ်ပါလာသူကိုတော့ မမြင်မသိနိုင်သေး။ ဝမ်မိန့်ထန် ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် သွေးနီဂေဟာမှ အခြားလူတစ်ယောက်ယောက်လည်း ဖြစ်ချင်ဖြစ်မည်။

ရန်မိန့်ကျန်း၏ စိတ်ထဲတွင်တော့ သံလှေလေးပေါ်တွင် ပါလာသူမှာ မိမိ၏ချစ်သူ ဝမ်မိန့်ထန်ဖြစ်ရမည်ဟု ယုံကြည်နေပါသည်။ ကမ်းပါးအစပ်တွင်ရပ်ကာ သံလှေလေး ရောက်အလာကို စောင့်လင့်နေသည်။

ရေစုန်မို့ သံလှေလေး၏အသွားနှုန်းကလည်းမြင်းကောင်းတစ်ကောင် ကစုန်စိုင်းသလိုမြန်သည်။ တစ်ခဏတွင်ပင် နီး၍နီး၍လာသည်။ ရေမှုန်ရေမွှားများ ထနေမှုကြောင့် နီးကပ်လာသော်လည်း လှေပေါ်တွင် ပါလာသူကိုတော့ ပီပီထင်ထင် မမြင်နိုင်။ ရေစက်ရေပေါက်တို့က မြင်ကွင်းကို ဝိုးဝါးစေသည်။

"ညီမ မဟုတ်လားဟင်၊ ညီမ ဝမ်မိန့်ထန် မဟုတ်သား"

သေချာအောင် ရန်မိန့်ကျန်းက လှမ်းအော်မေးလိုက်သည်။ တဝုန်းဝုန်း မြည်နေသော ရေစီးသံကို လွှမ်းသွားအောင် အတွင်းအားထည့်ကာ အော်ဟစ်လိုက်သည့်အသံက ပတ်ဝန်းကျင်တစ်ခုလုံးကို ဟိန်းသွားစေသည်။

"ဟုတ်တယ်အစ်ကို ကျွန်မပဲ၊ ကျွန်မ ရောက်လာတော့မယ်"

ဝမ်မိန့်ထန်၏ ပြန်လည်အော်ဟစ်ပြောဆိုလိုက်သံကို ရန်မိန့်ကျန်း ကြားရသည်။ ရန်မိန့်ကျန်း ဝမ်းသာလွန်း၍ ထပင်ခုန်မိသည်။

မကြာမီ သံလှေသည် ဆိပ်ကမ်းနီသို့ ထိုးဆိုက်လာသည်။ ဝမ်မိန်ထန် လှေဝယ်ပေါ်မှ ခုန်ဆင်းလာသည်။

"ဒဏ်ရာတွေ ပျောက်သွားပြီလား၊ နေကောင်းလာပြီ နော်"

ရန်မိန်ကျန်းက အားရဝမ်းသာပင် ဆီး၍မေးသည်။

"အင်း....ကောင်းသွားပြီ၊ အစ်ကိုက ကျွန်မကို လာစောင့် နေတာကိုး၊ ဒီနေရာမှာ အစ်ကို့ကို တွေ့ရလိမ့်မယ်လို့ မထင် ဘူး သိလား"

ဝမ်မိန်ထန်ကလည်း ရွှင်မြူးစွာပြန်ပြောသည်။

လှေသမားကတော့ လှေငယ်ကို ပြန်ကွေ့ကာ ရေစီးမြင်း သော တောင်ကျ စမ်းချောင်းအတိုင်း ပြန်ဆန်၍ လှော်ခတ် တက်သွားသည်။

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့နှစ်ယောက်မှာ စကား လက် ဆုံ ပြောမကုန်နိုင်အောင် ရှိနေသည်။ ဝမ်မိန်ထန်ကို ကျန်းမာ ရွှင်လန်းစွာပြန်လည်ဆုံတွေ့ရသောကြောင့် အလွန်ပင် ဝမ်းသာ ပျော်ရွှင်နေလေရာ သိုင်းတောလေသုံးယောက် သေဆုံးခဲ့ရပုံတို့ အကြောင်းနှင့် ပတ်သက်၍ ပြောဆိုမေးမြန်းခြင်းပင် မပြုနိုင် သေးပါ။

သည်ကိစ္စကို အေးအေးဆေးဆေးမှ ဖြေးဖြေးချာချာ ပြော ဆို မေးမြန်းမည်ဟု စိတ်ကူးထားသည်။ ချန်မေလင်နှင့်စေ့စပ် ရန် သဘောတူထားမှု ပျက်ပြားသွားသည့် အကြောင်းကို အရင်ပြောပြီးမှ သိုင်းတောလေတို့သေဆုံးခဲ့ရပုံကို ပြောပြကာ မေးမြန်းရန် ကြံရွယ်ထားသည်။



"ညီမကိုပြောရဦးမယ်၊ ချန်မေလင် အိမ်ထောင်ကျသွားပြီ၊ အမြွာပူး သားတစ်ယောက် သမီးတစ်ယောက်တောင် မွေး တယ်"

"ဟုတ်လား၊ ဒါဆို အစ်ကိုနဲ့သူနဲ့ ဘယ်လိုမှ ပတ်သက်မှု မရှိတော့ဘူးပေါ့၊ ကောင်းတယ် ကောင်းတယ်"

"အဲဒီလိုတော့မဟုတ်ဘူး၊ သူနဲ့တို့နဲ့ သွေးသောက်မောင် နှမ ဖွဲ့လိုက်တယ်"

"ခစ် ခစ် ခစ်၊ ဒါဆို သူ့ကို ယောက်မ တော်ရဦးမှာ ပေါ့"

"သူက တို့ရဲ့ သွေးသောက် ညီမတစ်ယောက် ဖြစ်နေပြီ ဆိုတော့ သူ လမ်းမှားကိုရောက်ပြီး တိုင်းတစ်ပါးသားတွေနဲ့ ပူးပေါင်းသွားမှာကိုတော့ အတတ်နိုင်ဆုံး တားဆီးရမှာပဲ၊ သိုင်းရေးခုနစ်သွယ်ကျမ်းကို အသုံးချပြီး သူ့ကို ပြန်ဆွဲဆောင် ခေါ်နိုင်လိမ့်မယ်လို့ပဲ မျှော်လင့်ရတယ်"

"အစ်ကို မျှော်လင့်ထားသလိုဖြစ်လာရင်တော့ ကောင်း တာပေါ့လေ"

"ညီမကို ပြောစရာတစ်ခုရှိသေးတယ်"

ရန်မိန်ကျန်းက သိုင်းတောလေသုံးယောက်တို့ သေဆုံးခဲ့ရ ပုံအကြောင်း ပြောရန် စကားစသည်။

"ပြောလေ"

ရန်မိန်ကျန်း၏ မျက်နှာအမူအရာ အထူးပင် လေးနက် တည်ကြည်သွားသည်။ ဝမ်မိန်ထန်မှာ ရန်မိန်ကျန်း ရုတ် တရက် အမူအရာ ပြောင်းသွားသည်ကို နားမလည်နိုင်တဲ့

မျက်မှောင်လေး ကြုတ်မိလေသည်။ ဘာများပြောမည်နည်းဟု နားစွင့်နေသည်။

ရန်မိန်ကျန်းသည် ပြောစရာစကားများကို စဉ်းစားရွေးချယ်နေသည်။ ပင်ကိုကပင် စကားကို ရေရေလည်လည် သိပ်ပြောတတ်သူ မဟုတ်သည့်အတွက် အလွန်အရေးကြီးသောကိစ္စကြီးနှင့် ပတ်သက်၍ သင့်တင့်ဆီလျော်မည့် စကားလှလှများကို စဉ်းစား၍မရ။

ပြောတတ်သလိုသာ ပြောချရပေတော့မည်။

သို့သော် ရန်မိန်ကျန်း၏ ပါးစပ်မှ စကားလုံးများ ထွက်မလာမီမှာပင် သူတို့မထင်မှတ်သော အန္တရာယ်များ ပေါ်ပေါက်လာလေတော့သည်။

* * *

ချုံပုတ်များအကြားမှ လူနှစ်ယောက် တစ်ဟုန်ထိုးပြေးထွက်လာသည်။ နှစ်ယောက်က ဝမ်မိန်ထန်ကို အတင်းပင်ဝင်ရောက်တိုက်ခိုက်သည်။

ရုတ်တရက်ပေါ်လာကာ အတင်းဝင်ရောက် တိုက်ခိုက်လာသည့်အတွက် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ အငိုက်အမိခံလိုက်ရသလို ဖြစ်သည်။ ရန်မိန်ကျန်းသည် ပြေးဝင်တိုက်ခိုက်လာသူနှစ်ယောက်ကို ဘယ်ညာ လက်ဝါးများဖြင့် ပိတ်ဆို့ရိုက်နှက်သည်။ ဝမ်မိန်ထန်က အလန့်တကြားပင် ကိုယ်ကိုမြေတွင်လှိမ့်ကာ ရှောင်သည်။



ဖြုန်းခနဲပေါ်လာကာ အတင်းဝင် တိုက်ခိုက်ကြသူ နှစ်ယောက်တွင် တစ်ယောက်က ဓားရှည်ကိုင်လျက် တစ်ယောက်က ကျာပွတ်ရှည် ကိုင်ထားသည်၊ ဝမ်မိန်ထန် မြေလှိမ့်ရှောင်ထွက်သွားရာတွင် ဓားရှည်က သူမ၏ ဘယ်လက်မောင်းကို ရှပ်၍ ခုတ်မိသည်။ ကျာပွတ်ကတော့ သူမ၏ညာဘက်နံစောင်းကို ခပ်ပြင်းပြင်း ဖြတ်ရိုက်မိသည်။

လှိမ့်ရှောင်သည့်အချိန်တွင် ကျာပွတ်ရိုက်ချက်အားက ရောစွက်ကာ သူမ လှိမ့်၍ထွက်သွားသည်။ ဓားချက် အထိခံရသည့် ဒဏ်ရာက သိပ်မများသော်လည်း သွေးများကတော့ ဖြာထွက်သည်။

အတင်း ပြေးဝင် တိုက်ခိုက်ကြသူ နှစ်ယောက်မှာလည်း ရန်မိန်ကျန်း ဖြတ်ကာ ပိတ်ဆို့ရိုက်နှက်လိုက်သည့် လက်ဝါးရိုက်ချက်များ အသီးသီးအထိခံရကာ နောက်သို့ ယိမ်းယိုင်ကုန်သည်။

သွေးများဖြာထွက်လာသည်ကို မြင်ရသောအခါ၊ ရန်မိန်ကျန်း အရမ်းကို စိုးရိမ်ပူပန်သည်။ ထိုသူနှစ်ယောက်ကို ထပ်ဆင့် တိုက်ခိုက်မှုများ မလုပ်နိုင်ရန်၊ အပြတ်တားဆီးရန်အကြံဖြင့် လက်ဝါးကိုပြင်ကာ ရင်ဆိုင်သည်။

သို့သော်....

ထိုလူနှစ်ယောက်မှာ ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့ ဖြစ်နေကြောင်း တွေ့မြင်သိရှိသွားရာ တိုက်ခိုက်တော့မည့်အချိန် ချက်ချင်းတုံ့ရပ်သည်။

မျက်လုံးအပြူးသားနှင့် ရန်ကျော်ကယ်ုတို့ကို ကြည့်သည်။
"တောက်....မင်း"

ရန်ကျော်သက ဒေါသတကြီး ထိခိုက်ခံမြင်းစွာတောက်ခေါက်သည်။ ချန်ဖုန်းအင်းကတော့ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများနှင့် ရန်မိန်ကျန်းကို ကြည့်သည်။ ရန်မိန်ကျန်းမှာ ဘာလုပ်၍ ဘာပြောရမည်မသိ။ ကြောင်အမ်းအမ်းနှင့် ကျောက်ရုပ်ကြီးလို ရပ်နေသည်။

ချန်ဖုန်းအင်းသည် လိမ့်ထွက်သွားသော ဝမ်မိန်ထန်ရှိရာသို့ လွှားခနဲခုန်ဝင်သွားသည်။

"ဒေါ်လေး မလုပ်နဲ့"

ရန်မိန်ကျန်းက အော်ဟစ်ရင်း ချန်ဖုန်းအင်းကို အတင်းလိုက်ဆွဲသည်။ ဆွဲ၍မရ။ ချန်ဖုန်းအင်းက ခုန်လွှား ်ဝင်သွားလေပြီ။ ကျာပွတ်ကို တအားလွှဲသည်။ ကျာပွတ်သည် မြွေပျံတစ်ကောင်လို ရှမ်းခနဲ မြည်ဟိန်းကာ မြောက်ကြွတက်သွားသည်။

မိုးပျံနဂါးကျာပွတ်သိုင်း၏ အားအပြင်းဆုံးနှင့် ကြောက်စရာ အကောင်းဆုံး တိုက်ကွက်ကို တုတ်လိုက်ကြောင်း ရန်မိန်ကျန်း ရိပ်မိလိုက်သည်။

ထိုအချိန်တွင် လိမ့်ထွက်သွားသော ဝမ်မိန်ထန်မှာ အရှိန်ရပ်တန့်သွားကာစ ဖြစ်သည်။ ကိုယ်ဟန် ကောင်းကောင်းပြန်မထိန်းနိုင်သေး။ မြေပြင်တွင် ထဲလျက်သား အခြေအနေမျိုး ရှိနေသည်။



သည်လိုအခြေအနေတွင် မိုးပျံနဂါး ကျာပွတ်သိုင်း၏ အကြမ်းတမ်း အပြင်းထန်ဆုံးသောရိုက်ချက် အထိခံရလျှင် အသက်သေရဖို့သာ ရှိသည်။

ရန်မိန်ကျန်း ဘာမှ စဉ်းစားမနေနိုင်တော့။ ချန်ဖုန်းအင်း၏ ညာဘက်လက်မောင်းရင်းကို လက်ဝါးရိုက်ချက်တစ်ချက် ခပ်ဆတ်ဆတ် လှမ်းရိုက်ချလိုက်ရလေတော့သည်။

ချန်ဖုန်းအင်း၏ညာလက် ကျဉ်ခနဲဖြစ်သည်။ ညာလက်တွင် ကိုင်ထားသော ကျာပွတ်၏ အားအင်ကလည်း ချက်ချင်းပင် ယုတ်လျော့ပျက်ပြယ်ကုန်သည်။ ကျာပွတ်သည် ဝမ်မိန်ထန်ကို ထိတော့ထိသည်။ အားအင်မပါသောကြောင့် ဘာမှထိခိုက်မှုမရှိ။

ချန်ဖုန်းအင်း မြေပေါ်သို့ ယိမ်းယိမ်းယိုင်ယိုင် ပြန်ကျလာသည်။ ဝမ်မိန်ထန်က ဆတ်ခနဲ ခုန်ထကာ ချန်ဖုန်းအင်းကို ရင်ဆိုင်သည်။

"ညီမ အရမ်းမလုပ်နဲ့"

ရန်မိန်ကျန်းက လှမ်းအော်လိုက်သည်။ ဝမ်မိန်ထန်လည်း အကြမ်းပတမ်း မတိုက်ခိုက်တော့။ ချန်ဖုန်းအင်းကို သွေးကြောထိုးပိတ်ခြင်းသာ ပြုလိုက်၏။ ချန်ဖုန်းအင်းမှာ ရန်မိန်ကျန်း ဖြတ်ရိုက်တားဆီးသည့် လက်ဝါးရိုက် အထိခံခဲ့ရပြီး တစ်ဖန် ညာတံတောင်ဆစ်ကိုလည်း ထုံကျဉ်သွားအောင် ရိုက်နှက်ခြင်းခံရမှုကြောင့် သိုင်းဟန်ပျက်ကာ အားအင်တွေလည်း လျော့ပါးနေချိန်ဖြစ်ရာ ဝမ်မိန်ထန်၏ အကြောပိတ်ခြင်းကို ဘယ်လိုမှ မခုခံနိုင်တော့ပါ။

ထိုအချိန်တွင် ရန်ကျောက်ယုက ရန်မိန်ကျန်းကို အတင်းတရကြမ်း တိုက်ခိုက်နေ၏။ ရန်မိန်ကျန်း အသေအလဲ ရှောင်နေရသည်။

"ဘိုးဘိုး....သတိထားပါ ဘိုးဘိုး၊ အရမ်းမလုပ်နဲ့၊ ရပ်ပါတော့ ဘိုးဘိုး"

ပါးစပ်မှလည်း တရစပ် ပြောဆိုနေသည်။ ရန်ကျောက်ယုကတော့ သရဲဘီလူးစီးနေသလို အတင်းပင် တိုက်ခိုက်နေလေရာ ဓားချက်တို့က ရန်မိန်ကျန်းကို ထိလုခုတ်လုပင် ဖြစ်၍ဖြစ်၍ နေသည်။

သည်အတိုင်းသာဆို မကြာမီ ရန်မိန်ကျန်း ဓားစာမိကာ အထိနာတော့မှာမို့ ဝမ်မိန်ထန်လည်း မနေသာတော့ဘဲ တိုက်ပွဲထဲပြေးဝင်ကာ ရန်ကျောက်ယုကို အကြောထိုးပိတ်ပစ်လိုက်ရလေတော့သည်။

ရန်ကျောက်ယုမှာလည်း စောစောက ရန်မိန်ကျန်း ဆီးကြိုပိတ်ဆို့ရိုက်နှက်သည့် လက်ဝါးရိုက်ချက် အထိခံထားရသည့်ဒဏ် ရှိနေသည်။ သည်ကြားထဲတွင် ရှိသမျှ အားအင်တွေအကုန်သုံးကာ ခေါသတကြီး တရကြမ်း ထိုးနှက်တိုက်ခိုက်နေသောကြောင့် အားအင် ကုန်ခန်းမှုလည်း မြန်နေသည်။ ရန်မိန်ကျန်းကိုသာ အပြတ် မဲနေသောကြောင့် ဝမ်မိန်ထန်ပြေးဝင်လာသည်ကိုပင် သတိမပြုနိုင်။

ထို့ကြောင့် သိုင်းပညာအရရော တိုက်ပွဲအတွေ့အကြုံအရပါ ဝမ်မိန်ထန်ထက် သာလွန်သော်လည်း အကြောထိုးပိတ်ခံရလျက် ခွေပျော့ ငြိမ်ကျသွားလေတော့သည်။



ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့သည် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ကို ဘယ်လိုမှ စုံစမ်းရှာဖွေမရဘဲ မျက်ခြည်ပြတ်သလို ဖြစ်နေခဲ့သည်။ တစ်နှစ်တာမျှကြာအောင် နေရာအနှံ့လိုက်လံစုံစမ်းခဲ့သော်လည်း ဘာသတင်းအစအနမျှ မရခဲ့ကြပေ။

နောက်ဆုံးတွင် သွေးနီဂေဟာသို့ သွားရောက်ကာ အတိအလင်း စိန်ခေါ်ကာ မေးကြမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ သွေးနီဂေဟာသို့သွားရန် ဆိပ်ကမ်းနီသို့ရောက်အလာ ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ကို ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ကြရသည်။

ဝမ်မိန်ထန်ကိုမြင်ရသည်နှင့် ရန်ကျောက်ယုတို့သည်ဒေါသအမျက်ချောင်းချောင်းထွက်ကာ စိတ်ကို မထိန်းနိုင်ကြတော့ဘဲ တစ်ခါတည်းအတင်းပြေးဝင်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ပေသည်။

* * *

"သူတို့က ဘာကြောင့် ဒီလောက် သဲကြီးမဲကြီး တိုက်ခိုက်ကြရတာလဲ"

ရန်ကျောက်ယုကို အကြောထိုးပိတ်ပြီးနောက် ဝမ်မိန်ထန်က မေးသည်။ သည်လို အကြမ်းပတမ်း အငြိုးကြီးကြီး တိုက်ခိုက်မှုမျိုး ဝမ်မိန်ထန် မတွေ့ဖူးသေးပါ။ သည်မျှလောက် အပြင်းအထန် တိုက်ခိုက်ရမှုတွင် အကြောင်းရင်း ကောင်းရှိရမည်ဟု စဉ်းစားမိကာ မေးလိုက်သည်။

"ညီမ ဒဏ်ရာရသွားသေးလား"

"နည်းနည်းပါးပါး ရှပ်ထိမိတဲ့ အပြင်ဒဏ်ရာလေးတွေပါ၊ အရေးမကြီးဘူး၊ ကျွန်မ မေးတာသာ ဖြေစမ်းပါ၊ သူတို့က ဘာကြောင့် တိုက်ခိုက်ကြရတာလဲ"

"တို့ရဲ့ ဒေါ်ကြီးနဲ့ ဦးကြီးနှစ်ယောက် သွေးနီအဆိပ်အပ်တွေ အထိခံရပြီး သေဆုံးခဲ့ရတာ ညီမရဲ့လက်ချက်လို့ ဘိုးဘိုးနဲ့ ဒေါ်လေးက ထင်နေကြတယ်၊ ဒါကြောင့် သူတို့ အခုလို တိုက်ခိုက်ကြတာပဲ"

အကြောင်းဆိုက်လာပြီမို့ ရန်မိန်ကျန်းက ပြောလိုက်၏။

"အို....မဟုတ်တာ၊ ကျွန်မ.... ကျွန်မ သူတို့ကိုမသတ်ဘူး၊ အဲဒါ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး"

ဝမ်မိန်ထန်က ထိတ်လန့်တုန်လှုပ်စွာ ငြင်းသည်။

"ညီမပြောတာ အမှန်ပဲနော်"

"အမှန်ပါ အစ်ကိုရယ်၊ ညီမ သူတို့ကို မသတ်ပါဘူး"

ဝမ်မိန်ထန်၏နှုတ်မှ သည်စကား ကြားရသည့်အတွက် ရန်မိန်ကျန်း အတန်ငယ် စိတ်သက်သာရာရသည်။

"ညီမ တကယ်မသတ်ဘူးဆိုရင် အကျိုးအကြောင်း သေသေချာချာ ရှင်းပြလိုက်ပါ၊ သူတို့ကို သွေးကြော အရင်ဖွင့်ပေးလိုက်ပါဦး"

ဝမ်မိန်ထန်က ရန်မိန်ကျန်းကို ကြည့်သည်။ သွေးကြော ဖြေဖွင့်ပေးလိုက်လျှင် ရန်ကျောက်ယုတို့က စောစောကလို အတင်း တိုက်ခိုက်လာကြမှာကို တွေးပူသည်။



"အကြောသာဖွင့်ပေးလိုက်ပါညီမ၊ သူတို့ အေးအေးသက်သာ နားထောင်ကြပါစေ၊ ဒါမှ အားလုံးရှင်းရှင်းလင်းလင်းဖြစ်မှာ"

ဝမ်မိန်ထန်လည်း ဘာမျှ စောဒကတက် မနေတော့ဘဲ ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့၏ အပိတ်ခံထားရသော သွေးကြောများကို ဖြေဖွင့်ပေးလိုက်သည်။

"သူရှင်းပြတာကို သေသေချာချာ နားထောင်ပါလို့ တောင်းပန်ပါတယ်၊ ပြီးမှ ဘိုးဘိုးနဲ့ဒေါ်လေးတို့ ကြိုက်သလို ဆုံးဖြတ်ကြပါ"

ဝမ်မိန်ထန် အကြောဖြေဖွင့်ပေးချိန်တွင် ရန်မိန်ကျန်းက ပြောသည်။

ရန်ကျောက်ယုနှင့်ချန်ဖုန်းအင်းတို့ အထင်အမြင်လွဲနေမှုကို ဝမ်မိန်ထန်က ကြေလည်အောင် ဖြေရှင်းပြနိုင်လိမ့်မည်ဟု သူ ယုံကြည်သည်။

သို့သော်....

အနှောင့်အယှက်တစ်ခုက ရုတ်တရက်ပေါ်လာလေသည်။

* * *

"ဒီမိန်းကလေးက စကားတတ်တတ်နဲ့ ယုတ္တိယုတ္တာရှိရှိ လှည့်စားပြောမှာတွေကို နားထောင်မနေကြပါနဲ့၊ ဒေါ်ကြီးနဲ့ ဦးကြီးတွေအတွက် သူ့ကို လက်တုံ့ပြန်အပြတ်ရှင်းပစ်တာ အကောင်းဆုံးပဲ"

စကားသံနှင့်အတူ ချန်မေလင် ချုံပုတ်ကြီးတစ်ခုနောက်ကွယ်မှ လျှောက်လှမ်းထွက်လာသည်။ သူမနှင့်အတူ လင်ယန်မင်း ပါလာသည်။ မြေမင်းသား ပိုင်မုစိမ်းက နောက်မှ အသာလိုက်ပါလာသည်။

ရုတ်တရက် ချန်မေလင်ပေါ်လာသောကြောင့် အားလုံးပင် အံ့သြသွားကြသည်။

ချန်မေလင်သည် ဝမ်မိန်ထန်နှင့်ရန်မိန်ကျန်းတို့ကို သွေးနီဂေဟာကို သွားလိမ့်မည်ဟု တွက်ဆကာ သွေးနီဂေဟာသို့ သွားရာလမ်းတစ်လျှောက် ပိတ်ဆို့ရှာဖွေခဲ့သည်။ ဝမ်မိန်ထန်တို့ကဖြတ်လမ်းများမှသွားနိုင်သောကြောင့် ချန်မေလင် လမ်းပိတ်ဆို့ရှာဖွေမှုနှင့် ရင်မဆိုင်ရဘဲ လွတ်သွားသည်။

ချန်မေလင်တို့သည် သွေးနီဂေဟာသို့ အတိအလင်းသွားရောက်ဖို့လည်း မလုပ်ရဲသောကြောင့် ဆိပ်ကမ်းနီအနီးတွင် လျှို့ဝှက်စွာ ပုန်းအောင်းကာ အလှည့်ကျလူလဲ၍ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေခဲ့ကြသည်။

သိုင်းရေးခုနစ်သွယ်ကျမ်းကို အရမ်းကို တပ်မက်လိုချင်နေသော ချန်မေလင်သည် သူများထက်ပိုဇွဲကြီးသည်။ မီးဖွားချိန်မှလွဲ၍ အချိန်ပြည့်လိုလိုပင် ဆိပ်ကမ်းနီအနီးတွင်ရှိနေခဲ့သည်။

နောက်ဆုံး ရန်မိန်ကျန်းရောက်လာတာတွေ့ရသည်။ ယာယီတဲတွေဘာတွေလုပ်ထားလည်းမြင်ရသည်။ ဝမ်မိန်ထန် သံလှေငယ်စီးကာ ရောက်လာလျက် ရန်မိန်ကျန်းနှင့် တွေ့သည်ကိုလည်း တွေ့မြင်သိရှိနေခဲ့သည်။



ဝမ်မိန်ထန်နှင့် ရန်မိန်ကျန်းတို့ ပြောကြသည့်စကားထဲမှ သိုင်းရေးခုနစ်သွယ်ကျမ်းအကြောင်းသတင်း တစ်စွန်းတစ်စ ကြားရလိုကြားရငြား အသာ စောင့်နားထောင်ကြည့်နေကြခိုက် ရန်ကျောက်ယုတို့ ရောက်လာကြသည်။

ရန်ကျောက်ယုတို့မှာ ဝမ်မိန်ထန်ကိုသာ အာရုံစိုက်ကာ ရောက်လာ၍ တွေ့မိသည်နှင့် အတင်းဝင်တိုက်ခိုက်ကြလေရာ ချန်မေလင်တို့သုံးယောက် ပုန်းအောင်းစောင့်ကြည့်နေသည်ကိုပင် မသိနိုင်ခဲ့ကြပေ။

မိမိအကွက်ဆင်ဖန်တီးခဲ့သလို ဖြစ်လာသည်မို့ ချန်မေလင်သည် တိုက်ပွဲကိုအသာပင် ဆက်ကြည့်နေခဲ့သည်။

ယခု ဝမ်မိန်ထန်က အကျိုးအကြောင်းပြောဆို ဖြေရှင်းတော့မည့်အခြေအနေရောက်လာတော့မှ ပြဿနာရှင်းမရဘဲ ရှုပ်တွေးကုန်အောင်လုပ်ဖို့အကြံနှင့် ချန်မေလင်ထွက်လာခြင်းဖြစ်ပေသည်။

“ဟော...ချန်မေလင်၊ မင်းနဲ့တို့နဲ့ သွေးသောက်မောင်နှမ၊ တို့မိဘနဲ့ မင်းအမေတို့က အသိအမှတ်ပြုကြပြီးပြီ၊ အဲဒါ မင်းသိရဲ့လား”

ချန်မေလင်ကိုတွေ့သောအခါ ရန်မိန်ကျန်းက ပြောသည်။ ရန်မိန်ကျန်းသည် ချန်မေလင်ကို ဘဝခရီးဖော်အဖြစ် လက်ထပ်ရန် မလိုလားသော်လည်း ခင်မင်မှု သံယောဇဉ်တော့ရှိသည်။ သွေးသောက်ညီမတော်အဖြစ် လိုလိုလားလားလက်ခံသည်။

"ဟုတ်ကဲ့၊ မေမေပြောပြလို့သိပြီးပါပြီ၊ သွေးသောက်အစ်ကိုတော်ကို ဂါရဝပြုပါတယ်"

ချန်မေလင်က ရန်မိန်ကျန်းကို ဦးညွှတ်အရိုအသေ ပေးသည်။ ရန်မိန်ကျန်းကလည်း တုံ့ပြန်ဂါရဝပြုသည်။

ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့က မျက်မှောင်ကြုတ်ကာ ကြည့်နေကြသည်။ သူတို့၏စိတ်ထဲတွင်တော့ အတော်ပင် ရှုပ်ထွေးချနေပါသည်။

"သွေးသောက်ညီမရောက်လာတာအတော်ပဲ၊ ဝမ်မိန့်ထန် ရှင်းပြတာကို တစ်ခါတည်း ကြားရတာပေါ့"

ရန်မိန်ကျန်းက ပြောသည်။

"ကျွန်မတို့သွေးသောက်မောင်နှမဖြစ်ပြီဆိုတော့ အစ်ကို့ရဲ့ ဒေါ်ကြီး ဦးကြီးတွေဟာလဲ ကျွန်မနဲ့ ဆွေမျိုးတော်သွားပြီ၊ ဒီမိန်းကလေးကို ဒေါ်ကြီး ဦးကြီးတို့အတွက် ရန်ကြေးဆပ် လက်တုံ့ပြရှဖို့ပဲရှိတော့တယ်၊ သူပြောတာတွေ နားထောင်နေစရာမလိုပါဘူး"

ချန်မေလင်ကပြောပြောဆိုဆို ဝမ်မိန့်တန့်ထံသို့ ခုန်လွှားဝင်ကာ ညာလက်ဝါးဖြင့် ဖြတ်ရိုက်ချသည်။

ချန်မေလင်၏ ညာလက်ဝါးရိုက်ချက်ကို တွေ့မြင်ရင်ဆိုင်ရသောအခါ ဝမ်မိန့်ထန်၏မျက်နှာပေါ်တွင် အမူအရာ တစ်မျိုး ရုတ်တရက်ပေါ်ပေါက်သည်။ စိတ်အာရုံလည်း အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်သည်။

ထို့ကြောင့် တုံ့ပြန်တိုက်ခိုက်ရာတွင် အတန်ငယ် နှောင့်နှေးနှေးဖြစ်သည်။



ဝမ်မိန့်ထန် ပြန်လည်ခုခံတိုက်ခိုက်သောအခါတွင် ချန်မေလင်၏ညာလက်ဝါးရိုက်ချက်က တိုးဝင် ရောက်ရှိလာလေပြီ။ ဝမ်မိန့်ထန်၏ညာဘက်ရင်နှင့်အထက်ပိုင်းကို ရိုက်မိသည်။

ဝမ်မိန့်ထန် ပက်လက်လန် လဲကျသည်။

"သွေးသောက်ညီမ အရမ်းမလုပ်နဲ့"

ရန်မိန်ကျန်းက အော်ဟစ်ရင်း ချန်မေလင်ကို ဝင်ရောက်တားဆီးသည်။

"သွေးသောက်အစ်ကို ဖယ်ပါ၊ ဒီမိန်းကလေးနဲ့ စာရင်းရှင်းရမယ်"

ချန်မေလင်က တင်းတင်းမာမာ ပြောသည်။

"နေဦးလေ၊ သူရှင်းပြတာကို နားထောင်ပါဦး"

"ဘာနားထောင်စရာလိုလဲ၊ ဒေါ်ကြီးနဲ့ဦးကြီးတို့ကသွေးနီအဆိပ်အပ် တစ်ပြုံကြီးအထိခံရပြီး မရှုမလှသေခဲ့ရတာ၊ သွေးနီအဆိပ်အပ်ကိုသုံးနိုင်တာ သူတစ်ယောက်ပဲရှိတယ် သူတရားခံပဲ၊ ဘိုးဘိုးနဲ့ ဒေါ်လေးကကော ဘာတွေဝေနေတာလဲ၊ သူ့ကို အမိဖမ်းပြီး အပြစ်မစီရင်တော့ဘူးလား"

ချန်မေလင်က ရန်ကျောက်ယုတို့ကိုပါ လှမ်းပြောသည်။

ရန်ကျောက်ယုနှင့်ချန်ဖုန်းအင်းတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။ သူတို့ ဘာလုပ်ရမည်ကို ရုတ်တရက် မဝေခွဲနိုင်ကြ။

"ရှင့်ရဲ့ ဒေါ်ကြီးနဲ့ ဦးကြီးတွေကိုသတ်ခဲ့တာ ချန်မေလင်ပဲ၊ သူကမှ တရားခံအစစ်"

ဝမ်မိန်ထန်က လဲပြိုကျသွားရာမှ ပြန်ထလာကာ အသံ စူးစူးဖြင့် ပြောသည်။

ကြားရသူများ တအံ့တသြဖြစ်ကုန်ကြသည်။

"လျှောက်ပြောမနေနဲ့၊ သွေးနီအဆိပ်အပ်ကို ငါကဘယ်က သွားရနိုင်မှာလဲ၊ အဲဒါ နင်တစ်ယောက်ပဲသုံးတဲ့ လက်နက် မဟုတ်လား"

ချန်မေလင်က ဒေါသတကြီးပြောသည်။ ရှေ့မှ ကာဆီး ထားသော ရန်မိန်ကျန်းကို ဆွဲဖယ်ကာ ဝမ်မိန်ထန်ရှိရာသို့ စိုး ဝင်သည်။

"နေဦး"

ရန်မိန်ကျန်းက ချန်မေလင်၏ ညာလက်မောင်းကို ဖမ်းဆွဲ ထားသည်။ ချန်မေလင် ခြေလှမ်းတုံ့သွားသည်။

"သူတို့နဲ့တိုက်ခိုက်ရင်း ကျွန်မ လွတ်ကျကျန်ခဲ့တဲ့ သွေးနီ အဆိပ်အပ်အိတ်ကို သူကောက်ရသွားတာ၊ သူ့ ညာလက်ဝါး ကိုကြည့် အမည်းစက်တွေရှိတယ်၊ အဲဒါ သွေးနီအဆိပ်အပ်ကို ထိကိုင်အသုံးချခဲ့လို့ သူ့သွေးနဲ့မတည့်ဘဲ သွေးအဆိပ်ဖြစ်ခဲ့တဲ့ ဒဏ်ရာတွေ"

ဝမ်မိန်ထန်ကပြောသည်။

ရန်မိန်ကျန်းလည်း ချန်မေလင်၏ညာလက်ကို ဆွဲယူကြည့် သည်။ ချန်မေလင်က အကြည့်မခံ ရုန်းထွက်သည်။ သို့သော် သူမ၏ ညာလက်ဝါးပေါ်တွင် အမည်းစက်များရှိနေသည်ကို တော့ မြင်လိုက်ရသည်။ ရန်ကျောက်ယုကလည်း လှမ်းတွေ့ လိုက်သည်။



"လျှောက်ပြောမနေနဲ့၊ နင်သာတရားခံ၊ နင်သတ်တာဟ၊ နင်သတ်တာ"

ချန်မေလင်က အရူးတစ်ယောက်လို အသံကုန် အော်ဟစ် ကာ ရန်မိန်ကျန်းဆွဲထားသည်မှ အတင်းရုန်းကန် ထွက်သည်။ ဓားရှည်ကိုလည်း အမြန်ဆွဲထုတ်ကာ ဝမ်မိန်ထန်ကို ဝင်ပိုင်းချ သည်။

ခက်စက်သောဓားကွက်။

ရန်မိန်ကျန်းကချန်မေလင်အားနောက်ကျောကို လက်ဝါး နှင့် ဆတ်ခနဲ လှမ်းရိုက်သည်။ အားအင်အပြည့်မထည့်ပါ။ ချန် မေလင်၏ အားအင် ယုတ်လျော့၍ ဓားချက် မပြင်းရန်သာ ရည်ရွယ်၍ ဟန့်တားရိုက်ချခြင်းဖြစ်သည်။

ဝမ်မိန်ထန်ကလည်း ချန်မေလင်ကို လက်ဝါးရိုက်ချက်ဖြင့် ဆီးကြိုသည်။ ချန်မေလင်၏အတင်းတိုးလာမှု တုံ့ရပ်သွားရန် ဟန့်ကွက်ဆင်လိုက်သည့် ရိုက်ချက်ဖြစ်သည်။ ချန်မေလင် တုံ့ ရပ်သွားလျှင် ဓားရှည်ကို အရလုယူဖို့ ကြံထားသည်။

"ဖတ် ဖတ်"

လက်ဝါးရိုက်ချက်နှစ်ချက် ပြိုင်တူပင်ထိမိသည်။ ဝမ်မိန် ထန်နှင့် ရန်မိန်ကျန်းတို့က ချန်မေလင်ကို ရှေ့နောက်ညှပ်ကာ ရိုက်ချက်လိုက်သည့်အခြေအနေဖြစ်သွားသည်။ လက်ဝါးရိုက် ချက်နှစ်ခု၏ အားအဟုန်တို့သည်လည်း ချန်မေလင်၏ ခန္ဓာကိုယ် ပေါ်တွင် ဆုံမိဆိုင်မိကြသည်။ အားချင်းဆိုင်မှု၏ သဘာဝ အတိုင်း အားအင်နှစ်ဆတိုးကာ ပြင်းထန်သွားသည်။

"အင့်"

ချန်မေလင် ညည်းသံတစ်ချက်ပြုသည်။ ပါးစပ်မှသွေးများအန်ထွက်သည်။ ညာလက်ထဲရှိဓားရှည်လည်း လွတ်ထွက်ကာလွင့်ပျံကြွတက်သည်။ ချန်မေလင်သည် ဓားရှည်ကို အားအင်အပြည့်သုံးကာ တအားထိုးနှက်ခုတ်ပိုင်းချရာ လက်ဝါးရိုက်ချက်နှစ်ခု ညှပ်အရိုက်ခံရမှုကြောင့် ဓားခုတ်ချက်တွင် ထည့်သုံးထားသော အားအင်များ လမ်းကြောင်းအမျိုးမျိုး ပြန့်ကျဲလွင့်ပါးကာ ဓားရှည်လည်း မြောက်ကြွပျံတက်လာခြင်း ဖြစ်သည်။

တားဆီးရန်သာရည်ရွယ်၍ရိုက်နှက်လိုက်သော်လည်း မထင်မှတ်သော အခြေအနေပြောင်းလဲမှုကြောင့် ချန်မေလင် အထိနာသွားကြောင်းသိသည်နှင့် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့က လက်ဝါးရိုက်ချက်များကို ချက်ချင်း ရုပ်သိမ်းလိုက်ကြသည်။

ချန်မေလင်၏ကိုယ် ယိမ်းယိုင်လဲပြိုကျသည်။ ရန်မိန်ကျန်းက ဆီး၍ဖေးမမည်အပြု လွင့်ပျံမြောက်တက်ရာမှ ပြန်ကျလာသော ဓားရှည်က ချန်မေလင်၏ သေကွင်းသေကွက် နေရာတည့်တည့်ပေါ်သို့ တိုက်ဆိုင်စွာပင် ထိုးစိုက်မိသည်။

"ဟာ"

ရန်မိန်ကျန်း အလန့်တကြားရေရွတ်သည်။ ချန်မေလင်ကိုလည်း အမြန်ပင်ဖေးမပွေ့လိုက်သည်။ အသက်ကင်းမဲ့နေပြီဖြစ်သော ကိုယ်ခန္ဓာကိုသာ ပွေ့ပိုက်မိသည်။

"ခင်ဗျားတို့ သူ့ကို သတ်လိုက်ကြပြီလား"



လင်ယန်ပင်းက ဝမ်းနည်းသံကြီးနှင့် ပြောလာသည်။

"သူတို့သတ်လို့ သေသွားတာ မဟုတ်ပါဘူး၊ သူတို့က ဟန့်တားရုံ တိုက်ခဲ့ကြတာ၊ ချန်မေလင်က အရမ်းကာရော အတင်းတိုက်ခဲ့တာကြောင့် သူ့အင်အား သူ မထိန်းနိုင်ဘဲ သူ့ဓားရှည်က သူ့ပြန်ခုတ်မိပြီး အခုလိုဖြစ်သွားတာ မင်းကိုယ်တိုင်လဲ အမြင်ပဲ၊ သူများကို အရမ်းမစွပ်စွဲနဲ့"

ရန်ကျောက်ယုက ဝင်ပြောသည်။

လင်ယန်ပင်းမှာလည်း ဖြစ်ပျက်ပုံအလုံးစုံကို မျက်မြင်ဖြစ်နေပေရာ ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့ကို အတင်းစွပ်စွဲခြင်း မပြုသာတော့။ ချန်မေလင်ကိုသာ အသာပွေ့ယူသည်။ ရန်မိန်ကျန်းကလည်း လက်လွှတ်ပေးလိုက်သည်။

မည်သို့ဆိုစေ သူ၏စိတ်ထဲတွင်တော့ အရမ်းကို ထိခိုက်မိနေသည်။

"သူ ဘယ်လို ရက်စက်တဲ့ပြစ်မှုကို ယုတ်ယုတ် မာမာ ကောက်ကောက်ကျစ်ကျစ် ကျူးလွန်ခဲ့တယ်ဆိုတာလဲ ပေါ်လွင်နေပြီ၊ သူ့တရား သူစီရင်သလို ဖြစ်သွားတာပဲ ကောင်းပါတယ်လေ၊ မဟုတ်ရင်လဲ သူကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေအတွက် အပြစ်ဒဏ်ကို သူခံရမှာပဲ"

ချန်ဖုန်းအင်းက ပြောသည်။

လင်ယန်ပင်းသည် ချန်မေလင်၏ အလောင်းကို ယူကာထွက်သွားသည်။ ပိုင်မုစိမ်းမှာလည်း ဘာမျှ မလုပ်သာသည့်အတွက် လင်ယန်ပင်းနှင့်အတူ လိုက်ပါသွားလေသည်။

* * *

"မင်းတို့အပေါ်မှာ အထင်အမြင်လွဲမိတာကို တောင်းပန်ပါတယ်၊ ငါတို့ ဆင်ခြင်စဉ်းစားတာကလဲ တိမ်းစောင်းလို့ ချော်ခဲ့တာကိုး"

ရန်ကျော်ကက ဝမ်မိန်ထန်နှင့် ရန်မိန်ကျန်းတို့ကိုတောင်းပန်စကားဆိုသည်။

"မင်းတို့ နှစ်ယောက် စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ"

ချန်ဖုန်းအင်းက ဆုမွန်တောင်းသည်။

ရန်ကျော်ယုနှင့် ချန်ဖုန်းအင်းတို့သည် ရန်မိန်ကျန်းတို့အား နှုတ်ဆက်ကာ ထွက်ခွာသွားကြသည်။

"အခုလို အားလုံး သံသယ ကင်းရှင်းသွားတာ ဝမ်းသာစရာပဲ၊ ချန်မေလင် အတွက်တော့ စိတ်မကောင်း ဖြစ်မိတယ်"

ရန်ကျော်ယုတို့ ထွက်သွားကြပြီးသောအခါ ရန်မိန်ကျန်းက ပြောသည်။

"သူ ဒီလိုမျိုး အကြံရှင်းရိုင်းနဲ့ လုပ်ခဲ့မယ်လို့ ကျွန်မလဲ မထင်ခဲ့ပါဘူး၊ သူ့အပြစ် သူခံသလိုဖြစ်သွားပေမယ့် ကျွန်မလဲ စိတ်မကောင်းဘူး ကျန်ရစ်ခဲ့တဲ့ သူ့ရဲ့ အမြွာသားသမီးတွေကိုတော့ ကျွန်မတို့ တတ်နိုင်သလောက် ကြည့်ရှုစောင့်ရှောက်ပေးကြတာပေါ့"



"ဟုတ်တယ်၊ သိုင်းရေးခုနစ်သွယ်သိုင်းကျမ်းကို ဟိုလူတွေ လက်ထဲက ပြန်ရယူနိုင်ပြီးရင် တူလေးနဲ့ တူမလေးကို သွားကြည့်ရမယ်"

"သိုင်းရေးခုနှစ်သွယ်ကျမ်းကို ဟိုလူတွေ ရမသွားကြပါဘူး အစ်ကို"

"သူတို့ရမသွားဘူး ဟုတ်လား၊ ဒါက ဘယ်လိုဖြစ်တာလဲ...."

"လိုဏ်ဂူထဲက သူတို့ယူသွားတာက သိုင်းကျမ်းမပါတဲ့ ပစ္စတစ်ခုကိုသာ ထည့်ထုပ်ထားတဲ့ အထုပ်လေ"

"အဲဒါကို ညီမက ဘယ်လိုလုပ် သိနေတာလဲ"

"ကျွန်မ ကိုယ်တိုင် လဲထည့်ပေးလိုက်တာပဲ သိတာပေါ့"

"သိုင်းကျမ်းအစစ်က ဘယ်မှာလဲ၊ ပြောစမ်းပါဦး"

"ကျွန်မတို့ ဒဏ်ရာရတုန်းက ဂင်ပုန်း အောင်းခဲ့ရတဲ့ အဆောက်အအုံပျက်ရဲ့ မြေအောက် လှိုဏ်ခန်းထဲမှာ ဝှက်ထားတာယ်"

"ဟုတ်လား ဒါဆိုသွားယူကြရအောင်"

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့သည် အဆောက်အအုံပျက် မြေအောက် လှိုဏ်ခန်းသို့သွားကာ သိုင်းရေးခုနစ်သွယ် ကျမ်းကို ယူခဲ့ကြသည်။ ထိုသိုင်းကျမ်းကို သိုင်းလောက၏ ခေါင်းဆောင် သိုင်းအဖွဲ့အစည်းများ ဖြစ်ကြသော ရှောင်လင်၊ ဝူတန်း၊ ခွန်လွန်၊ အော့မေနှင့် ချီကိုက်ဂိုဏ်းတို့မှ အကြီးအကဲများကို ဖိတ်ခေါ်ကာ အားလုံးမျက်နှာစုံညီ ရှေ့မှောက်တွင် အကျိုးအကြောင်း ပြောဆိုကာ အပ်နှံလိုက်ကြသည်။

သိုင်းလောက အကြီးအမှူးအားလုံး၏ သဘောတူခွင့်ပြုချက်ဖြင့် ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့က သိုင်းရေးခုနစ်သွယ်ကျမ်းကို တစ်နှစ်တာမျှ ရယူကာ လေ့လာသင်ကြားခဲ့ကြလေသည်။

ထို့နောက် သူတို့နှစ်ယောက်လက်တပ်ခဲ့ကြရာ သိုင်းလောကတွင် ထင်ရှားသော သိုင်းမောင်နှံတစ်စုံ ဖြစ်လာခဲ့လေတော့သည်။

ပြီးပါပြီ။

တက္ကသိုလ်ဝင်းကြွယ်